www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဗေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်၊

မျက်နှာဖုံး- မောင်နေကြည်

အတွင်းပန်းချီ- ကေလတ်

ကွန်ပျူတာ-ဇာနည်မော်

စာအုပ်ချုပ်- ဇာနည်

အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၈၊ စက်တင်ဘာလ


တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။

ဖုန်း၊ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈


BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


၁။ ခေါင်းပြတ်တောင်စောင့်မဖဲဝါ  စာ-၅

၂။ ကိုယ်ပျောက်မှော်  စာ-၄၉

၃။ လူခြောက်မယား  စာ-၈၇

၄။ သရဲပေတဲ့လူ  စာ-၁၂၂


BURMESE CLASSIC .com



# ခေါင်းပြတ်တောင်စောင့်မဖဲဝါ

အညာမိုးဗျူ။

မိုးလေးတပြိုက်ရွာလိုက်၊ လေကလေးဖြူးလိုက်။ မြေသင်းနံ့ကလေးကလှိုက်တက်လာလိုက်နဲ့ ကျုပ်တို့အညာသားတွေ မျှစ်ချိုးမှိုနုတ်လုပ်ကြတဲ့အချိန်ပေါ့ဗျာ။ တခါတခါတော့လည်း မိုးဦးလေဦးတွေ

အရှေ့ဘက်ကောင်းကင်ဘပေ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းသွားဗျ။ တောင်ကျချောင်းရေတွေကျလို့ သဲချောင်းတွေကို ဖြတ်မကူးရဲကြတော့ဘူးလေဗျာ။

တောင်ကျချောင်းရေလာပြီဆိုရင် သဲချောင်းထဲဖြတ်ကူးဖို့က အခက်သားလားဗျ။ ဒါကတော့ကျုပ်တို့ အညာသားတွေ မှသိတာဗျို့။ ရေစီးကြမ်းနေတဲ့အချိန် ရေအောက်ကသဲထဲမှာ ခြေကုတ်လို့ကိုမမိတာ။ တစ်နေရာထဲကြာကြာရပ်နေလို့ကတော့ ခြေထောက်အောက်ကသဲတွေ ရေစီးနဲ့ပါသွားပြီးလူပါရေစီးနဲ့မျောပါသွားရောဗျ။ ခြေကိုမြန်မြန်ပြန်နုတ်ပြီး ခပ်သွက်သွက်ကလေးဖြတ်ကူးရတာ။ ဒါတောင် ချောင်းဖြတ်ကူးခါနီး အထက်ဘက်ကိုမျှော်ကြည့်ရသေးတာဗျို့။ ချောင်းရေထဲမှာ အမြှုပ်တွေထနေလို့ကတော့ မကူးလေနဲ့။ ချောင်းအထက်ပိုင်းမှာ မိုးညို့နေပြီဆိုရင် အရဲစွန့် ပြီးဖြတ်ဖို့မလုပ်လေနဲ့။ တောင်ကျချောင်းရေကျလာလို့ကတော့လူမပြောနဲ့ မြင်းပြေးရင်တောင်မလွတ်ဘူးဗျ။

"အရီးရေ အရီး၊ ဟာ..တာတေ အရီးရောကွ"

ကျုပ်က မန်ကျည်းပင်အောက်က ကွပ်ပြစ်ပေါ်မှာထိုင်ပြီးနှီးထိုးဖို့လုပ်နေတာဗျ။ အဘလုပ်ပေးထားတဲ့ နှီးဝါးလောင်းလေးငါးချောင်းကို အနေတော်လေးတွေစိပ်ပြီး နှီးထိုးနေတာလေဗျာ။ ဒီအချိန်မှာနှီးထိုးပြီးကျုပ်ခိုးစင်ပေါ်တင်ထားလိုက်ရင် နှီးစီးတစ်ခုလုံးကျပ်ခိုးရိုက်ပြီးညိုလာတာဗျ။ အဲဒီနှီးနဲ့ချည်လို့ကတော့လွတ်ခိုင်တာ။

ကျုပ်တို့အညာမှာက ဘာပဲချည်ချည်နှီးနဲ့ပဲချည်ကြတာလေ





ဗျာ။ သက်ကယ်မိုးလည်း နှီးနဲ့ချည်တာပဲ။ ခြံစည်းရိုးကာလည်း နှီးနဲ့ ချည်တာပဲ။ စကော၊ စကာရက်လည်းနှီးနဲ့ရက်တာပဲဗျ။

ကျုပ်က ဝိုင်းဝကခေါ်သံကြားတော့ နှီးထိုးရင်းနဲ့ မော့ကြည့်လိုက်တယ်။

"ဟာ..ကိုကြီးစိန်သောင်းပါလား။ လာလေဗျာ ကိုကြီးစိန် သောင်း အမေရှိပါတယ်ဗျ။ အိမ်နောက်မှာ ထမင်းချက်လို့"

ကိုကြီးစိန်သောင်းက ကျုပ်ကိုရယ်ပြပြီး ဝိုင်းထဲကိုဝင်လာတယ်။ ကိုကြီးစိန်သောင်းက ကျုပ်တို့ရွာမြောက်ပိုင်းမှာနေတာဗျ။ ဘိုးညိုတို့ဝိုင်းနဲ့ ခါးလွယ်ခုတ်မှာဗျ။ ကိုကြီးစိန်သောင်းတို့ဝိုင်းထဲမှာ သစ်တိုပင်ကြီးတစ်ပင်ရှိတယ်ဗျ။ အသီးသီးချိန်ဆိုရင် ရှဉ့်တွေတသော သောနဲ့ပေါ့ဗျာ။ ကျုပ်တို့ရွာသားတွေက ကိုကြီးစိန်သောင်းတို့ သစ်တိုပင်ကြီးက အသီးတွေကိုဆွတ်ပြီး ငပိချက်ချက်စားကြတာဗျ။ သစ်တိုသီးသီးချိန်ဆိုရင် ရှဉ့်တွေနဲ့ကျုပ်တို့ရွာသားတွေနဲ့ သစ်တိုသီးလုကြရတာပေါ့ဗျာ။ ကိုကြီးစိန်သောင်းက အိမ်ထောင်မရှိဘူးဗျ။ အသက်သုံးဆယ်ကျော်နေပြီ။ လူကအသားညိုညို၊ ဗလကောင်းကောင်း၊ မျက်ပေုံးနက်နက်ဗျ။ ဆံပင်ကိုအမြဲတမ်းကတုံးဆံတောက်လို့ခေါ်တဲ့ ခပ်တိုတိုညှပ်တာ။ လူကလွတ်ရိုးသားတာဗျ။ အလုပ်ကလည်းလွတ်လုပ်တဲ့လူ။ အလုပ်အားသွားရင်လည်း အငြိမ်နေတဲ့သူမဟုတ်ဘူး။ တောထဲတောင်ထဲသွားပြီး သစ်ခုတ်၊ ဝါးခုတ်အမြဲတမ်းလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ တောကြက်ထောင်တာယ်။ ယုန်လိုက်တယ်။ တစ်ခါတလေ တော
ဝက်တွေဘာတွေတောင် ဘိထောင်သေးတယ်။ ဘိထောင်တယ်ဆို
တာ၊ တောဝက်ကိုသောင်ချောက်ဆင်ထောင်တာကို ပြောတာဗျ။
သူ့အခ်ကို ကိုစိန်မောင်းကြီးက ကိုကြီးစိန်သောင်းလောက် အလုပ်
မလုပ်ဘူး။ ခပ်အေးအေးနေတာ။ သူလည်းလူပျိုကြီးပဲဗျ။ မိဘလက်
ငုတ်လက်ရင်း ယာတွေလုပ်ပြီး ခပ်အေးအေးနေကြတဲ့လူတွေပေါ့ဗျာ။
ကိုကြီးစိန်သောင်းက ကျုပ်အမေနဲ့အဘကိုလွှက်ခင်တာဗျ။ မကြာ
မကြာအိမ်လည်လာတယ်။

"တာတေတို့ကတော့ကွာ တယ်လည်းအလုပ်လုပ်တာကိုး
အားအားနေတယ်လို့ကိုမရှိဘူး။ ဘိုးဘွားနဲ့ယာထဲလိုက်လုပ်လိုက်
ရေစည်ခပ်ထင်းကိုက်လိုက်၊ ဘာအလုပ်မှမရှိရင်၊ နှီးဖြာ၊ တောင်းရက်၊
စကောရက်၊ စကာရက်လုပ်နေတာပဲ၊ ဒါကြောင့်လည်း ထနောင်း
ကုန်းတင်မကဘူး၊ ဘန့်ဘွေးကုန်းကအပျိုတွေကပါ မင်းကိုလွှက်သ
ဘောကျနေကြတာ"

ကိုကြီးစိန်သောင်းက ကျုပ်ကိုစတာဗျို့။

"ကိုကြီးစိန်သောင်းရယ် တော်စမ်းပါဗျာ။ မဟုတ်ကဟုတ်
ကတွေ"

"ဘာမဟုတ်ရမှာတုံးကွ၊ ဟချို့အပျိုတွေကပြောသေးသဗျ။
တာတေက ဘန့်ဘွေးကုန်းက ဖုန်းမလှယဉ်တစ်ယောက်ကိုပဲ မိန်းမ





ထင်တာနဲ့တူတယ်တဲ့။ ဟခြားအပျိုချောတွေကို တစ်ချက်တောင်မ
ကြည့်ဘူးတဲ့ဗျာ။ ဟုတ်လည်းဟုတ်တာပဲတာတေရဲ့"

ကိုကြီးစိန်သောင်းက ကျုပ်နီးထိုးနေတဲ့ကွပ်ပြစ်နားမှာရပ်ပြီး
ကျုပ်ကိုစနေကာဗျ။ ကျုပ်ကဘာမှပြန်မပြောဘဲရယ်နေလိုက်တယ်။

"ငါလည်းမင်းကိုသတိထားမိတယ်၊ ဘန့်ဘွေးကုန်းက
ဘိုးအောင်စိန့်သမီးလှယဉ်လေး သေသွားကတည်းက မုဆိုးဖိုကြီးလို
ကိုဖြစ်သွားတော့တာပဲကွာ၊ ဘယ်မိန်းကလေးကိုမှလည်းစိတ်မဝင်
စားတော့ဘူး"

"ကျုပ်စိတ်ထဲမှာ လှယဉ်ကအမြဲရှိနေတာဗျ၊ ကိုကြီးစိန်
သောင်းရဲ့"

ကျုပ်က ကျုပ်ရင်ထဲမှာရှိတဲ့အတိုင်းပြောလိုက်တာပါဗျာ။
ကိုကြီးစိန်သောင်းက မျက်နှာမျက်သွားရောဗျ။ ကျုပ်ပြောလိုက်တာကို
စိတ်မကောင်းဖြစ်သွားပုံပဲ။

"ငါကစတာပါကွာ၊ စိတ်မကောင်းမဖြစ်ပါနဲ့။ ငါ အစီးကို
မျှစ်တွေလာပို့တာပါ"

"ဘယ်ကမျှစ်တွေတုံးဗျ။ ကျုပ်တောင် တောင်ပေါ်တက်ပြီး
မျှစ်ချိုးရရင်ကောင်းမလားလို့ တွေးနေတာဗျ"

"ဒါက ဒီနားလေးတင်ချိုးထားတဲ့မျှစ်တွေကွ။ ဒီနားက
ခါတောင်တို့၊ ကြက်မရုန်းတို့ဘက်က ချိုးလာတာ။ ဟိုတစ်နေ့က



www.burmeseclassic.com

www.burmeseclassic.com



ငါကြက်သွားထောင်ရင်းနဲ့ ချိုးခဲ့တဲ့မျှစ်ကွ။ သိပ်မကောင်းလှပါဘူး။ ကောင်းတာက ခေါင်းပြတ်တောင်ကမျှစ်တွေကွ တာတေရ”

“ဗျာ..ခေါင်းပြတ်တောင်ဟုတ်လား ကိုကြီးစိန်သောင်း”

“အေးလေကွာ ခေါင်းပြတ်တောင်မှာက ဒီအချိန်ဆိုရင် မျှစ်တွေလွတ်ပေါပြီကွ။ မျှစ်ပေါတော့ တောဝက်တွေလည်းရောက်လာတတ်တယ်။ ငါတောင် တောဝက်ထောင်ရင်း ခေါင်းပြတ်တောင်ကို မျှစ်သွားချိုးမလားလို့ တွေးနေတာကွတာတေရ”

“ဟာ..ကိုကြီးစိန်သောင်းရယ် ခေါင်းပြတ်တောင်ဆိုတာ လူမသွားရဲတဲ့နေရာဗျ။ ဘယ်သူကမျှစ်သွားချိုးရဲမှာတုံး”

“ဟကောင့်တာတေရ လူတွေကတောပြောတောင်ပြောတွေလျှောက်ပြောနေတာပါကွာ။ ငါကတစ်နှစ်တစ်ခေါက်၊ နှစ်ခေါက်ရောက်နေကျကွ။ ခေါင်းပြတ်တောင်က တောကြက်သားနဲ့ တောဝက်သားကိုစားနေကျပါ။ ပြီးတော့ ခေါင်းပြတ်တောင်အကြောင်းကိုဒီနယ်မှာငါ့လောက်သိတဲ့သူ တစ်ယောက်မှမရှိပါဘူးကွာ”

“နို့..လူတွေကပြောတော့ ခေါင်းပြတ်တောင်မှာ ခေါင်းပြတ်သရဲကြီးရှိတယ်ဆိုဗျ”

“ဒါတော့ငါမသိဘူးတာတေ၊ ခေါင်းပြတ်တောင်မှာ အုတ်ဂူကြီးတစ်လုံးရှိတာတော့ ငါသိတယ်။ ဘယ်တုန်းက ဘယ်သူသေလို့မြှုပ်ထားတာလဲတော့မသိဘူးကွ”





“ဗျာ..ဟုတ်လားကိုကြီးစိန်သောင်း”

“အေးလေကွာ အုတ်ဂူကြီးမှအကြီးကြီးကွ၊ အချွန်အတက်တွေနဲ့လုပ်ထားတာကွ။ ငါ့စိတ်ထဲထင်တာ၊ ရှေးတုန်းကဘုရင်တွေ၊ မင်းညီမင်းသားတွေသေလို့မြှုပ်ထားတာထင်တယ်ကွ”

“အုတ်ဂူကတစ်လုံးတည်းလားဗျ”

“အေးတစ်လုံးတည်းကွ၊ တော်တော့်ကိုဟောင်းနေပါပြီကွာ ရေညှိတွေနဲ့မည်းနေတာပဲ”

“ခေါင်းပြတ်တောင်ကို ကိုကြီးစိန်သောင်းသွားတော့ တစ်ခါမှခြောက်တာလှန့်တာ မခံရဘူးလားဗျ”

“ဟာမခံရပါဘူးကွာ။ အေးဒါပေမယ့် ငါကတောကြေတယ်ကွ တာတေရ”

“ဗျာ...တောကြေတယ်ဆိုတာ ဘာကိုပြောတာတုံးဗျ”

“တောကြေတယ်ဆိုတာ တောအကြောင်း တောင်အကြောင်းနားလည်တာကိုပြောတာကွ။ ငါယုန်လိုက်တဲ့တောတွေ၊ ကြက်ထောင်တဲ့တောတွေ၊ တောဝက်ထောင်တဲ့တောတွေရောက်ရင် အရင်ဆုံးတောပိုင်တောင်ပိုင်တွေကို တင်ဟာယ်မြှောက်ဟာယ်လုပ်တာကွ။ ပြီးတော့ အမဲလိုက်ခွင့်၊ သားကောင်ထောင်ခွင့်တွေကို တောင်းတာ။ ပြီးတော့မှ လုပ်စရာရှိတာကိုလုပ်တာကွ။ ဒါကြောင့် လားတော့ မသိဘူးတာတေ၊ ငါတော့တစ်ခါမှ ခြောက်တာလှန့်တာမခံရပါဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးစိန်သောင်းပြောတာနဲ့ ကျုပ်တောင် ခေါင်းပြတ်တောင်ကိုစိတ်ဝင်စားလာပြီ။ ကိုကြီးစိန်သောင်းသွားရင် ကျုပ်ကိုခေါ်ဗျာ။ ကျုပ်ပါလိုက်မယ်"

"ဟာ..ကောင်းတာပေါ့ကွ၊ ငါခေါ်မယ်။ သိပ်မကြာဘူးကွ။ နောက်နှစ်ရက်၊ သုံးရက်ဆိုရင်ငါသွားမယ်၊ မင်းအဆင်သင့်ပြင်ထား၊ ကဲ...အရီးကိုမျှစ်တွေသွားပေးလိုက်ဦးမယ်"

ကိုကြီးစိန်သောင်းအိမ်ပေါ်တက်သွားတယ်ဗျ။ အမေနဲ့အဘက ကိုကြီးစိန်သောင်းကို လှတ်ခင်ကြတာ။ တော်တော်ကြာအောင်စကားပြောပြီးမှ ကိုကြီးစိန်သောင်းပြန်သွားတယ်။ ပြန်ကာနီးမှာ ကိုကြီးစိန်သောင်းက ကျုပ်ကိုပြောတယ်ဗျ။

"တောဝက်ထောင်ဖြစ်ရင်တော့ ခေါင်းပြတ်တောင်မှာည အိပ်ရမှာတာတောရ။ မင်းအိပ်ရဲပါ့မလား"

လို့ကျုပ်ကိုမေးတယ်။ ကျုပ်ကပြုံးပြီးပြန်ပြောလိုက်တယ်။

"တာတေဆိုတဲ့ကောင်ကစွန့်စားရမယ်၊ စပ်စုရမယ်ဆိုရင် ကြောက်ရမှန်းလန့်ရမှန်းကိုမသိတာဗျ ကိုကြီးစိန်သောင်းရဲ့"

"ဟား..ဟား..ဟား..ဟား..ကောင်းဘယ်ကွာ၊ ဒါဆိုရင် မင်းအဆင်သင့်ပြင်ထားပေတော့၊ ငါလာခေါ်မယ်"

သုံးရက်မြောက်တဲ့နေ့ကြတော့ ကိုကြီးစိန်သောင်းနဲ့ကျုပ် ခေါင်းပြတ်တောင်ကို လိုက်ခဲ့တယ်။ ကျုပ်တို့နှစ်ယောက် ကပွလီစု





ကိုအရင်သွားတယ်။ ကပွလီစုရောက်တော့မှ ထန်းတောကြီးရွာဘက်ကိုကွေ့လိုက်တယ်။ ဒါပေမယ့် ထန်းတောကြီးအထိသွားတာတော့ မဟုတ်ဘူးဗျ။ ကပွလီစုကနေတစ်တိုင်လောက်သွားပြီး ရိုးမပေါ်တက်ခဲ့ကြတာ။ တစ်တိုင်ဆိုတာ နှစ်မိုင်အကွာအဝေးကိုပြောတာ လေဗျာ။ ခေါင်းပြတ်တောင်မရောက်ခင် လမ်းမှာတောင်နှစ်လုံးကျော်ရသေးတာဗျ။ လိပ်တမော့တောင်နဲ့စိုင်တောင်ဗျ။ သိပ်မမြင့်ဘူး။ စိုင်တောင်ကျော်ပြီးတော့မှ ခေါင်းပြတ်တောင်ကိုစတက်ရတာ။ တစ်တောင်လုံးဝါးတွေချည်းပဲဗျ။ ဒညင်းတို့ပိန္နဲတို့က နည်းနည်းပဲပေါက်တယ်။ ဝါးကများနေတယ်။

တစ်တောလုံးကတော့စိမ်းလို့ဗျို့။ လေပြင်းပြင်းတိုက်လိုက်ရင်ဝါးရွက်လေတိုးသံနဲ့ ဝါးပင်တွေပွတ်တဲ့ကြိတ်တဲ့အသံကိုကြားနေရတာကြောက်စရာကြီးဗျ။ ဝါးရွက်တွေလေတိုးသံက တစ္ဆေတွေစကားပြောနေတဲ့အသံလိုပဲဗျာ။ ဝါးပင်တွေပွတ်တဲ့အသံကလည်း သရဲတွေတကျိကျိနဲ့ သွားချင်းကြိတ်နေသလားမှတ်ရတယ်။

ထူးတော့ထူးတယ်ဗျ။ ခေါင်းပြတ်တောင်ဆိုတဲ့ နာမည်ကြီးက ခြောက်လှန့်နေတာလားတော့ မပြောတတ်ဘူး။ တောင်ပေါ်ကိုစတက်ကတည်းက စိတ်ထဲမှာတစ်ခုခုထူးခြားနေသလိုပဲဗျ။ ကျုပ်လည်း ဟိုကြည့်ဒီကြည့်နဲ့ ကိုကြီးစိန်သောင်းနောက်ကနေလိုက်ခဲ့ရတာပေါ့ဗျာ။

ကိုကြီးစိန်သောင်းပြောတာဟုတ်လိုက်တာဗျာ။ မျှစ်တွေမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ။ ကျုပ်နဲ့ကိုကြီးစိန်သောင်းမျှစ်တွေချိုးကြတယ်။ ချိုးလို့ရသမျှ မျှစ်စို့ပေါက်ကြီးတွေကို ပါလာတဲ့ဂုန်နီအိတ်ထဲမှာထည့်ကြတာဗျ။ မျှစ်တွေဂုန်နီအိတ်နှစ်လုံးရတော့ ဒညင်းသီးတွေဆွတ်ကြပြန်ရောဗျို့။ ဒညင်းသီးတွေလည်း ဂုန်နီအိတ်တစ်လုံးရသဗျ။ လူသူမရောက်တဲ့တောင်ဆိုတော့ ဘယ်သူနဲ့မှလုပြီးခူးဖို့မလိုဘူးလေဗျာ။ ကျုပ်တို့စိတ်ကြိုက်ကိုခူးကြရတာဗျို့။

နေ့လည်စာထမင်းစားပြီးတော့မှ ဒညင်းသီးခူးတာဗျ။ ဒညင်းသီးခူးရင်းနဲ့မှိုကျင်းကြီးတွေ့ပါရောဗျာ။ မှိုတစ်တင်းသားလောက်ရလိုက်သေးတယ်။ ကျုပ်မှိုနုတ်နေတုန်း ကိုကြီးစိန်သောင်းကပြောတယ်။

"တာတေ မင်းမှိုတွေကိုအိတ်ထဲသေသေချာချာထည့်ထား။ ငါတောဝက်ထောင်လို့ကောင်းမဲ့နေရာသွားကြည့်လိုက်ဦးမယ်"

"သွားသွားကိုကြီးစိန်သောင်း"

ကိုကြီးစိန်သောင်းက သူ့ရဲ့မုဆိုးလက်နက်တွေယူပြီးထွက်သွားတယ်ဗျ။ ကျုပ်က ခူးထားတဲ့ဒညင်းသီးအိတ်ကိုနွယ်ကြိုးနဲ့တင်းနေအောင်စီးပြီးအဝကိုပိတ်လိုက်တယ်။ မှိုထည့်တဲ့အိတ်ကိုတော့ စီးလို့မဖြစ်ဘူးဗျ။ မှိုတွေရိကုန်မှာစိုးလို့ အဝကိုဒီအတိုင်းလှပ်ထားလိုက် တယ်။ အားလုံးလုပ်ကိုင်ပြီးတော့ ကျုပ်က လွယ်အိတ်ထဲက နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ထုတ်ပြီး မနုဖြူဒေါ်ရီ မီးခတ်ကလေးခတ်ပြီး မီးညှိလိုက်တယ်။





ကျုပ်က ခရီးတစ်ခုထွက်တော့မယ်ဆိုရင် မီးခတ်ကိုအမြဲပြင်ဆင်ထားတာဗျ။ အထဲက ဂွမ်းအဟောင်းတွေကိုထုတ်ပစ်။ ပြီးရင်မီးစာအသစ်လဲတယ်။ ခါတ်ဆီထည့် မီးခတ်ကျောက်အသစ်ထည့်ပြီးမှ ယူလာတာ။ ကျုပ်လွယ်အိတ်ထဲမှာ ခါတ်မီး၊ ဖယောင်းတိုင်၊ မီးခတ်အားလုံးပါပြီးသားဗျ။ (ကျုပ်ပြောတဲ့မီးခတ်ဆိုတာ မီးခြစ်ကိုပြောတာလေ။) ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကိုဖွာရင်း ကိုကြီးစိန်သောင်းပြန်အလာကို စောင့်နေလိုက်တယ်။ ကိုကြီးစိန်သောင်းကတော်တော်လေးတော့ကြာသားဗျ။ နေတောင်ဝင်တော့မယ်။ ဒီတော့မှပြန်လာတာဗျ။

"တာတေ မင်းပျင်းနေပြီလားကွ"

"မပျင်းပါဘူးဗျာ၊ နို့..ကိုကြီးစိန်သောင်းယူသွားတဲ့ပစ္စည်းတွေရော"

"ဟော..ဘာပစ္စည်းတွေတုံးကွ"

"မုဆိုးပစ္စည်းတွေလေဗျာ။ စောစောကအိတ်ကြီးနဲ့ထမ်းသွားတာတွေလေ"

"အေး..။ ငါကနေရာလိုက်ကြည့်ရင်း နေရာကောင်းတွေ့တာနဲ့တစ်ခါတည်းထောင်ခဲ့ပြီကွ။ ဝက်ကိုဘိထောင်ခဲ့တယ်။ ပြီးတော့သုတ်ကိုင်းနဲ့ တောကြက်တွေလည်းထောင်ခဲ့တယ်"

သုတ်ကိုင်းဆိုတာက ကြက်တွေ၊ ငှက်တွေထောင်တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံထဲက ဝါးတစ်လုံးကိုခွဲယူပြီး မြေကြီးမှာစိုက်ထားတဲ့ အထစ်ပါတဲ့ငုတ်တိုင်ကလေးမှာ ကြိုးနဲ့ချိတ်ရတယ်။ ပြီးရင် ကြိုးကိုကျော့ကွင်းလေးလုပ်ပြီးအစချထားရတာပေါ့ဗျာ။ တောကြက်ကခလုပ်ဆင်ထားတဲ့သစ်ကိုင်းလေးကိုနင်းလိုက်တာနဲ့ ကြိုးကွင်းကတောကြက်ရဲ့လည်ပင်းကိုစွပ်ပြီး ကွေးထားတဲ့ဝါးကိုင်းကဆွဲသုတ်သွားတာပေါ့ဗျာ။

"ဘယ်နားမှာထောင်ခဲ့တာတုံးဗျ၊ ကိုကြီးစိန်သောင်းရဲ့"

"တောဝက်ဘိကာတော့ အုတ်ဂူကြီးနားမှာကွ၊ တောကြက်ကတော့နည်းနည်းလှမ်းတယ်"

"ဗျာ..အုတ်ဂူကြီးဟုတ်လား"

"အေးလေ မင်းကိုငါပြောတဲ့အုတ်ဂူကြီးလေ၊ ငါသားကောင်မထောင်ခင်၊ အဲဒီအုတ်ဂူကြီးမှာငါတို့ညစာစားမယ့်အထဲက ကောက်ညှင်းနဲ့အမဲကျော်တင်ပြီးမြောက်ပြီးပြီကွ၊ ပြီးမှထောင်တာ"

"အဲဒီဂူကြီးကဘယ်နားမှာတုံးဗျ"

"ဒီမြောက်ဘက်မှာ ခင်းကြည့်ချင်လို့လား၊ အခုအဲဒီကိုသွားမှာပဲလေ။ ငါတို့ဒီညအိပ်ဖို့သစ်ပင်လည်း ငါရွေးပြီးပြီကွ။ အဲဒီဂူကြီးနားမှာ ညောင်လန်းပင်ကြီးတစ်ပင်ရှိတယ်။ သစ်ကိုင်းတွေမှ မင်းဟစ်ဖက်စာလောက်ရှိတာကွတာတေရ။ စားသောက်ပြီးတာနဲ့ ငါတို့နှစ်ယောက်သစ်ပင်ကြီးပေါ်ကိုတက်ပြီးအိပ်ရုံပဲ။ ကဲ..မိုးမချုပ်ခင်သွားကြမယ်"





"နို့..ဒီအိတ်တွေထမ်းသွားရမှာလားဗျ"

"ဟာ..တာတေကလည်း ဘယ့်နှယ်ထမ်းသွားရမှာလဲ မင်းမှျစ်တွေ၊ ဒညင်းသီးတွေကို ဒီတောင်ပေါ်မှာဘယ်သူခိုးမှာတုံးကွ။ တောင်ပေါ်ကဆင်းတော့မှ လာသယ်တာပေါ့ကွာ"

ကျုပ်နဲ့ကိုကြီးစိန်သောင်းမြောက်ဘက်ကို ထွက်လာခဲ့တယ်။ သိပ်မသွားရပါဘူးဗျာ။ အုတ်ဂူကြီးတွေ့တော့တာပဲ။

"ဒါ..ငါပြောတဲ့အုတ်ဂူကြီးလေကွာ"

ဟုတ်တယ်ဗျို့။ ကိုကြီးစိန်သောင်းပြောတဲ့အတိုင်းပဲဗျ။ အုတ်ဂူက ဆယ်ပေလောက်မြင့်တယ်။ အပေါ်မှာအချွန်အတက်တွေပါသေးတယ်ဗျ။ ဂူရဲ့ဗျက်ကတင် သာမန်ဂူသုံးလုံးစာလောက်ရှိတယ်။ ဂူကြီးတစ်ခုလုံးမည်းနေတာဗျ။ ကျုပ်ကခြေမြန်လက်မြန်ကောင်လေဗျာ။ ပါလာတဲ့ဓါးမြောင်နဲ့ ဂူရဲ့ခေါင်းရင်းကိုခြစ်လိုက်တယ်။ နှစ်ရှည်လများတက်နေတဲ့ ရေညှိတွေကွာကျလာတယ်။ တဖြေးဖြေးခြစ်ရင်းနဲ့ ဂူရဲ့အဖြူသားစပြီးပေါ်လာတယ်။ ကျုပ်ကလည်းစိတ်ရှည်လက်ရှည်ကိုခြစ်တာဗျ။ ဟော..စာလုံးတွေပေါ်လာပြီဗျို့။ ဂူပေါ်မှာထွင်းထားတဲ့စာလုံးတွေပေါ်လာပြီ။ ကျုပ်ဆက်ပြီးခြစ်တယ်။ ဟော..စာလုံးတွေဖတ်လို့ရလာပြီဗျ။

"ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ခံ လက်ျာတပ်မှူး
မင်းနဂါး(ခေါ်)မင်းကြီးနာဂပံသု"



www.burmeseclassic.com

www.burmeseclassic.com



ဒီအထိတော့ ဖတ်လို့ရတယ်ဗျို့။ အောက်ကစာတန်းတွေကတော့ပွဲကုန်ပြီဗျ။ တချို့နေရာတွေဆိုရင် အောက်ကအုတ်တွေတောင်ပေါ်လို့။ မင်းနဂါးကလက်ျာကာယ်မျိုးဆိုရင်၊ လက်ဝဲတပ်မျိုးဆိုတာရှိလိမ့်ဦးမယ်လို့ ကျုပ်တွေးမိတယ်။ ဒီတောကြီးထဲမှာဂူလုပ်ပြီးသင်္ဂြိုဟ်ခဲ့ပုံထောက်တော့၊ စစ်တိုက်ရင်းကျဆုံးသွားတာဖြစ်နိုင်တယ်လို့ ကျုပ်တွေးမိတယ်။

"ကဲ..တာတေရေ မင်းရဲ့သုတေသနတွေပြီးရင် ညစာလေးစားကြစို့ဟေ့။ ခဏဆိုရင်တောထဲမှာ မှောင်တော့မှာကွ"

ကိုကြီးစိန်သောင်းက ပြောပြောဆိုဆိုနဲ့ ရိက္ခာအိတ်ထဲက ကောက်ညှင်းပေါင်းနဲ့အမဲကျော်ကို ထုတ်တယ်။ ခဏနေတော့နှစ်ယောက်သား ညစာစားလိုက်ကြတယ်။ ညစာစားပြီးတော့ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး ထုတ်ပြီးတော့သောက်တယ်။ ကိုကြီးစိန်သောင်းကတော့ မစိန်ညွန့်ဆေးပေါ့လိပ်လေးထုတ်သောက်တာဗျ။ ဆေးလိပ်ဆိုတာကလည်း ကိုယ့်အကြိုက်နဲ့ကိုယ်လေဗျာ။ အိမ်လည်သွားရင်တည်တဲ့ဆေးလိပ်ကို မလွှဲသာလို့သာသောက်ကြရတာဗျ။ တကယ်တော့ ကိုယ်သောက်နေကျမဟုတ်ရင် မသောက်ချင်ဘူး။

ဆေးလိပ်ကလေးဖွာပြီးတာနဲ့ အလင်းရောင်မပျောက်ခင်ကျုပ်နဲ့ကိုကြီးစိန်သောင်း ညောင်လန်းပင်ကြီးပေါ်ကို တက်ခဲ့ကြတယ်။ ဒါပေမယ့် ကျုပ်က သစ်ပင်ပေါ်မတက်ခင် အပေါ့သွားဦးမယ်ဆိုပြီး





ဝါးရုံးအကွယ်မှာ ကျုပ်အဆင်သင့်ယူလာတဲ့ မျက်ကွင်းဆေးနဲ့ ကျောက်ပြားလေးကိုထုတ်ပြီး ရေပုလင်းထဲကရေ နည်းနည်းထည့်သွေးလိုက်တယ်။ ပြီးတော့ မျက်စိနှစ်ဘက်လုံးမှာ မျက်ကွင်းဆေးကွင်းလိုက်တယ်။ ကျုပ်တို့သစ်ပင်ပေါ်ရောက်တာနဲ့ မိုးစချုပ်တာပဲဗျ။ ကိုကြီးစိန်သောင်းရောကျုပ်ရော စိတ်ကြိုက်ဂူဆုံကြီးတွေကို ရွေးလိုက်တယ်ဗျ။ ကုလားထိုင်ကြီးတွေထဲမှာဝင်ထိုင်ပြီး အိပ်နေရသလိုပါပဲဗျာ။ ဒီလိုအိပ်ရတာမျိုးက ကျုပ်အတွက်ရိုးနေပါပြီလေ။ အရင်တုန်းကလည်း တောထဲကို မှဆိုးကိုတောင်လုံးနဲ့ လိုက်ဖူးတာပဲလေဗျာ။ ကျုပ်ရော ကိုကြီးစိန်သောင်းရော အိပ်ပျော်သွားကြတာပေါ့ဗျာ။

"ဝေါ..ဖလန်း...ဖလန်း..ဖလန်း"

ကျုပ်လန့်နိုးသွားတယ်။ မျက်စေ့ဖွင့်ကြည့်လိုက်တော့လရောင်ရှိတယ်ဗျ။ တောထဲမှာကွက်တိကွက်ကြားကျနေတယ်။ တစ်ချို့နေရာမှာဆိုရင် လရောင်ကတော်တော်ကျယ်ကျယ်ပြန့်ပြန့်လင်းနေတာဗျ။ ကျီးတွေပြိုတာဗျို့။ ဝေါကနဲပျံတက်သွားပြီး သစ်ပင်တွေပေါ်မှာပျံနေတယ်။

"အား..အား..အ..အ"

ကျီးပြိုသံကြောင့် ကျုပ်လန့်နိုးသွားပေမယ့် ကိုကြီးစိန်သောင်းကမနိုးဘူးဗျ။ သူအိပ်တဲ့သစ်ကိုင်းနဲ့ ကျုပ်အိပ်တဲ့သစ်ကိုင်းက တကိုင်းစီလေဗျာ။ ဒါပေမယ့်မဝေးပါဘူး။ ကိုကြီးစိန်သောင်းဟောက်သံကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ကျုပ်ကြားနေရတယ်။

ခုမှသေသေချာချာကြည့်မိတာဗျ။ လရောင်က လက်ျာဘက် မှူးကြီးမင်းနဂါးရဲ့ အုတ်ဂူပေါ်ကည့်တည့်ကျနေတာပဲဗျ။ ကျုပ်က အုတ်ဂူကြီးကိုကြည့်ပြီး ကျောချမ်းသလိုဖြစ်လာတယ်။

"ဝုန်း…"

"အောင်မလေး"

ကျုပ်ပါးစပ်က ယောင်ပြီးအော်လိုက်တာဗျ။ ဒါပေမယ့်အသံ မကျယ်လို့တော်သေးတာပေါ့ဗျာ။ အသံကအုတ်ဂူနဲ့လေးငါးလံ လောက်ကွာတဲ့နေရာကလာတာဗျ။ အဲဒီနေရာမှာယောကျ်ားကြီး ငါးယောက်ဖက်စာလောက်ရှိတဲ့ ညောင်ပင်ကြီးတစ်ပင်ကို ကျုပ်ညနေ ကတည်းကတွေ့တယ်။ ညောင်ပင်ကြီးကကြီးလွန်းလို့ ကျုပ်တောင် ကြည့်နေမိသေးတာ။

"ဟာ.."

ညောင်ပင်ကြီးကို ကျုပ်လှမ်းကြည့်လိုက်တော့ လရောင်ကွယ် နေတဲ့မှောင်ရိပ်ထဲမှာရပ်နေတဲ့မြင်းကြီးဗျ။ နည်းတဲ့မြင်းကြီးမဟုတ်ပါဘူး ဗျာ။

"ဟာ.."

မြင်းပေါ်မှာလူဗျ။ လူ၊ လူ။ ဟောထွက်လာပြီ။ မှောင်ထဲကနေ ထွက်လာပြီ။ ဟာ..ခေါင်းပြတ်ကြီးဗျာ။ မြင်းနက်ကြီးပေါ်မှာစီးလာ





တဲ့လူက အရပ်ဆယ်ပေလောက်ရှိမယ်ဗျ။ ရှေးခေတ်ကနန်းတွင်းစစ်ဝတ် စုံမျိုးကိုဝတ်ထားတာဗျ။ ဒါပေမယ့်အရောင်က အနက်ရောင်ကြီးဗျ။ သူစီးထားတဲ့မြင်းကြီးကလည်း သာမန်မြင်းတွေထက်နှစ်ဆလောက်ကြီး တဲ့မြင်းကြီးဗျ။

ဟာ..ရှေ့ကိုထွက်လာပြီဗျို့။ ကျုပ် ကိုကြီးစိန်သောင်းကို လှမ်းကြည့်လိုက်တော့ သူလည်းနိုးနေတယ်ဗျ။ ကျုပ်ကိုလှည့်ကြည့် နေတယ်။ ကျုပ်ကသူ့ကိုပါးစပ်ပိတ်ထားဆိုပြီး လက်နဲ့လုပ်ပြလိုက် တယ်။ သူကတော့မျက်လုံးအပြူးသားနဲ့ ဟိုကြည့်ဒီကြည့်လုပ်နေ တာဗျ။ ဘာမှမြင်ပုံမရဘူး။ ကျုပ်ကသာမျက်ကွင်းဆေးကွင်းထား လို့မြင်ရတာဖြစ်မယ်။ မြင်းကြီးကမင်းနဂါးရဲ့အုတ်ဂူကြီးကို ပတ်ပြီးသွား နေတယ်ဗျ။ ဟော..ရပ်လိုက်ပြီ။ ရပ်လိုက်ပြီ။ ဂူရဲ့ခေါင်းရင်း ဘက်မှာ မြင်းနက်ကြီးကရပ်နေတာဗျ။ မြင်းပေါ်ကခေါင်းပြတ်ကြီးက ဂူကြီးကို သေသေချာချာကြည့်နေတယ်။

ဟာ...ဒုက္ခတော့ရောက်ပြီထင်တယ်ဗျို့။ ကျုပ်ညနေကခြစ်ချ ထားလို့စာလုံးတွေပေါ်နေတာကို သေသေချာချာကြည့်နေတာဗျ။ ဟော..ဟော..မြင်းနက်ကြီးကရှေ့ကိုတိုးသွားတယ်။ ခေါင်းပြတ်ကြီး က လက်ကြီးတစ်ဖက်ဆန့်ထွက်လာပြီး အုတ်ဂူမှာထွင်းထားတဲ့ မင်းနဂါးဆိုတဲ့စာလုံးတွေကို လက်နဲ့စမ်းကြည့်နေတယ်။ ကျုပ်စိတ် ထင်တော့ ခေါင်းပြတ်ကြီးကတစ်ခုခုကို သတိရနေတဲ့ပုံပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com



"တောက်..ဖြန်း..."

ခဏနေတော့ ခေါင်းပြတ်ကြီးသီကနေ တောက်ခေါက်သံကြီးတစ်ခုထွက်လာပြီး မြင်းနက်ကြီးကိုဖြန်းကနဲ တစ်ချက်ရိုက်ချလိုက်ပဲဗျာ မြင်းကြီးကချာကာနဲ့လှည့်ပြီး မြေးလာခဲ့ပြန်လာတဲ့လမ်းထဲ ...

ခဏနေတော့ ခေါင်းပြတ်ကြီးသီကနေ တောက်ခေါက်သံကြီးတစ်ခုထွက်လာပြီး မြင်းနက်ကြီးကိုဖြန်းကနဲ တစ်ချက်ရိုက်ချလိုက်ပဲဗျာ မြင်းကြီးကချာကာနဲ့လှည့်ပြီး မြေးလာခဲ့တဲ့ဟိုဘက်ကို သွားရောဗျို့။ ကြည့်ရတာပေါင်အောက်ကို ဆင်းသွားတဲ့ပုံပဲဗျ။ ကျုပ်လိုက်ကြည့်တော့ သရောင်အောက်မှာ တစ်ချက်တစ်ချက်ပေါ်လာတာကိုမြင်ရတယ်ဗျ။ မြင်းပေါ်ကခေါင်းပြတ်ကြီးက စလွယ်သိုင်းထားတဲ့ဓါးအိမ်ထဲက ဓါးကိုထုတ်ပြီး အပေါ်ကိုမြှောက်ထားတာပဲဗျ။ လရောင်အောက်မှာ ဓါးရောင်တလက်လက်ဖြစ်နေတာကို ကျုပ်လှမ်းမြင်လိုက်ရတယ်။

"တာတော..မင်းဘာမြင်လို့တုံး"

"ကိုကြီးစိန်သောင်းရဲ့ ခေါင်းပြတ်သရဲကြီးဗျို့"

"ဟော..ဟုတ်လား"

ပြောပြောဆိုဆို ကိုကြီးစိန်သောင်းက မျက်လုံးကြီးတွေပြူးပြီး ကျုပ်ဖိုးပိတဲ့သစ်ကိုင်းကြီးဘက်ကို ကူးလာပါရောဗျာ။ ကျုပ်ရွေးထားတဲ့သစ်ကိုင်းခွဆုံကြီးကကြီးတော့ ကျုပ်တို့နှစ်ယောက်ကောင်းကောင်းအိပ်လို့ရတယ်ဗျ။ ဒါပေမယ့် နှစ်ယောက်စလုံးမအိပ်ရဲတော့ဘူးပေါ့ဗျာ။

"ကိုကြီးစိန်သောင်းဘာသံကြားလို့ နိုးလာတာတုံးဗျ"

"ငါ့နားထဲမှာဝုန်းဆိုတဲ့အသံကြီးကြားလိုက်ရလို့လန့်





နိုးသွားတာကွ"

"အေးဗျာ ကိုကြီးစိန်သောင်းနိုးသွားပေလို့ပေါ့။ နိုးသာမနိုးရင် ကိုကြီးစိန်သောင်းဟောက်သံကြီးကို ခေါင်းပြတ်သရဲကြီးကြားသွားမလားမသိဘူး"

"ဟော..ဟုတ်လား၊ နေပါဦးတာတောရ မင်းကြတော့ခေါင်းပြတ်သရဲကြီးကိုမြင်ရပြီး ငါကဘာလို့မမြင်ရတာတုံးကွ"

"ဟာ..ကိုကြီးစိန်သောင်းကလည်း ကျုပ်ကဒီအတိုင်းမြင်ရတာမဟုတ်ဘူးဗျ။ မျက်ကွင်းဆေးကွင်းထားလို့ မြင်ရတာဗျ"

"ဟော..မင်းဘယ်တုန်းက မျက်ကွင်းဆေးကွင်းလိုက်တာတုံး"

"ညနေက အပေါ့သွားရင်း ဝါးရုံနောက်မှာသွားပြီးကွင်းလိုက်တာဗျ။ ထူးထူးဆန်းဆန်းတွေများ မြင်ရမလားဆိုပြီးကွင်းထားတာ။ အခုတော့မှန်သွားတာပေါ့ဗျာ"

"ငါတော့ ဒီတောင်ကိုလာဘူးပါတယ်ကွာ။ ဒီတစ်ခါမှပဲကြုံတော့တာကွတာတောရ။ ငါထင်တာတော့ ညနေကမင်းအုတ်ဂူကိုသွားပြီးခြစ်လိုက်တာ နာမည်ပေါ်သွားလို့လားမှမသိတာ"

"ဟာဗျာ..ဒါနဲ့မဆိုင်ပါဘူးဗျ။ ဒီညလဆန်း(၁၃)ရက် ညဗျ။ လဆန်း(၁၃)ရက်ဆိုရင် ခေါင်းပြတ်သရဲကြီးကအခုလိုပဲ ထွက်နေကျထင်တယ်"

"မင်းဘာတွေမြင်လိုက်ရလဲတာတော".



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပြတ်သရဲကြီးက ဟိုညောင်ပင်ကြီးထဲကထွက်လာတာဗျ။ အဲဒါသူနေတဲ့ဗိမ္ဗာန်ထင်တယ်။ ထွက်လာပြီးအုတ်ဂူကိုတစ်ပတ် ပတ်ကြည့်တယ်ဗျ။ ပြီးတော့ ကျုပ်ညနေကခြစ်ထားလို့ ပေါ်နေတဲ့ စာလုံးတွေကိုလက်နဲ့တစ်ချက်ပွတ်ကြည့်တယ်။ ခဏကြာတော့ ဘောက်တစ်ချက်ခေါက်ပြီး မြင်းကိုဖြန်းကနဲတစ်ချက်ရိုက်ပြီး တောင်အောက်ကို ဆင်းသွားတော့တာပဲဗျ"

"ဟာ...မင်းပြောတာကြားတာနဲ့တင် ငါကြက်သီးတွေတဖြန်းဖြန်းထကုန်ပြီ တာတေရာ။ ဒီကောင်ကြီးဘယ်အချိန်ပြန်လာမှာတုံးကွ"

"ဒါတော့ ကျုပ်လည်းဘယ်သိမှာတုံး ကိုကြီးစိန်သောင်းရဲ့"

"အရေးထဲအပေါ့သွားချင်လိုက်တာကွာ"

"သွားလေ၊ သစ်ပင်အောက်ကိုဆင်းပြီးသွားလိုက်ပေါ့ဗျ။ ပြီးရင်တော့ မြန်မြန်ပြန်တက်ခဲ့လေ"

"ဟာ..မ..မလုပ်ပါနဲ့တာတေရာ၊ ငါအပေါ့သွားနေတုန်း မင်းရဲ့ ခေါင်းပြတ်..ခေါင်းပြတ်၊ ဟ..ဘာသံတုံးကွ"

"ဒုန်း..ဒုန်း..ဒုန်း"

ကျုပ်တို့နေရာရဲ့တောင်ဘက်ကပဲဗျ။ ကျောက်တုံးကြီးတစ်တုံးလိမ့်ကျသွားတဲ့အသံမျိုးပဲဗျ။ ဘာသံလည်းတော့ကျုပ်လည်း အတတ်မပြောနိုင်ဘူး"





"တာတေ ဒါ ဘာဖြစ်တာတုံးကွ"

"မသိဘူး ကိုကြီးစိန်သောင်းရ ကျောက်တုံးကြီးပြုတ်ကျတဲ့ အသံထင်တယ်"

ကျုပ် ကိုကြီးစိန်သောင်းမျက်နှာကို လရောင်အောက်မှာကြည့်လိုက်တယ်။ မျက်နှာကသေးသေးလေးဖြစ်နေတာဗျို့။

"ကိုကြီးစိန်သောင်းကြောက်လို့လား"

"ဟာ..မ..မကြောက်ပါဘူးကွ တာတေရ"

မကြောက်ဘူးသာပြောတာဗျ၊ ကိုကြီးစိန်သောင်းမျက်လုံးတွေက တစ်ချက်မှကို ငနာမငြိမ်ဘူး။ ဟိုကြည့်ဒီကြည့်လုပ်နေတာ။ ကျုပ်စိတ်ထင်ညနာရီပြန်နှစ်ချက်လောက်ရောက်တော့...၊

"ခွပ်..ခွပ်..ခွပ်..ခွပ်"

မြင်းခွာသံနီးနီးလာပြီဗျ။ ဟောတွေ့ပြီဗျို့။ လရောင်အောက်မှာ တစ်ကိုယ်လုံးချပ်ဝတ်ကာန်ဆာအနက်ရောင်ဝတ်ထားတဲ့ ခေါင်းပြတ်ကြီးက လက်ထဲမှာအထုပ်တစ်ထုပ်ဆွဲပြီး ပြန်လာတာဗျို့။ ဟော..နီးလာပြီဗျို့။ လရောင်အောက်ကိုဖြတ်ပြီ။ ဟာ..မြင်းနက်ကြီးကိုတို့ကနဲရပ်လိုက်ပြီဗျို့။ သူ့လက်ထဲက ကိုင်လာတဲ့အထုပ်ကို မြှောက်ပြီးကြည့်နေတယ်။

ဟာ..ခေါင်းပြတ်ကြီးဆွဲလာတာပါလား အထုပ်မှမဟုတ်တာ။ လူခေါင်းပြတ်ကြီးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး..ဘုရား..ဘုရား"

ကျုပ်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းကနဲ၊ ဖြန်းကနဲထသွားဟာဗျို့။

ခေါင်းပြတ်သရဲကြီး လူတစ်ယောက်ခေါင်းဖြတ်ပြီး ခေါင်းကြီးယူလာတာပဲဗျ။ အသတ်ခံရတဲ့လူက သျှောင်ထုံးနဲ့ထင်တယ်။ ဆံပင်ကနေ တွဲလောင်းဆွဲလာတာဗျို့။ ကြည့်နေပြီဗျို့၊ ကြည့်နေပြီ။ ခေါင်းပြတ်သရဲကြီးက သူဖြတ်လာတဲ့ လူခေါင်းပြတ်ကြီးကို ဆံပင်ကဆွဲပြီး သေသေချာချာကြည့်နေတာဗျ။ သူ့မှာခေါင်းသာမရှိတာ ကြည့်နိုင်မြင်နိုင်တော့ရှိပုံပဲ။ ဘယ်လိုကြည့်ပြီး ဘယ်လိုမြင်တယ်တော့ ကျုပ်လည်းမသိဘူးဗျ။

"ဟား..ဟား..ဟား..ဟား..ဟား"

ခေါင်းပြတ်သရဲကြီးက အားရပါးရအော်ရယ်နေပြီဗျို့။ သူ့ကိုကြည့်ရတာတော်တော်ကို ကျေနပ်အားရနေတဲ့ပုံပဲဗျ။

"ကိုကြီးစိန်သောင်း ခေါင်းပြတ်သရဲကြီးရယ်သံကြားရလား"

"အေး..ကြားတယ်ကွ၊ ခေါင်းမရှိဘဲနဲ့ဘယ်လိုများရယ်တာတုံးဟ တာတေရ"

"ကျုပ်လည်းမသိဘူးဗျ"

ဟော..လာပြီဗျို့။ မြင်းနက်ကြီးကို ခုန်းစိုင်းစီးပြီးလာတာဗျို့။ ဟာ..သွားပြီ၊ သွားပြီ။ သူထွက်လာတဲ့ ညောင်ပင်ကြီးဆီကို တန်းသွား





နေတာဗျ။

"ဝုန်း..."

ဟာ..ပျောက်သွားပြီဗျို့။ ခေါင်းပြတ်သရဲကြီးပျောက်သွားပြီ။ ကျုပ်စိတ်ထင်တော့ ညောင်ပင်ကြီးထဲကိုဝင်သွားတယ်ထင်တာပဲဗျ။

"ဘုရား..ဘုရား..ဘုရား"

ကိုကြီးစိန်သောင်းလည်း အသံကြီးကိုကြားလိုက်ပုံပဲဗျ။ မျက်စိစုံမှိတ်ပြီး ဘုရားဘုရားနဲ့ ပါးစပ်ကဘုရားပဲ တနေတော့တာပဲဗျို့။

"ဟာတေ မင်းဘာမြင်လိုက်တုံး"

"ခေါင်းပြတ်သရဲကြီး ထွက်သွားတုံးကလိုပဲ မြင်းနက်ကြီးနဲ့ပြန်လာတာပဲဗျ။ လက်ထဲမှာ လူခေါင်းပြတ်ကြီးတစ်ခု ကိုင်လာတယ်၊ ဆံပင်ကနေ တွဲလောင်းကြီးဆွဲလာတာဗျ"

"ဟေ..ဟုတ်လားကွ၊ ဒီသရဲကြီးကလူသတ်နိုင်သလား တာတေရ"

"ခြော်..ကိုကြီးစိန်သောင်းကလည်းဗျာ သတ်နိုင်လို့ပဲ၊ ခေါင်းကြီးဖြတ်ယူလာတာပေါ့ဗျ။ ဘဝတွေကအတုံ့အလှည့်တွေ အကြောင်းဆက်တွေရှိလို့ ဖြစ်မှာပေါ့ဗျာ။ ဘယ်ရွာကဘယ်သူ့ကိုသတ်လိုက်တယ်ဆိုတာ မနက်ဖြန်တော့သိရမှာပေါ့ဗျာ"

"ဟာ..တာတေကလည်း လူသတ်တာဟုတ်ချင်မှဟုတ်မှာပေါ့ကွ သူတို့သူ့ရဲ့အချင်းချင်းသတ်လာတာ ဖြစ်ချင်လည်းဖြစ်မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ဒါလည်းဟုတ်တာပဲဗျ။ စောစောကကျုပ်မြင်လိုက်တာ လူ့ရဲ့ခေါင်းမဟုတ်ဘဲသရဲတစ်ကောင်ရဲ့ခေါင်းလည်းဖြစ်ချင်ဖြစ်မှာဗျ"

"ဝုတ်..ဝုတ်..ဝုတ်..ဂူး..ဂူး..အီ..အီ"

"ဟာ..ခွေးသံကြီးပါလား၊ ခွေးအူသံကြီးဗျ"

"ဟေ..ခွေးအူသံဟုတ်လား၊ ငါတော့မကြားပါလားတာတေ"

"အသာငြိမ်နေဦး ကိုကြီးစိန်သောင်းရေ။ ဒါမဖဲဝါရဲ့ခွေးကြီးအသံဗျ။ မဖဲဝါနဲ့ဒီခေါင်းပြတ်သရဲကြီးနဲ့ ဘယ်လိုပတ်သက်နေလဲ မသိဘူးဗျ"

"ဘာလဲ၊ မဖဲဝါဒီကိုရောက်လာလို့လား"

"မသိဘူးဗျ၊ သူ့ခွေးကြီးအူသံကြားလိုက်လို့"

"တာတေကလည်း၊ ကပ္ပလီစုတို့၊ ထန်းတောကြီးတို့က ခွေးအူသံနေမှာပါ။ လေသင့်လို့ကြားရတာဖြစ်မှာပါ"

"ဂူး..ဂူး..ဂူး..အီ..အီ..အီ"

ဟာ..ဟုတ်ပါ့ဗျာ။ လရောင်အောက်မှာရပ်နေတာ မဖဲဝါရဲ့ခွေးကြီးနက်ကျော်ပေါ့ဗျာ။ ဟော..သူ့နောက်ကနေပါလာတာ မဖဲဝါကြီးဗျို့။ ကျုပ်က ကိုကြီးစိန်သောင်းကိုစကားမပြောဖို့ အချက်ပြလိုက်တယ်။

"ဂူး..ဂူး..အီ..အီ..အီ"

ဟော..အရပ်ဆယ်ပေလောက်မြင့်တဲ့ မဖဲဝါကြီးပေါ့ဗျာ။





ဆံပင်ကဖားလျားကြီးချလို့ဗျ။ မျက်လုံးကြီးနှစ်လုံးက ရေနွေးကြမ်းပန်းကန်လုံးလောက်ရှိတယ်။ နီရဲပြီးပြူးထွက်နေတာဗျို့။ ထဘီရင်လျားကြီးနဲ့ဗျ။ ဟော..ဟော..မင်းနဂါးရဲ့အုတ်ဂူကြီးပေါ်ကိုခုန်တက်သွားတယ်။ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးက မင်းနဂါးရဲ့အုတ်ဂူကြီးကို ပတ်ပြီးအူနေတယ်ဗျို့။

"ဂူး..ဂူး..ဂူး..အီ..အီ..အီ"

မဖဲဝါက မင်းနဂါးဂူကြီးပေါ်မှာထိုင်ပြီး ညောင်ပင်ကြီးကို စိုက်ကြည့်နေတယ်။ ကျုပ်လည်းလှုပ်တောင်မလှုပ်ရဲဘူးဗျို့။ ကြက်သီးတွေတဖြန်းဖြန်းထနေတာဗျ။

ကျုပ်စိတ်ထင် ကွမ်းတံစ်ယာညက်လောက်ကြာတော့ မဖဲဝါက မင်းနဂါးဂူကြီးပေါ်ကပြန်ဆင်းလာပြီး လာတဲ့လမ်းအတိုင်းပြန်သွားတယ်ဗျ။ မဖဲဝါကမြေကြီးပေါ်လမ်းလျှောက်သွားတာ မဟုတ်ဘူးဗျ လေထဲမှာရွေ့ပြီးသွားတာ။

"ဂူး..ဂူး..ဂူး..ဂူး..အီ..အီ..အီ"

မဖဲဝါရဲ့ခွေးကြီးအူသံက တဖြေးဖြေးဝေးသွားတော့မှ ကျုပ်က ကိုကြီးစိန်သောင်းကိုပြောတာဗျ။

"ကိုကြီးစိန်သောင်းရေ မဖဲဝါကြီးလာသွားတာဗျ။ မင်းနဂါးအုတ်ဂူကြီးပေါ်မှာထိုင်ပြီး ညောင်ပင်ကြီးကိုစိုက်ကြည့်နေတာ။ ဒါဘမှတော့မလုပ်ဘူးဗျ။ သူ့ခွေးကြီးက အုတ်ဂူကိုပတ်ပြီးလျှောက်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုရင် ခေါင်းပြတ်သရဲကြီးလုပ်တာတွေကို မဖဲဝါကသိနေလို့ဖြစ်မှာပေါ့ကွ''

''ဟုတ်တယ်ဗျို့။ သိလို့ချက်ချင်းလိုက်လာတာဖြစ်မှာပေါ့။ ကျုပ်မြင်တာတော့ ညောင်ပင်ကြီးကိုစိုက်ကြည့်နေတာပဲမြင်တာလေဗျာ။ ခေါင်းပြတ်သရဲကြီးကို တစ်ခုခုပြောနေတာလည်းဖြစ်ချင်ဖြစ်မှာပေါ့။''

''ငါတော့ တာတေရာ မိုးမြန်မြန်လင်းစေချင်ပါပြီကွာ''

ကိုကြီးစိန်သောင်းလိုပဲ ကျုပ်လည်း ခေါင်းပြတ်တောင်ပေါ်ကနေ မြန်မြန်ပြန်ပြီးဆင်းချင်နေပြီဗျို့။

ကျုပ်ရော ကိုကြီးစိန်သောင်းရော မေးကနဲအိပ်ပျော်သွားကြတယ်။ ကျုပ်တို့နိုးတော့ နေတောင်ထွက်နေပြီဗျ။ တစ်တောလုံးလင်းနေပြီ။ ကိုကြီးစိန်သောင်းက ဝါးတောနောက်ကိုကမျာပျာပြေးဝင်ပြီးအပေါ့အပါးသွားတယ်။ ပြီးတာနဲ့ကျုပ်ကိုခေါ်ပြီး သူ့သုတ်ကိုင်းထောင်ထားတဲ့နေရာကိုသွားတယ်။

ဟာ သုတ်ကိုင်းမှာ တောကြက်တွေမိနေတာဗျို့။ သုတ်ကိုင်းသုံးခုမှာတစ်ကောင်စီမိနေတာ။ ပြီးတော့ ကိုကြီးစိန်သောင်းက သူတောဝက်ထောင်ထားတဲ့ဆီကိုသွားတယ်။ ဟာမိတယ်ဗျို့။ မိတယ်။ သိပ်တော့မကြီးဘူးဗျ။ ခုနစ်ပိဿာ၊ ရှစ်ပိဿာလောက်ပဲရှိမဲ့ပုံပဲ။

ကျုပ်တို့နှစ်ယောက် မှိုတွေကိုဒညင်းသီးထည့်တဲ့အိတ်နဲ့ရော





ထည့်ပြီး မှိုထည့်တဲ့အိတ်ထဲကို တောဝက်ကလေးထည့်လိုက်တယ်။ ကြက်ဖသုံးကောင်ကိုလည်း ပေါင်းထည့်ပြီးစီးလိုက်တယ်။ တောဝက်တည့်ကဲ့အိတ်နဲ့ ဒညင်းသီးထည့်တဲ့အိတ်ကို ဝါးလုံးမှာနွယ်ကြိုးနဲ့ တုပ်ပြီးရှေ့တစ်ယောက်နောက်တစ်ယောက် ထမ်းလိုက်တယ်။ မှျင်တွေကိုတော့ ခါးစောင်းတင်ဆွဲလိုက်၊ ဒရွတ်ကိုက်ဆွဲလိုက်နဲ့ ကျုပ်တို့နှစ်ယောက် ခေါင်းပြတ်တောင်ပေါ်ကနေ ဒရွတ်သီတိုးဆင်းပြေးလာကြတာပေါ့ဗျာ။ ကပ္ပလီစုကိုရောက်တော့ ကိုကြီးစိန်သောင်းက သူ့အသိတစ်ယောက်ကိုလှည်းနဲ့လိုက်ပို့ခိုင်းတယ်။

ထနောင်းကုန်းရွာထဲဝင်လိုက်တာနဲ့ တစ်ခုခုဖြစ်နေမှန်း ကျုပ်သိလိုက်တယ်။ တွေ့သမျှလူတွေက မျက်နှာပျက်နေကြတာဗျ။

''ကိုကြီးတာတေ''

ဟော၊ ကျောက်ခဲနဲ့သံမဏိဗျ။ ဒီကောင်တွေရွာအနောက်ပိုင်းကပြန်လာကြတာဗျ။

''ဟေ့ကောင်တွေ ဘယ်ကပြန်လာတာတုံး''

''အနောက်ပိုင်းကာဗျ။ ညကလည်း ကျုပ်တို့ကိုကြီး တာတေဆီလာသေးတယ်။ လေးလေးစိန်သောင်းနဲ့ တောင်ပေါ်တက်သွားတယ်ဆိုလို့ ပြန်သွားကြတာ''

ဒီကောင်တွေကြည့်ရတာလည်း မျက်စိမျက်နှာမကောင်းဘူးဗျ။

''ဟေ့ကောင်ကျောက်ခဲ၊ ရွာမှာညကဘာဖြစ်တာတုံး''



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မနေနိုင်တော့တာနဲ့ မေးလိုက်တာဗျ။ ကိုကြီးစိန်သောင်းကလည်း လှည်းရပ်ခိုင်းလိုက်တယ်။ ကျောက်ခဲတို့နှစ်ယောက်လှည်းဘေးကပ်လာပြီးပြောတယ်ဗျ။

“ကိုကြီးတာတေ ညကရွာမှာ လူသတ်သွားလို့ဗျ”

“ဟေ..”

“ဟေ..”

ကျုပ်ရောကိုကြီးစိန်သောင်းရော ‘ဟေ’ လို့အော်လိုက်မိတာဗျို့။

“ဘယ်သူ့ကိုသတ်တာတုံး၊ သတ်တဲ့လူကိုမိလား”

“ရွာနောက်ပိုင်းက ဘိုးယာခင်ကြီးကိုသတ်သွားတာဗျ”

“ဟေ...ဟိုသျှောင်ထုံးကြီးနဲ့ဘိုးတော်ကြီးလား၊ ဘယ်လိုသတ်တာတုံး၊ ဓါးနဲ့ထိုးသွားတာလား”

“မဟုတ်ဘူးဗျ၊ ခေါင်းဖြတ်သွားတာ၊ အခုထိလိုက်ရှာနေကြတာ။ အဲဒီခေါင်းပြတ်ကို ရှာလို့မတွေ့ကြသေးဘူး။

“ဟေ....”

ကျုပ်နဲ့ကိုကြီးစိန်သောင်းကထက်ပြီး ပြိုင်တူအော်မိလိုက်ကြတာပေါ့ဗျ။ ကိုကြီးစိန်သောင်းက အမိပွါယ်ပါတဲ့အကြည့်နဲ့ ကျုပ်ကိုကြည့်တယ်ဗျ။

“အဲဒီ ဘိုးတော်ကြီးက ငွေငိုင်ငိုင်ဖြစ်နေတာ နှစ်ရက်လောက်ရှိပြီတဲ့ဗျ။ ပါးစပ်ကလည်း ကယောင်ကတမ်းနဲ့ တောပြောတောင်ပြောပြောလို့တဲ့ဗျ။ သူ့သားသမီးတွေကလည်း ဘိုးတော်ကြီးသူငယ်ပြန်ချင်လို့လားဆိုပြီး အကဲခတ်နေကြတာတဲ့”

“ဘာတွေများ ကယောင်ကတမ်းပြောလို့တုံးကွ”

ကျုပ်သိတယ်ဗျ။ ကျောက်ခဲဆိုတဲ့ကောင်က ကျုပ်ထက်ပိုစပ်စုတဲ့ကောင်ဆိုတာ။ ဒီကောင်သေသေချာချာ မေးလာမယ်ဆိုတာ ကျုပ်သိပြီးသားဗျ။

“ဘိုးတော်ကြီးက လွှတ်လွှတ်ပြီးပြောတာတဲ့ဗျ။ နဂါးငါမှားတယ်ကွာ၊ ငါသိပ်မှားတယ်။ ငါ့ကြောင့်မင်းဒီလိုဖြစ်ရတာပါကွာ၊ လို့ပြောတာတဲ့ဗျ”

“ဟာ...”

ကျုပ်က အံ့ဩလွန်းလို့ယောင်ပြီး အော်လိုက်မိတာဗျို့။

“နို့..သတ်တဲ့လူကောမမိဘူးလားကွ”

ကျုပ်ကတမင်မေးလိုက်တာဗျ။ ကျောက်ခဲကခေါင်းခါပြတယ်။

“ညက တစ်အိမ်လုံးအိပ်မောကျနေတာတဲ့ဗျ။ အဲဒီ ဘိုးတော်ကြီး ဘယ်အချိန်တံခါးဖွင့်ပြီး အိမ်ပေါ်ကဆင်းသွားမှန်းမသိဘူးတဲ့ဗျ။ မနက်မိုးလင်းတော့မှ ဝိုင်းထဲမှာမှောက်လျားကြီးထိုးပြီး ခေါင်းပြတ်ကြီးနဲ့သေနေတာကို သူ့သားသမီးတွေ တွေ့ကြတာတဲ့ဗျို့။ ဝိုင်းထဲမှာ သွေးတွေကိုအိုင်နေတာပဲကိုကြီးတာတေရာ။ လည်ပင်းငုတ်တိုကြီးက သွေးတွေပန်းထွက်ထားတာထင်တယ်ဗျ။ ဝိုင်းထဲမှာမြင်းခွာရာတွေပွနေ







www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ ဝိုင်းတံခါးကြီးလည်းပွင့်လို့တဲ့။ သတ်တဲ့လူကမြင်းနဲ့လာပြီး သတ်တာလို့ လူတိုင်းပြောကြတယ်။ တချို့ကလည်း ညသန်းကောင် လောက်မှာ မြင်းခွာသံကြားရတယ်လို့ပြောတယ်။ ရွာအနောက်တံခါး ဘက်က ခွေးဟောင်သံတွေလည်း ကြားလိုက်ကြတယ်လို့ပြောတယ်ဗျ။ ကိုကြီးတာတေရ''

ကျုပ်သက်ပြင်းချလိုက်မိတယ်ဗျ။ ကျုပ်မျက်စိထဲမှာတော့ လရောင်အောက်မှာ ခေါင်းပြတ်ကြီးမြောက်ပြီးကြည့်နေတဲ့ ခေါင်းပြတ် သရဲကြီးကို ပြန်မြင်နေတာပေါ့ဗျာ။

ကျုပ်ကို ကိုကြီးစိန်သောင်းက တောကြက်တစ်ကောင်ပေး တယ်။ တောဝက်သားနှစ်ပိဿာပေးတယ်။ ကျုပ်က ကျောက်ခဲနဲ့ သံမဏိကိုပါခေါ်လာပြီး အိမ်ပြန်ခဲ့တာပေါ့ဗျာ။ ကျောက်ခဲက မှျစ် အိတ်ကြီးကိုထမ်းလို့ဗျ။ သံမဏိက မှိုနဲ့ဒညင်းသီးအိတ်ကိုထမ်းလို့ပေါ့ ဗျာ။ ဒညင်းသီးနဲ့မှိုကိုလည်း ကိုကြီးစိန်သောင်းက ကျုပ်ကို ခွဲပေးလိုက် တာလေဗျာ။

ကျောက်ခဲနဲ့သံမဏိလည်း အိမ်မှာထမင်းစားကြတာပေါ့ဗျာ။ အမေ့လက်ရာ တောဝက်သားဟင်းနဲ့တောကြက်ဟင်းကို ဒညင်းသီး ပြုတ်နဲ့ ငရုတ်သီးဆားထောင်းလေးနဲ့ စားကြတာပေါ့ဗျာ။ ကျုပ်တို့ ထမင်းစားတော့ပဲ နေမွန်းတည့်နေပြီဗျ။ ထမင်းဝိုင်းမှာ အဘနဲ့အမေ ကလည်း သူတို့ကြားထားတဲ့ ဘိုးယာခင်ခေါင်းဖြတ်အသတ်ခံရတဲ့





သတင်းကို ပြောပြကြတယ်။ ဘိုးယာခင်ဆိုတာက အသက်ခုနစ်ဆယ် ကျော်နေပြီဗျ။ လွတ်သဘောကောင်းတဲ့ ဘိုးတော်ကြီးဗျ။ သူ့အကြောင်း ကို အမေတို့အဘတို့က အသိဆုံးပေါ့ဗျာ။ ထနောင်းကုန်း ဇာတိတွေပဲ။

''ကိုယာခင်က ငယ်ငယ်ကတည်းက သိပ်ရိုးသားတဲ့လူကွ လူလေးရ။ ငါတို့က ကိုယာခင်ကြီးရင် ဘုန်းကြီးဖြစ်မယ်ချည်းထင် ထားကြတာ။ အဲဒီလောက်ရိုးတဲ့လူဟာ ရန်ငြိုးရန်စလည်းရှိတဲ့သူမ ဟုတ်ပါဘူးကွာ။ ဘယ်လိုဖြစ်ပြီး ရက်ရက်စက်စက်အဖြစ်ကြုံရတယ် ဆိုတာ အဘတော့တွေးလို့ကို မရပါဘူးလူလေးရာ''

''ဒီညနေလေးနာရီမှာ သင်္ဂြိုလ်မယ်ပြောတယ်ဗျ။ ကိုကြီး တာတေရ၊ သူကြီးရော၊ ဆယ်အိမ်ခေါင်းရော၊ ဌာနကလူတွေရော ရောက်ပြီးသွားပြီတဲ့။ အားလုံးလည်းစစ်ဆေးပြီးသွားပြီပြောတယ်''

''ဟင်၊ မင်းကိုဘယ်သူပြောတုံးကျောက်ခဲရဲ့''

''ကျုပ်စောစောက ကြက်သားဟင်းထဲထည့်ဖို့ ဈေးဆိုင်မှာ မဆလာသွားဝယ်ရင်းကြားခဲ့တာဗျ''

''နို့..ခေါင်းကောရှာတွေ့လို့လား''

''ဘယ်တွေ့မှာလဲဗျာ ခေါင်းမပါဘဲသင်္ဂြိုလ်ရမှာလေ''

ကျုပ်က ခေါင်းငြိမ့်ပြီးတွေးလိုက်တယ်။ ဘိုးယာခင်ရဲ့ခေါင်း ကိုဘယ်သူမှရှာမတွေ့တော့ဘူးဆိုတာ ကျုပ်သိတာပေါ့ဗျာ။

ညနေလေးနာရီထိုးတော့ အဘရော၊ ကျုပ်ရော၊ ကျောက်ခဲရော



www.burmeseclassic.com

www.burmeseclassic.com



သံမဏိရော အသုဘလိုက်ပို့ကြတယ်။ ကျုပ်တို့ရွာရဲ့ရာဇဝင်မှာ ခေါင်းမပါဘဲသင်္ဂြိုလ်ရတဲ့ အသုဘပေါ့ဗျာ။ အားချင်းရိုက်ထားတဲ့ ခေါင်းကြမ်းလေးထဲမှာ ခေါင်းမပါတဲ့ဘိုးယာခင်ရဲ့အသုဘကိုထည့်ပြီး မြေမြှုပ်လိုက်ကြရတော့တာပေါ့ဗျာ။

ဒီကိစ္စကို မဖဲဝါသိလိမ့်မယ်ဆိုတာကို ကျုပ်တွေးမိတာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်ညကမြင်ခဲ့တွေ့ခဲ့ရတဲ့ခေါင်းပြတ်တောင်ကအကြောင်းတွေကိုရွာမှာပြောပြလို့ ဘယ်ဖြစ်မှာတုံးဗျာ။

ဘိုးယာခင်ရက်လည်ကိစ္စပြီးသွားကတည်းက ညဘက်ဆိုရင် ရွာထဲမှာတိတ်ကိုသွားတာဗျို့။ မိုးချုပ်ရင်ရွာထဲမှာ သွားတဲ့လာတဲ့လူတောင်မရှိတော့ဘူး။ ညဘက်ခွေးဟောင်သံကြားရင် ခေါင်းထောင်ပြီးထကြည့်ကြရတာ။ တစ်ခါတလေ ခိုးခိုးခွပ်ခွပ်အသံကြားရင်တောင် ‘ဟဲ့..နားထောင်စမ်းမြင်းခွာသံလား’ ဆိုပြီး လူတွေလန့်နေကြတာဗျာ။

ဘိုးယာခင်အသတ်ခံရပြီး ခြောက်လလောက်ကြာတော့ ဆောင်းတွင်းပေါ့ဗျာ။ ဆောင်းဆိုပေမယ့် ပြာသိုတော့မဟုတ်ဘူးဗျ။ တန်ဆောင်မုန်းလထဲမှာ မနက်အစောကြီး ကျုပ်ထမင်းကြမ်းစားနေတုန်း ကိုကြီးစိန်သောင်းပျာရိပျာယာနဲ့ ကျုပ်ဆီကိုရောက်လာတယ်။

“တာတေရေ...တာတေ”

“ဗျာ...ကိုကြီးစိန်သောင်း ကျုပ်ဒီမှာရှိပါတယ်ဗျ”

ဒီလူက ကသောကမျောနဲ့ အိမ်ပေါ်ကိုတက်လာတာဗျ။





“ကိုကြီးစိန်သောင်းလာ ဘာဖြစ်လို့တုံး”

“တာတေ ငါ့အဘအခြေအနေမကောင်းဘူးကွ”

“ဗျာ...ဘိုးကြာဥဘာဖြစ်လို့တုံး၊ ဟိုတစ်ပတ်ကတင်ကျုပ်နဲ့တွေ့လို့ စကားရပ်ပြောနေသေးတာပဲ”

“နေမကောင်းတာမဟုတ်ဘူးကွ တာတေရ”

“ဗျာ...ဒါဆိုဘာဖြစ်လို့တုံး”

“ဟို...ဘိုးယာခင်ကြီးဖြစ်သလိုဖြစ်တာကွ”

“ဗျာ..ဘယ်လိုဗျ”

“ဟုတ်တယ်တာတေ မနေ့ကမှစပြီးဖြစ်တာ။ ဘိုးယာခင်မသေခင်ကပြောတာမျိုးတွေ ပြောတာကွ”

“ဟင်..ဘယ်လိုပြောလို့တုံးဗျ”

“နဂါးငါမှားပါတယ်ကွာ၊ ဒီဗွပြောတာကိုနားယောင်သွားတာပါကွာ။ ‘မင်းမို့လား ဒီဗွခေါင်းကိုဖြတ်သတ်သွားတာလေ။ ဒီဗွခေါင်းကိုမင်းယူသွားတယ်မို့လား။ ငါ့ကိုခွင့်လွှတ်ပါ နဂါးရယ်။ ရန်သူ့စစ်ခံတွင်းကိုမင်းဝင်သွားတာ ဒီဗွအကွက်ဆင်ပေးလိုက်တာပါ။ ငါမဟုတ်ပါဘူးနဂါးရာ’ တဲ့ကွ”

“ဟာ..ဘယ်အချိန်ပြောတာတုံးဗျ”

“ညက အိပ်ရင်းယောင်ပြောတာကွ။ မနေ့ကနေ့ခင်းကတည်းက ကြောင်တောင်တောင်ကြီးဖြစ်ပြီး တစ်ခွန်းစနှစ်ခွန်းစပြော



www.burmeseclassic.com

www.burmeseclassic.com



ပြောနေပြီကွ။ သူပြောတာတွေကိုအားလုံးပေါင်းပြီး ငါပြောပြတာ"

ကျုပ်က ထမင်းစားပြီးတာနဲ့ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီးဖွာလိုက်တယ်။ ကိုကြီးစိန်သောင်းကိုလည်း တစ်လိပ်တည့်လိုက်တယ်။ နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး ကျုပ်တွေးကြည့်တယ်ဗျ။ ခေါင်းပြတ်တောင်က၊ ခေါင်းပြတ်သရဲကြီးနဲ့ ဘိုးကြာဥတို့ ဘိုးယာခင်တို့ဟာ ဘယ်လိုပတ်သက်မှုနေကြတယ်ဆိုတာကို ကျုပ် တွေးလို့မရဘူးဗျ။ ပတ်သက်မှုရှိနေတယ်ဆိုတာကျုပ်ယုံတယ်။

"ကိုကြီးစိန်သောင်း ကျုပ်တို့ခေါင်းပြတ်တောင်မှာ ညအိပ်တုန်းက ခေါင်းပြတ်သရဲကြီးထွက်လာတာရယ်။ မဖဲဝါရောက်လာတာရယ်ဟာ ဆက်စပ်နေလိမ့်မယ်ဗျ။ ဒီတော့ဒီကိစ္စကို မဖဲဝါကို ပင့်ပြီးမေးမှဖြစ်လိမ့်မယ်ဗျ ကိုကြီးစိန်သောင်းရ"

"လုပ်ကွာ တာတေရာ ငါ့အဘဒီလိုဖြစ်နေတာ ရွာထဲကလူတွေဘယ်သူမှ မသိကြသေးဘူးကွ။ အချိန်တော့သိပ်မဆွဲနဲ့ကွာ။ မြန်နိုင်သမျှမြန်အောင်သာလုပ်ကွာ"

"ဒီညလုပ်မယ်လေဗျာ"

"ဒါဆိုဘာလိုတုံး၊ အမဲသားချက်မလား"

"ဗျာ...အမဲသားရရင်ပိုကောင်းတာပေါ့ဗျ။"

"ဒါဆိုငါသွားယူလိုက်မယ်။ ဘန့်ဘွေးကုန်းက ဆင်ပေါက်တို့အမဲပေါ်တယ်ကွ"





ကိုကြီးစိန်သောင်း ဘန့်ဘွေးကုန်းကပြန်လာတော့ အမဲသားတစ်ပိဿာပါလာတယ်။ ကျုပ်ပဲ ချက်ပြုတ်အဆင်သင့်ပြင်ရတာပေါ့ဗျာ။ ဒီကိစ္စကို ကျုပ်လည်းလူသိမခံချင်ဘူးဗျ။ ဘိုးယာခင်ခေါင်းဖြတ်အသတ်ခံရပြီးကတည်းက ကျုပ်တို့ရွာမှာက လန့်နေကြတာ။ ကျုပ်တို့ ထနောင်းကုန်းရွာသားတွေရဲ့ အကျင့်ပေါ့ဗျာ။ တစ်စိပ် ဆိုရင် တစ်အိတ်လို့ပြောကြတာ။ အခုလည်းညဆိုရင် ခါးကောက်ကြီးကိုင်ထားတဲ့ မည်းမည်းလူကြီးက ရွာထဲမှာလျှောက်သွားနေသလိုလို။ ညက မြင်းဟီသံကြားလိုက်တယ်လို့ ပြောတဲ့လူကပြောနဲ့ ဘိုးယာခင်သေပြီးခြောက်လအတွင်းမှာ စကားမျိုးစုံ ရွာထဲ မှာပြန့်နေတာဗျ။ ဒီတော့ကျုပ်မဖဲဝါပင့်မယ့်ကိစ္စတွေ၊ ကိုကြီးစိန်သောင်းအဘ ဘိုးကြာဥဖြစ်နေတဲ့ကိစ္စတွေကို လူသိမခံမှဖြစ်မှာပေါ့ဗျာ။

ညကိုးနာရီထိုးတော့ ကိုကြီးစိန်သောင်းနဲ့ကျုပ်နဲ့ထမင်းတောင်းလေးထမ်းပြီး ထနောင်းကုန်းသင်္ချိုင်းထဲကိုလာခဲ့ကြတယ်။ ထုံးစံအတိုင်းပေါ့ဗျာ ကျောင်းအစ်မကြီးဒေါ်မယ်ခရဲ့ အုတ်ဂူကြီးပေါ်မှာထမင်းပွဲပြင်ပြီးမဖဲဝါကိုကျုပ်ပင့်လိုက်တယ်။ မျက်ကွင်းဆေးကို မျက်စိမှာကွင်းယုံတင်မကဘူး။ နားမှာပါလိမ်းပြီး ဒိဗ္ဗသောတမန္တန်ကို ကျုပ်ရွတ်ပြီးဖွင့်ထားလိုက်တယ်။ မြင်လည်းမြင်ကြားလည်းကြားရမှာပေါ့ဗျာ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်မှုဝံအတွင်း ရောက်ရှိရာအရပ်ကနေ အမြန်ဆုံးကြွခဲ့ပါ သင်္ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်မကြီးမဖဲဝါဗျာ၊ ထနောင်းကုန်းက တာတေက ပင့်ဖိတ်ပါတယ်ဗျား....''

''ဂူး..ဂူး..ဂူး..အီး..အီး..အီး''

ဟာ..ဒီတစ်ခါမြန်တယ်ဗျို့။ မဖဲဝါချက်ချင်းရောက်လာတယ်ဗျ။ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးက သံချိုင်းထဲကို ပြေးဝင်လာတာဗျို့။ မဖဲဝါက ဂူတွေအပေါ်ကရိပ်ကနဲရိပ်ကနဲ ရွေ့လာတာ။ ကျုပ်ထမင်းပွဲပြင်ထားတဲ့ ဂူကြီးပေါ်မှာဒူးကြီးနှစ်လုံးထောင်ပြီး စားတော့တာပဲဗျာ။ သူစားလိုက်၊ အမဲသားတုံးတွေကို နက်ကျော်ကြီးချကျွေးလိုက်နဲ့ဗျ။ ခဏနေတော့ ကျုပ်ကိုမော့ကြည့်ပြီး ခေါင်းညိတ်ပြတယ်။

''မဖဲဝါ ဝါဆိုလတုန်းကခေါင်းပြတ်တောင်မှာ ကျုပ်နဲ့ဟောဒီကကိုကြီးစိန်သောင်း မှုစ်ချိုးသွားရင်းညအိပ်ကြတယ်။ အဲဒီညမှာ ခေါင်းပြတ်သရဲကြီးကို ကျုပ်မြင်ခဲ့တယ်။ အဲဒီညမှာပဲ၊ အဲဒီခေါင်းပြတ်သရဲကြီးက ကျုပ်တို့ရွာကဘိုးယာခင်ကို ခေါင်းဖြတ်သတ်သွားတယ်။ ဘိုးယာခင်ရဲ့ ခေါင်းပြတ်ကြီးကိုယူလာပြီး ညောင်ပင်ကြီးထဲကို မြင်းနက်ကြီးနဲ့ ဝင်သွားတာလည်းကျုပ်တွေ့ရတယ်။ ခဏနေတော့ မဖဲဝါနဲ့နက်ကျော်ရောက်လာတာကိုလည်း ကျုပ်တို့အိပ်တဲ့ညောင်လန်းပင်ကြီးပေါ်ကနေတွေ့ခဲ့ရတယ်ဗျ''

''နားထောင်တာတေ အဲဒီခေါင်းပြတ်တောင်ဆိုတာ မင်းနဂါး





ခေါင်းဖြတ်ပြီးအသတ်ခံရတဲ့တောင်ပဲ။ မင်းနဂါးက လက်ျာတပ်မှူးစစ်သူကြီးတစ်ယောက်ပဲ။ သူ့မှာသူငယ်ချင်းနှစ်ယောက်ရှိတယ် ဒိဗ္ဗနဲ့ ဝံသဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ သူတို့လည်းဗိုလ်တွေပဲ။ မင်းနဂါးက သူ့သူငယ်ချင်းဗိုလ်မင်းနှစ်ယောက်ကို သိပ်ယုံကြည်တာ။ စစ်ရေးလျို့ဝှက်ချက်တွေအကုန်ပြောပြတာ။ ဒါကို တဘက်နိုင်ငံက ရန်သူ သူလျှိုကသိတော့ ဒိဗ္ဗနဲ့ဝံသကို ရွှေတွေအများကြီးပုံပေးပြီး သတင်းတွေအမြဲနှိုက်ယူနေတာ။ ဒါကို မင်းနဂါးကမသိတော့ အရေးကြီးတဲ့စစ်ပွဲကြီးရဲ့စစ်ဆင်ရေးပုံစံကို သူ့သူငယ်ချင်းနှစ်ယောက်ကို ပြောပြလိုက်တာတစ်ဘက်ရန်သူကသိသွားပြီး မင်းနဂါးထောင်ချောက်ဆင် အဖမ်းခံလိုက်ရတယ်။ ဒါကိုမသေခင်မှာ မင်းနဂါးကသိသွားပြီး အကြီးအကျယ်ဒေါသဖြစ်သွားခဲ့တာ။ အဲဒီစိတ်နဲ့သေတော့ မကျွတ်ဘဲသူ့ခေါင်းကို ဖြတ်သတ်တဲ့ ခေါင်းပြတ်တောင်မှာပဲ နေနေတော့တာဟဲ့ တာတေရဲ့၊ အတိတ်ကစိတ်စေတနာ ကောင်းခဲ့တဲ့လူဆိုတော့ သူ့အတွက် ညောင်ပင်မှာ နေစရာဗိမ္မာန်ပေါက်လာတယ်။ ခေါင်းမရှိပေမယ့် မြင်နိုင်ကြားနိုင်တဲ့ အစွမ်းသူ့မှာရှိတယ်။ ထနောင်းကုန်းမှာ ဒိဗ္ဗကယာခင်ဆို ပြီးလူပြန်ဖြစ်သလို၊ ဝံသကကြာဉဆိုပြီး လူဖြစ်လာတယ်။ ဒါကို မင်းနဂါးကသိသွားတော့ ဒိဗ္ဗကို ခေါင်းဖြတ်သတ်သွားတာပေါ့ တာတေ။ အခုဝံသအလှည့် ရောက်တော့မယ်''

''ဟုတ်...ဟုတ်ပါတယ်ဗျာ။ မဖဲဝါရယ် အဲဒီကိစ္စ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်ရမလဲဆိုပြီး လာမေးတာပါ"

"ဒီကိစ္စတွေကို ဦးဆောင်ပြီးလုပ်တာက သစ္စာဖောက်ဒီဗွက လုပ်တာ ဝံသကိုဒီဗွက နုတ်ပိတ်နိုင်းတာပဲရှိတာ၊ ဝံသကဘာမှလုပ်ဆောင်ခဲ့တာ မဟုတ်ဘူး။ ဒါကိုလည်းမင်းနဂါးသိတယ်။ ဒီတော့နင်တို့သူ့ကိုဒီဘဝက ကျွတ်အောင်လုပ်ပေးနိုင်ရင် သူဘယ်သူ့ကိုမှသတ်မှာ မဟုတ်တော့ဘူး"

"ကျုပ်ကို ဘာလုပ်ရမလဲဆိုတာသာပြောပါမဖဲဝါ။ မင်းနဂါးကြီး ကျွတ်အောင်လွတ်အောင် ကျုပ်လုပ်ပေးပါ့မယ်"

"သူ့ခေါင်းကိုပြန်ရရင် သူချက်ချင်းကျွတ်သွားမှာ အဲဒီ့အပေါ်မှာ သူစွဲနေလို့မကျွတ်တာ တာတေ။ သူ့ခေါင်းရှိတဲ့နေရာကို ငါသိတယ်။ သူ့ခေါင်းကိုဆေးစိမ်ထားတာ အခုထိအကောင်းအတိုင်းရှိ သေးတယ်"

"ဟာ..ဟုတ်လားမဖဲဝါ ဘယ်မှာရှိတယ်ဆိုတာသာပြောပါ။ ကျုပ်ရအောင်ယူမယ်"

"အဲဒီခေါင်းပြတ်တောင်ရဲ့မြောက်ဘက်မှာ ဆင်မတောင်ဆိုတာရှိတယ်။ ဆင်မတောင်ရဲ့အရှေ့ဘက်ခါးပန်းမှာ ဂူပေါက်တစ်ခုရှိတယ်။ အဲဒီဂူပေါက်ကနေဝင်သွားရင် အထဲမှာကျောက်တလားတစ်ခုတွေ့လိမ့်မယ်။ အဲဒီ့ကျောက်တလားထဲမှာ မင်းနဂါးရဲ့ခေါင်းရှိတယ်။ အဲဒီ့ခေါင်းကို တလားပါယူလာပြီး သူ့ဂူပေါ်မှာတင် ထားလိုက်။ ငါလည်းလာခဲ့မယ်။ အဲဒီမှာမင်းနဂါးရဲ့သင်္ချိုင်းရှိနေလို့ အဲဒီတောင်ကို





ငါစောင့်နေရတာဟဲ့ တာတေရဲ့။ နင်လဆန်း(၁၃)ရက် ကိုအမှီ လုပ်မှရမယ်။ အဲဒီ့ညမှာဝံသခေါင်းကို မင်းနဂါးဖြတ်မှာ၊ ခေါင်းဖြတ်ဖို့ထွက်အလာမှာ သူ့ခေါင်းကိုမြင်သွားရင် ကိစ္စအားလုံး ပြီးသွားလိမ့်မယ်"

ပြောပြီးစားပြီးတာနဲ့ မဖဲဝါပြန်ထွက်သွားတယ်။

"ဂူး..ဂူး..ဂူး..အီး..အီး..အီ"

နက်ကျော်ကြီးရဲ့အော်သံ တဖြေးဖြေးဝေးသွားတော့ ကျုပ်နဲ့ကိုကြီးစိန်သောင်းပြန်လာခဲ့ကြတယ်။ ဒီညတန်ဆောင်မုန်းလဆန်း (၁၀)ရက်လေဗျာ။ သဘက်ခါ(၁၂)ရက်နေ့မနက်စောစောသွားဖို့ ကျုပ်နဲ့ကိုကြီးစိန်သောင်းဆုံးဖြတ်လိုက်ကြတယ်။ ခေါင်းပြတ်တောင်ကို နောက်တစ်ခေါက်ပေါ့ဗျာ။

ကပ္ပလီစုကနေ ထန်းတောကြီးရောက်အောင်သွားခဲ့ကြတယ်။ ထန်းတောကြီးရွာရောက်တော့မှ တောင်ပေါ်ကိုကျုပ်တို့နှစ်ယောက်တက်ခဲ့ကြတာ။ ကျုပ်တို့က ခေါင်းပြတ်တောင်ကိုသွားမှာမဟုတ်ဘူး။ ခေါင်းပြတ်တောင်ရဲ့ မြောက်ဘက်ကဆင်မတောင်ကိုသွားမှာ။

ကျုပ်တို့ဆင်မတောင်မှာ ဂူပေါက်ကိုလိုက်ရှာတယ်။ ဂူပေါက်တွေကတစ်ခုမကဘူး လေးငါးခုလောက်ရှိတာ။ ကိုကြီးစိန်သောင်းနဲ့ကျုပ်နဲ့ဂူပေါက်တွေကို တစ်ခုပြီးတစ်ခုဝင်ရှာကြတာ။ မဖဲဝါပြောတဲ့ကျောက်တလားဆိုတာ လုံးဝရှာလို့မတွေ့ဘူးဗျ။ ဒီလိုနဲ့မိုးချုပ်သွားပြီးဆင်မတောင်မှာ ကျုပ်တို့ညအိပ်ကြရတယ်။ ကိုကြီးစိန်သောင်းက ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တလားကြီးရှာလို့မတွေ့တော့ သူ့အဘအတွက်စိတ်ပူတာပေါ့ဗျာ။

နောက်နေ့မနက်မိုးလင်းတော့ ကျုပ်တို့နှစ်ယောက်ဆက်ပြီး ရှာကြတယ်။ ဒီနေ့ကလဆန်း(၁၃)ရက်လေဗျာ။ ကျုပ်တို့နှစ်ယောက်လည်း ကိုယ်တွေလက်တွေနာနေကြပြီဗျ။

ထမင်းစားချိန်ရောက်တော့ သစ်နီပင်ကြီးတစ်ပင်အောက်မှာ နားပြီး ပါလာတဲ့ကောက်ညှင်းကျည်တောက်ကို ငါးခြောက်ဖုတ်ကလေးနဲ့ စားလိုက်ကြတယ်။ စားရင်းနဲ့ ကျုပ်တို့နောက်က မြရာတောကြီးကိုလှည့်ကြည့်မိတယ်။ ဒီမှာတင်မြယာပင်တွေကြားမှာ ဂူပေါက်တစ်ခုကို ကျုပ်သွားတွေ့တယ်။ ကျုပ်စားနေရာကနေချက်ချင်းမြရာပင်တွေကြားကတိုးဝင်လိုက်တာ ဂူဝကိုရောက်သွားတယ်။ ကိုကြီးစိန်သောင်းကလည်း ကျုပ်နောက်ကကပ်ပြီးလိုက်လာတယ်ဗျ။

ကျုပ်တို့ ဂူထဲကိုဝင်ခဲ့တယ် ဂူကတစ်ဆစ်ချိုးကွေ့သွားတယ်။ ကျုပ်တို့နှစ်ယောက်ကွေ့ဝင်လိုက်တယ်။

"ဟာ..ဟိုမှာဗျ ကိုကြီးစိန်သောင်း"

ကျောက်တုံးကြီးတစ်တုံးပေါ်မှာတင်ထားတဲ့ ကျောက်တလားဗျ။ အရှည်ကနှစ်ပေလောက်ရှိပြီး အမြင့်ကတစ်ပေလောက်ရှိမယ်ဗျ။ အပေါ်မှာအဖုံးပါတယ်။ အံထိုးနဲ့ဖုံးထားတာဗျ။ ကျုပ်က ကျောက်တလားကို အဖုံးဆွဲဖွင့်လိုက်တော့...၊

"ဟာ..."





အထဲမှာဆေးစိမ်ထားတဲ့ မင်းနဂါးရဲ့ခေါင်းပြတ်ကြီးဗျာ။ ဆေးရည်တွေကတော့မရှိတော့ဘူး။ ဒါပေမယ့် ဆေးရဲ့အစွမ်းကြောင့် ခေါင်းပြတ်ကြီးကမပုတ်ဘူးဗျ။ ကျုပ်ဖြင့်အံ့သြလိုက်တာ။ ကျုပ်နဲ့ ကိုကြီးစိန်သောင်း ကျောက်တလားလေးကိုယူပြီး တစ်ယောက်တလဲထမ်းကြတယ်။ ဆင်မတောင်ကဆင်းပြီး ခေါင်းပြတ်တောင်ကိုတက်ခဲ့ကြတယ်။ ညနေလေးနာရီလောက်ကျတော့ ခေါင်းပြတ်တောင်ပေါ်ကိုရောက်ပြီဗျ။ မင်းနဂါးဂူကိုသွားပြီးတော့ ဂူပေါ်မှာခေါင်းပြတ်ကြီးထည့်ထားတဲ့ ကျောက်တလားလေးကို တင်ထားလိုက်တယ်။

တောထဲမှာမိုးချုပ်တာ စောတယ်လေဗျာ။ ကျုပ်နဲ့ကိုကြီးစိန်သောင်း ဟိုတစ်ခါအိပ်တဲ့သစ်ပင်ကြီးမှာပဲတက်ပြီး နေလိုက်ကြတယ်။ ဒီညကတန်ဆောင်မုန်းလဆန်း(၁၃)ရက်ဗျ။ လထွက်လာပြီ။ ချမ်းတာပေါ့ဗျာ။ နှစ်ယာက်သားပုဆိုးလေးတွေခြုံပြီးကွေးနေရတာမို့။

ညသန်းကောင်ကျော်တော့...၊

"ဝုန်း.."

ဟော..မင်းနဂါးထွက်လာပြီဗျ။ ကျုပ်က ညနေကတည်းက မျက်ကွင်းဆေးကွင်းထားတော့ မြင်နေရတာပေါ့ဗျာ။

"ဂူး..ဂူး..ဂူး...အီး...အီး...အီး"

ဟာ...၊ နက်ကျော်ကြီးအူသံဗျ။ ကျုပ်တို့နဲ့နီးနီးလေးက[illegible] လာတာ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော..မဖဲဝါလည်းလာပြီ"

လို့ကျုပ်ကပြောလိုက်တော့ ကိုကြီးစိန်သောင်းကဟိုကြည့် ဒီကြည့်လုပ်နေတယ်ဗျ။ သူ့ဘယ်မြင်ရမှာလဲဗျာ။

မင်းနဂါးခေါင်းပြတ်သရဲကြီးက ဟိုတစ်ခါတွေ့တုံးကလိုပဲ။ အနက်ရောင်ချပ်ဝတ်တန်ဆာတွေနဲ့ပဲဗျ။ သူ့ရဲ့မြင်းနက်ကြီးကိုစီးထားတယ်။ လက်ထဲမှာဓါးကြီးကိုင်လို့၊ ညောင်ပင်ရှေ့ရပ်ပြီး ပတ်ဝန်းကျင်ကိုအကဲခတ်နေတယ်။ ဟော..မဖဲဝါရောက်လာပြီဗျို့။ မဖဲဝါက မင်းနဂါးရဲ့ဂူဘေးမှာရပ်ပြီး ဂူပေါ်ကကျောက်တလားကို လက်ညှိုးထိုးပြတယ်။ ဒီတော့မှ မင်းနဂါးကမြင်သွားပြီး မြင်းကြီးနဲ့ဂူနားကို ကပ်လာတယ်။ ကျုပ်က မျက်ကွင်းဆေးကိုနားမှာပါလိမ်းပြီး ဒိဗ္ဗသောတမန္တန်ရွတ်ထားတော့ နားပါကြားနေရတာဗျ။

"လက်ျာတပ်မှူးကြီး သင်အလိုရှိနေတဲ့ သင့်ရဲ့ခေါင်းပါ"

မဖဲဝါကပြောလိုက်တော့ မင်းနဂါးကကျောက်တလားရဲ့အဖုံးကို ချက်ချင်းဆွဲပြီးဖွင့်လိုက်တယ်"

"ဟား..ဟား..ဟား..ဟား..ဟား"

မင်းနဂါးကဝမ်းသာအားရရယ်လိုက်တယ်ဗျို့။ ပြီးတော့ ကျောက်တလားထဲက သူ့ရဲ့ခေါင်းပြတ်ကြီးကိုယူပြီး သူ့လည်ပင်းငုတ်တိုမှာတပ်လိုက်တယ်။

"ဟာ"





အံ့သြစရာပါပဲဗျာ။ ခေါင်းပြတ်ကြီးက လည်ပင်းငုတ်တိုကြီးပေါ်တင်လိုက်တာနဲ့ လည်ပင်းမှာဆက်သွားရောဗျို့။

"ကျုပ်မဖဲဝါကိုကျေးဇူးတင်တယ်။ ကျုပ်မရှိတဲ့နောက်မှာတော့ ဒီသင်္ချိုင်းကို မဖဲဝါမစောင့်လည်းရပြီပေါ့။ ကဲ..ကျုပ်သွားရတော့မယ်။ မဖဲဝါကို ကျုပ်နုတ်ဆက်ခဲ့ပါတယ်ဗျာ"

လို့အသံသြသြကြီးနဲ့ပြောလိုက်ပြီး၊ ဖြတ်ကနဲပျောက်သွားရောဗျို့။

"ဟာ..မင်းနဂါးကြီးကျွတ်သွားပြီ"

လို့ကျုပ်ပါးစပ်ကပြောလိုက်တဲ့အသံကို ကိုကြီးစိန်သောင်းကြားလိုက်သလို မဖဲဝါလည်းကြားသွားတယ်ဗျ။ ကျုပ်ရှိတဲ့ညောင်လန်းပင်ကြီးပေါ်ကို မဖဲဝါတစ်ချက်လှမ်းကြည့်ပြီးလှည့်ထွက်သွားတယ်။

"ဂူး..ဂူး..ဂူး...အီး...အီး...အီး"

နက်ကျော်ကြီးအူလိုက်တဲ့အသံက ခေါင်းပြတ်တောင်ကြီးတစ်တောင်လုံးဟိန်းသွားတာပေါ့ဗျာ။ မဖဲဝါပြန်သွားပြီး ကိုကြီးစိန်သောင်းက သူ့အဘကိုစိတ်မချတော့ ညတွင်းချင်းရွာကို ပြန်ချင်နေတာဗျ။ ဒါနဲ့ကျုပ်လည်းညတွင်းချင်း ပြန်လာခဲ့တယ်။

ဆရာတော့်ကျောင်းက တုံးမောင်းခေါက်တဲ့အချိန် ကျုပ်တို့ထနောင်းကုန်းကိုပြန်ရောက်ကြတယ်။ ကျုပ် ကိုကြီးစိန်သောင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုက်သွားပြီး ဘိုးကြာဉရဲ့အခြေအနေကိုလိုက်ကြည့်လိုက်တယ်။

"သြကာသ..သြကာသ...သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ......"

ဘိုးကြာဉက ဘုရားစင်ရှေ့မှာ ဆီမီးပူဇော်ပြီးဘုရားရှိခိုးလို့ဗျ။ ဒီတော့မှ ကိုကြီးစိန်သောင်းရောကျုပ်ရော ရင်ထဲကအပူလုံးကြီး ပျောက်သွားတော့တာပေါ့ဗျာ။

"ကျေးဇူးတင်လိုက်တာ တာတေရာ"

ကိုကြီးစိန်သောင်းရဲ့ ဟာန်ဆောင်မှုမပါတဲ့ ရင်ထဲကစကားကို နားထောင်ပြီးတော့ ကျုပ်အိမ်ပြန်လာခဲ့တယ်။ ကျုပ်ပြန်ရောက်တော့ အဘနဲ့အမေတောင်နိုးနေကြပြီဗျ။

"ဟဲ့..ငွေစိန်၊ ကောက်ညှင်းပေါင်းကျက်ပြီလား၊ ဒီမှာနင့်သားတာတေပြန်ရောက်လို့"

အမေယူလာတဲ့ကောက်ညှင်းပေါင်းကို အားရပါးရစားရင်း ခေါင်းပြတ်တောင်က အဖြစ်အပျက်တွေကို ကျုပ်ကအဘနဲ့အမေကို ပြန်ပြောလိုက်တာပေါ့ဗျာ။

တာတေ

❑❑❑





# ကိုယ်ပျောက်ဖျော်

ထနောင်းကုန်းနဲ့ ဘန့်ဘွေးကုန်းဆိုတာ တစ်ဆက်တည်းရှိနေတဲ့ ရွာတွေလေဗျာ။ ညရေးညတာရှိလို့ တစ်ရွာကသံချောင်းခေါက်ရင် [illegible] ရွာက ကြားရတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



နတ်တော်လဗျို့။ ကျုပ်တို့အညာမှာ ငွေ့တက်အေးနေပြီ။ လူတိုင်း စောင်ခြုံပြီး ကွေးနေတဲ့အချိန်လေဗျာ။ မတော်တဆ နိုးသွားရင်ချက်ချင်း ပြန်အိပ်လို့မရတဲ့ လတွေပေါ့ဗျာ။

“ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်”

တစ်ရွာလုံး အိပ်ကောင်းနေတဲ့အချိန် ကင်းတဲက သံချောင်း ခေါက်သံကြီး ထွက်လာတာဗျ။

“ဟဲ့ တာတေ၊ တာတေ၊ နိုးလား”

အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ကျုပ်အမေက အသံတွေတုန်နေ ရောဗျ။

“နိုးပါတယ် အမေရဲ့”

“နင့် နိုးတယ်သာဆိုတယ်၊ တုံးလုံးက မထပါလား၊ ထထက် ပြီး ထိုင်လေ၊ အသံလေးဘာလေး နားစွင့်ဟဲ့”

ကျုပ်လည်း လှဲနေလို့ မရတော့ဘူးပေါ့ဗျာ။ ချမ်းချမ်းစီးစီး နဲ့ ထထိုင်ရတော့တာဗျို့။

“ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်”

ဟော...ကျုပ်တို့ရွာလယ်ပိုင်းကလည်း ခေါက်သဗျ။ စကြား တုန်းကတော့ မြောက်ပိုင်းကင်းက အသံဗျ။

“ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်”

ဟော..တောင်ပိုင်းကင်း။ ဟာ..အရှေ့ပိုင်းကင်း။ ဟာ.. အနောက်ပိုင်းကလည်း ခေါက်ပြီဗျို့။ တစ်ရွာလုံး ကင်းတွေ အကုန်ခေါက်





တာဗျို့။

“ဟာတေ ထစမ်း၊ အပြင်ထွက်ပြီး နည်းနည်းပါးပါး ကြည့် စမ်း၊ မီးတွေဘာတွေများလားဟဲ့”

အမေက အသံခပ်တုန်တုန်နဲ့ ပြောနေတာဗျ။ ကျုပ်လည်း အမေ စိုးရိမ်နေမှန်းသိလို့ ထပြီး ပြတင်းပေါက်တွေ ဖွင့်ကြည့်ရတာပေါ့ ဗျာ။ မီးခိုးတွေဘာတွေ မတွေ့ပါဘူးဗျာ။

“မီးတော့ မဟုတ်ပါဘူး အမေ၊ ဘာမှလည်း မတွေ့ဘူး”

“အေး...အေး၊ မီးမဟုတ် ပြီးတာပါပဲဟယ်၊ ငါက မီးပဲ ကြောက်တာ”

အမေပြောတာ ဟုတ်တယ်ဗျ။ ကျုပ်တို့ အညာရွာတွေမှာ အကြောက်ဆုံးက မီးပဲဗျ။ ခင်ဗျား စဉ်းစားကြည့်လေဗျာ။ မီးလောင်ရင် ကျုပ်တို့မှာ ပက်စရာ ရေမှမရှိတာ။ သဲထုပ်နဲ့ပစ်၊ အိမ်ဖျက်ချပဲ လုပ်ရတာ။

“အမေ ကျုပ် သွားကြည့်လိုက်ဦးမယ်”

ကျုပ်က တာတေပဲဗျာ။ အမေ သိချင်တာထက် ကျုပ် သိချင်တာက ပိုပါတယ်။ အဘကတော့ ကျုပ်ထွက်လာတော့ စောင်ကြီး ခြုံပြီး ဆေးလိပ်ဖွာနေတာဗျ။

“လူလေး သတိဝီရိယနဲ့ သွားနော်၊ ဘာဖြစ်တာမှန်း သိတာ မဟုတ်ဘူး”

“ဟုတ်ကဲ့ အဘ”

ကျုပ် ရွာလယ်ပိုင်းက ဗဟိုကင်းတဲကို သွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် လပြည့်ဆိုတော့ လက တော်တော်သာနေတာဗျ။

ကျုပ်စိတ်က ထင်တာလားတော့ မသိဘူးဗျ။ လထိန်ထိန်သာနေရင် အညာက ပိုပြီးအေးသလိုပဲ။ ဖျင်ကြမ်းအနွေးထည်ကြီးတစ်ထည် ဝတ်ထားပေမယ့် စိမ့်နေတာဗျ။ လက်ထဲတော့ လိုရမယ်ရဓာတ်မီးတစ်လက်တော့ ကိုင်လာခဲ့တယ်။

“ဒီည ဘယ်သူ့ကင်းလဲကွ”

“ဟာ…တာတေပါလား၊ မင်းလာတာ အတော်ပဲကွ၊ ငါရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ်၊ ခြောက်စောင်းရယ်ကွ”

“ဟင်၊ ကိုကြီးတောင်လုံးပါလား”

ကျုပ် ကင်းတဲပေါ်ကို လှမ်းကြည့်လိုက်တော့ ကျုပ်ကောင်နှစ်ကောင်လည်း တွေ့ရတယ်ဗျ။ ခြောက်စောင်းဆိုတာက အောင်ဗလဆိုတဲ့ကောင်ကို ခေါ်တာဗျ။ ဒီကောင်က မျက်စိတော်တော် စောင်းတဲ့ကောင်ဗျ။ တစ်လုံးကမြေကြီးကိုကြည့်နေပြီး တစ်လုံးက ကောင်းကင်ကို ကြည့်နေသလို ထင်ရတာ။ ကျုပ်က ကင်းတဲပေါ် ကိုတက်ပြီး ကျောက်ခဲတို့နားမှာ ဝင်ထိုင်လိုက်တယ်။

“ခြောက်စောင်းရော မတွေ့ပါလား”

“ကိုအောင်ဗလက ကင်းတွေကို ပတ်ပြီးစုံစမ်းနေတယ်ဗျ၊ ကိုကြီးတာတေရဲ့”

“နို့ မင်းတို့က ဘာဖြစ်လို့ သံချောင်းခေါက်တာတုံး”

ကျုပ်မေးတုန်းစမ်းတုန်း ရှိသေးတယ်၊ ရွာလယ်လမ်းမှာ နေတဲ့



လူတွေ ကင်းတဲကို တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတယ်။

“တောင်လုံးရေ၊ ဘာဖြစ်လို့ သံချောင်းခေါက်တာတုံး”

လေးလေးချက်ကြီးက မေးတာဗျ။

“လူဗျ၊ လေးလေးချက်ကြီးရ”

“ဟ‥လူမြင်တာပဲ သံချောင်းခေါက်ရသလားဟ၊ ရွာထဲကလူတွေ ကိစ္စရှိလို့ သွားတာလာတာ ဖြစ်မှာပေ့ါ တောင်လုံးရ”

တဖြည်းဖြည်းနဲ့ ကင်းတဲမှာ လူတွေအုံနေပြီဗျ။

“လေးလေးချက်ကြီးကလည်း ဒီရွာမှာနေတဲ့လူကို ကျုပ်တို့က မသိဘဲနေမလားဗျ၊ အခုဟာက လူစိမ်းဗျ လူစိမ်း”

“ဟာ၊ တစ်ယောက်ယောက်အိမ်မှာ ဧည့်သည်တွေ ဘာတွေ ရောက်နေလားမှ မသိတာ၊ မင်းတို့က ဘယ်သူလဲ၊ ဘာလဲ မေးစမ်း မကြည့်ကြဘူးလား”

“လေးလေးချက်ကြီးကလည်းဗျာ အဖြစ်ကို မမေးသေးဘဲ ပြောနေတာကိုးဗျ”

“ဟေ…ဒါဆိုလည်း ပြောပါဦးကွ၊ အဖြစ်ကဘယ်လိုဖြစ်လို့တုံး”

“ဟိုတောင်ဘက်က လျှောက်လာတာဗျ၊ လူက အရပ်မနိမ့်မမြင့်နဲ့ဗျ၊ ဘန်ကောက်လုံချည် နံ့သာရောင်နဲ့ တိုက်ပုံဝါတာ တာလေး ဝတ်ထားတာ၊ လည်ပင်းမှာ မာဖလာအကြားလေး ပတ်ထားတယ်၊ ခေါင်းမှာ သိုးမွေးဦးထုပ်လည်း ဆောင်းထားတယ်၊ ခြောက်စောင်းက



www.burmeseclassic.com

www.burmeseclassic.com



စတွေ့ တာဗျ၊ လရောင်အောက်မှာ လျှောက်လာတာ။ 'ကိုကြီးတောင်လုံး ဟိုမှာလူဗျ၊ အရိပ်မရှိ ဘယ်သူတုံး မသိဘူး' ဆိုလို့ ကျုပ်က ထကြည့်လိုက်တာ။ ပထမတော့ ကျုပ်စိတ်ထဲမှာ တောင်ပိုင်းက ကိုကြွက်သိုးလို့ ထင်လို့ ကြည့်နေတာ၊ နည်းနည်းနီးလာမှ ကိုကြွက်သိုး မဟုတ်မှန်း သိပြီး လက်နှိပ်ဓာတ်မီးနဲ့ မျက်နှာကို လှမ်းထိုးလိုက်တော့မှ လူစိမ်းမှန်း သိတာဗျ။ ဒါနဲ့ ကျုပ်က ဘယ်သူတုံးလို့ လှမ်းမေးလိုက်တာ ဖျတ်ကနဲ ပျောက်သွားရောဗျ''

''ဘာ…ပျောက်သွားတယ် ဟုတ်လား''

''ဟုတ်တယ်ဗျ၊ ကျုပ်ရယ်၊ ခြောက်စောင်းရယ် သေသေချာချာ ကြည့်နေတာ၊ ကျောက်ခဲနဲ့ သံမဏိကတော့ အိပ်နေကြတာဗျ''

''ဟ…ဒါဆိုရင် လူဘယ်ဟုတ်မတုံး၊ သရဲပေါ့ကွ''

''သရဲတော့ မဟုတ်ဘူးဗျ၊ လူမှ လူအစစ်ဗျ၊ အဲဒါနဲ့ ခြောက်စောင်းနဲ့ ကျုပ်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေတုန်း ဟောဒီကင်းတဲမြောက်ဘက်ကနေ 'ဟား ဟား ဟား ဟား' ဆိုပြီး အော်ရယ်လိုက်တာ။ ကျုပ်ရော ခြောက်စောင်းရော လန့်ပြီးအော်လိုက်ကြတာဗျာ။ ဒီတော့မှ ဒီကောင်လေးနှစ်ကောင် လန့်နိုးသွားတာ''

''ကျောက်ခဲနဲ့ သံမဏိလား''

''ဟုတ်တယ်ဗျ လေးလေးရ၊ ခဏနေတော့ မြောက်ပိုင်းကင်းက 'ဟေ့ ဘယ်သူတုံး' ဆိုပြီးမေးသံကြားလိုက်ရတယ်ဗျ။ ခဏ





ကြာတော့ တောင်ပိုင်းကင်းကလည်း 'ဟေ့ ဘယ်သူတုံး၊ မေးနေတာ မကြားဘူးလား' ဆိုတဲ့အသံ ကြားရပြန်ရောဗျ။ ဒီလိုနဲ့ ရွာနောက်ပိုင်းကင်းက မေးတဲ့အသံတွေ အရှေ့ပိုင်းကင်းက မေးတဲ့အသံတွေကြားပြီး ခဏနေတော့ ကျုပ်တို့ဘက်ကို ရောက်လာပြန်ရောဗျို့။ စောစောကလိုပဲဗျ၊ တောင်ဘက်ကနေ အေးအေးဆေးဆေးပဲ လျှောက်လာတာ၊ ဒါနဲ့ ခြောက်စောင်းက ဓာတ်မီးနဲ့ထိုးထားပြီး ကျုပ်ကလေးခွနဲ့ပစ်မလို့ ချိန်လိုက်တာ ဖျတ်ကနဲ ပျောက်သွားပြန်ရောဗျို့။ ပြီးတော့ စောစောကလိုပဲ ကင်းတဲမြောက်ဘက်က 'ဟား၊ ဟား၊ ဟား၊ ဟား' ဆိုတဲ့ ရယ်သံကြီး ပေါ်လာတယ်။ ကျုပ်လည်း လေးခွနဲ့ အသံကြားတဲ့ဆီကို မှန်းပြီး တစ်ချက် ပစ်လိုက်သေးတယ်ဗျ လေးလေးရဲ့''

''ထိသွားလား''

''ဟာ၊ ဒါတော့ မသိဘူးဗျ၊ အသံတော့ပျောက်သွားတာပဲ''

''ဟော…ကိုခြောက်စောင်း ပြန်လာပြီဗျ''

ကျောက်ခဲက ရွာလယ်လမ်းကို လှမ်းကြည့်ပြီးပြောတာဗျို့။ ဟုတ်ပါ့ဗျာ။ ခါးကြီးကိုင်းကိုင်း ကိုင်းကိုင်းနဲ့ လာနေတာ ခြောက်စောင်းဗျ။

''ခြောက်စောင်း ဘာထူးတုံးကွ''

ကိုကြီးတောင်လုံးက ဆီးပြီးမေးလိုက်တာဗျို့။ ခြောက်စောင်းက ကင်းတဲပေါ်ကို မတက်တော့ဘဲ လူအုပ်ထဲကနေပဲ လှမ်းပြောတာ။

''ကိုကြီးတောင်လုံးရေ၊ အဖြစ်အပျက်ကတော့ တစ်ပုံစံတည်းပဲဗျ၊ ကျုပ်တို့ဘက်ကိုလာတဲ့ ပုံစံအတိုင်းပဲ၊ ဟိုဘက်ကင်းတဲတွေကို သွား



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာဗျ၊ ဟိုကင်းတဲ့တွေမှာလည်း လူတွေအုံနေကြပြီဗျ"

"ဘာကွ ခြောက်စောင်း၊ လူတွေအုံနေတယ် ဟုတ်လား"

"ဟုတ်တယ်ကွ တာတေရ၊ ငါတို့တစ်ရွာလုံး အိမ်တွေထဲမှာ လူတောင် မရှိတော့ဘူးထင်တယ်ကွ"

"ကိုကြီးတောင်လုံးရေ…လူတွေကို ကိုယ့်အိမ်ကိုယ် အမြန်ပြန်ဖို့ မြန်မြန်သော်ညြလိုက်ဗျို့"

"ဟင်…ဘာဖြစ်လို့တုံး တာတေရ"

"ဒီကောင် လူတွေအိမ်ပြင်ထွက်အောင် တမင်လုပ်တာထင်တယ် ကိုကြီးတောင်လုံးရဲ့"

"တာတေပြောတာ ဖြစ်နိုင်တယ်ကွ"

လေးလေးချက်ကြီးက ဝင်ပြောတာဗျ။

"ကဲ…ကင်းတဲတွေကို မြန်မြန်သွား၊ တစ်ကင်းကိုတစ်ယောက်သွားကွာ၊ အကျိုးအကြောင်းရှင်းပြပြီး လူတွေကို ကိုယ့်အိမ်ကိုယ်ပြန်ဖို့ပြောဟေ့"

လေးလေးချက်ကြီးပြောတော့ ခြောက်စောင်းရယ်၊ တခြားသုံးယောက်ရယ် အရှေ့၊ အနောက်၊ တောင်၊ မြောက်ခွဲပြီး ပြေးကြတော့တာပေါ့ဗျာ။ အလယ်ကင်းမှာ အုံနေတဲ့လူတွေလည်း အိမ်ပြန်ကြပြီဗျို့။

ကျုပ်တို့ရွာလယ်ပိုင်းကင်းမှာတော့ လေးလေးချက်ကြီးရယ်၊ ကျုပ်ရယ်၊ ကင်းကျတဲ့လူတွေရယ်ပဲ ကျန်တော့တာဗျို့။

"လူဟေ့ လူ၊ လူ၊ ငါ့ဝိုင်းမှာ လူကပ်လို့ဟေ့"





ရုတ်တရက်ကြီးထွက်လာတဲ့ အော်သံကြီးဗျို့။ လေးလေးချက်ကြီးတောင် ပြောလက်စစကား တုံ့ကနဲရပ်သွားတာဗျ။

"ဟ…ဒါ ဘယ်သူ့အသံတုံး"

လေးလေးချက်ကြီးက မေးတာဗျ။

"ဟာ…ဒါ နောက်ဘက်လမ်းက ဘထွေးချစ်ထွန်း အသံဗျ"

ကျုပ်ပြန်ပြောပြီးတာနဲ့ ကျုပ်ရယ်၊ ကိုကြီးတောင်လုံးရယ်၊ လေးလေးချက်ကြီးရယ် နောက်ဘက်လမ်းကို ပြေးကြရောဗျို့။ ဘထွေးချစ်ထွန်းတို့ ဝိုင်းရှေ့ကိုရောက်တော့ အနီးအနားဝိုင်းကလူတွေ ရောက်လာကြရောဗျို့။

"ဘထွေး ဘာဖြစ်လို့တုံး"

ကျုပ်က မေးလိုက်တာဗျ။ ဘထွေးကကျုပ်ကို တစ်ချက်လှမ်းကြည့်ပြီး…

"တာတေရေ၊ မင်းအိမ်ပြန်လွှတ်လို့ တော်တော့တာပေါ့၊ ကပ်တဲ့လူက ငါနဲ့တစ်ရပ်တည်း တစ်ပုံစံတည်းကွ၊ ငါကကင်းတဲကိုလာတော့ အိမ်တံခါးကို သော့ခတ်ခိုင်းထားခဲ့တာ၊ 'ဟဲ့ လုံမ၊ အဘကို တံခါးဖွင့်ပေးစမ်း' လို့ ပြောသတဲ့ဟေ့။ ဒါနဲ့ လုံမက တံခါးဖွင့်ပေးဖို့ သော့သွားယူနေတုန်း ငါကလည်းဝိုင်းထဲဝင်အလာ လုံမက 'ဟောတော့ အဘက ဟိုမှာပဲ၊ ဒါဆို ဒါက ဘယ်သူတုံး၊ အဘက နှစ်ယောက်ဖြစ်နေပါလား' လို့ အော်ပြောလိုက်တော့ အိမ်ပေါက်ဝမှာ တံခါးဖွင့်ခိုင်းနေတဲ့ ငါ့ပုံစံနဲ့လူက ချာကနဲလှည့်ပြေးတာဟေ့၊ ငါ့ကိုတောင် နှုတ်မမိမလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ မနည်းရှောင်လိုက်ရတာ၊ ပိုင်းတံခါးဝကိုရောက်တော့ ဖျတ်ကနဲ ပျောက်သွားတာကွ"

"ဟာ…ပျောက်သွားတာ ဟုတ်လား ဘတွေး"

"အေး…ဟုတ်တယ်ကွ၊ ပျောက်သွားတာ၊ ဒါနဲ့ ငါထအော် လိုက်တာပေါ့"

လေးလေးချက်ကြီးရော ကိုကြီးတောင်လုံးရော ကျုပ် မျက်နှာကို လှမ်းကြည့်ကြရောဗျို့။

"စောစောက ပြောတဲ့လူပဲနေမှာပေါ့ဗျာ၊ ရွာထဲကလူတွေ ကင်းတဲမှာ စုနိုင်းပြီး အိမ်ထဲကိုဝင်ဖို့ ကြိုးစားတာပေါ့၊ ဘတွေး ပုံစံနဲ့ တူအောင်လည်း ပြောင်းတတ်ပုံရတယ်ဗျ၊ ပြီးတော့ ဒီလူက ကိုယ်လည်း ပျောက်တယ်၊ ဒီလူဒီည ထပ်ပြီးကြံစည်မှာ စိုးရတယ်ဗျ"

"ဒါဆို ဘယ်လိုလုပ်ကြရင် ကောင်းမလဲကွ တာတေရ"

"ရွာထဲက လူငယ်တွေလိုက်စုပြီး ကိုယ့်လမ်းကိုယ် ကင်း စောင့်နိုင်းဗျာ"

"အင်း…အေးတော့ အေးတယ်ကွနော်"

"အေးလည်း စောင့်ရမှာပဲ လေးလေးချက်ကြီးရဲ၊ အိမ်မှာ လူကြီးတွေနဲ့ ကလေးတွေ၊ မိန်းကလေးတွေပဲ နေကြပါစေ၊ တံခါး တွေလည်း လုံလုံခြုံခြုံ ပိတ်နိုင်းထားဗျာ"

"အေး ကောင်းတယ်ကွ"

လေးလေးချက်ကြီးက ကင်းတဲက ကင်းမှူးတွေကို ရွာလယ်





ပိုင်းက ဗဟိုကင်းမှာ ချက်ချင်းစုနိုင်းပြီး ကျုပ်ပြောတဲ့ အစီအစဉ်ကို အမြန်ဆုံး လုပ်နိုင်းလိုက်တယ်။ ခဏနေတော့ လူငယ်တွေ လမ်းပေါ် ရောက်လာပြီဗျ။ ဓာတ်မီးရောင် တဝင်းဝင်းနဲ့ ကိုယ့်လမ်းကိုယ် ကင်းစောင့် နေကြပြီ။ အကြောင်းရှိရင် အကြောင်းကြားရအောင် ဝါးကလတက် တွေလည်း ကိုင်ထားကြတယ်။ (ကလတက်ဆိုတာ ဝါးလုံးကြီးကြီးနဲ့ လုပ်ထားတဲ့ ဝါးတုံးမောင်းပေါ့ဗျာ။ အကြောင်းရှိရင် တုံ တုံ ဆိုပြီး တုတ်နဲ့ရိုက်ပြီး အချက်ပေးရတာပေါ့)။

မနက်မိုးလင်းတဲ့အထိ ဘာမှတော့ ထပ်မဖြစ်တော့ဘူးဗျ။ နောက်နေ့ရောက်တော့ ကျုပ်တို့ရွာသားတွေအတွက် ပြောစရာအကြောင်း တစ်ခု ရသွားတော့တာပေါ့ဗျာ။ ဟိုနားစုစု၊ ဒီနားစုစုနဲ့ ဒီအကြောင်းပဲ ပြောနေကြတာဗျို့။ ပြောလည်း ပြောစရာပဲလေဗျာ။ ညအချိန်မတော် ကြီးမှာ ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ ကိုယ်ပျောက်တဲ့ လူတစ် ယောက် ရွာဆူအောင်လုပ်သွားတာ မယုံနိုင်အောင်ကို ဖြစ်နေကြတာဗျ။

သူကြီးအိမ်မှာ အစည်းအဝေးရှိတယ်ဆိုလို့ ရွာထဲက လူငယ် တွေ အကုန်စုကြရတာဗျို့။ ကျုပ်လည်း ပါတာပေါ့လေ။ ကျောက်ခဲတို့ သံမဏိတို့ကတော့ ကလေးသာသာတွေပါ။ ဒါပေမဲ့ ဒီကောင်တွေက ရပ်ရေးရွာရေးဆိုရင် ရှေ့ကရောက်နေကြတာဗျ။

လူစုံတော့ သူကြီးက ပြောတယ်ဗျ။

"ညက ရွာထဲမှာဖြစ်သွားတဲ့ကိစ္စ ကျုပ် အားလုံးမေးမြန်း ပြီးပါပြီ၊ ဒါဟာ သာမန်ကိစ္စ မဟုတ်ဘူးဗျ၊ ရွာထဲကို ညက ဝင်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဟာ ကဝေလား၊ အောက်လမ်းလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။ ပြီးတော့ ချစ်ထွန်းတို့အိမ်ကို ချစ်ထွန်းပုံစံလုပ်ပြီး ဝင်ဖို့လုပ်တာဟာ တော်တော်မကောင်းတဲ့ကိစ္စပဲ၊ ဒီကောင့်ရည်ရွယ်ချက်က ဘာတုံး၊ ပစ္စည်းခိုးချင်တာလား၊ မိန်းကလေးမိန်းမငယ်ကို ကြံစည်ချင်တာလား ဝေခွဲလို့တော့မရဘူးဗျ၊ ဘာပဲဖြစ်ဖြစ် မကောင်းတာတော့ သေချာတယ်။

ဒီတော့ ဒီည ဆယ်အိမ်ခေါင်းတွေ ဦးဆောင်ပြီးတော့ ရွာကို စောင့်ကြပ်မှုဖြစ်မယ်၊ ကျုပ်ကိုယ်တိုင်လည်း ရွာထဲက လူကြီးတွေနဲ့ ကင်းလှည့်မယ်၊ ရွာတံခါးတွေမှာလည်း စောင့်ကြမှုဖြစ်မယ်"

သူကြီးစကားဆုံးတာနဲ့ ရွာကို အပိုင်းတွေခွဲ၊ ဆယ်အိမ်ခေါင်းတွေက ခေါင်းဆောင်ပြီး ကင်းတွဲကြတော့တာပေါ့ဗျာ။ ပြီးတော့ ကင်းပုန်းချမယ့်နေရာတွေ သေသေချာချာသတ်မှတ်ကြ၊ ကိုင်ရမယ့် တုတ်၊ ဓား လက်နက်တွေအကြောင်း ပြောကြဆိုကြ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အချက်ပေးရမယ့်စနစ်ကို သတ်မှတ်ကြတယ်။ ပထမအဆင့်က ဝါးကလတက်ခေါက်ရင် သတိပေးတာ၊ ခရာမှုတ်ရင် အမြန်ဆုံးသွားပြီး လူစုရမှာတဲ့ဗျ။ ဒီတစ်ခါကတော့ သူကြီးကိုယ်တိုင် စီမံတာဗျို့။

ညနေ နေစောင်းမှပဲ အစည်းအဝေး ပြီးသွားတယ်။ ကျုပ်အိမ်ပြန်ရောက်ပြီး နာရီဝက်လောက်ပဲ ရှိမယ်ဗျ။ အဘရယ်၊ အမေရယ်၊ ကျုပ်ရယ် စကားထိုင်ပြောနေကြတာ။ ညက အဖြစ်အပျက်တွေရယ်၊ အစည်းအဝေးမှာ သူကြီးပြောတာတွေရယ်ပေါ့ဗျာ။

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ၊ ရှီ၊ ရှီ၊ ရှီ"





"ဟဲ့ တာတေ၊ ကလတက်တွေ ခေါက်ကုန်ပြီဟဲ့၊ ခရာတွေလည်း မှုတ်လို့၊ ဘာဖြစ်တုံး မသိဘူး"

အမေက အလန့်တကြား ပြောတာဗျ။

"ဟာ...မိုးတောင် မချုပ်သေးဘူး၊ ဘာဖြစ်လို့ပါလိမ့်"

ကျုပ်လည်း ဝိုင်းထဲက ပြေးထွက်ပြီး ရွာလယ်လမ်း အတိုင်း ကင်းတဲကို ပြေးရတော့တာပေါ့ဗျာ။ ကင်းတဲက စုရပ်လေဗျာ။ ကလတက်ခေါက်ရင် သတိပေးတာဗျ၊ ခရာမှုတ်တာက လူစုတာ။ အခုဟာက ကလတက်လည်းခေါက်၊ ခရာလည်းမှုတ်ဆိုတော့ စုရပ်ကိုပြေးရတော့တာပေါ့ဗျာ။

"ဘာဖြစ်လို့တုံး"

"ဘာဖြစ်လို့တုံး"

"ဘယ်က စခေါက်တာတုံးကွ"

ကျုပ်လိုပဲ ပြေးလာကြတဲ့ လူငယ်တွေ တစ်ယောက်တစ်ပေါက် မေးကြတာပေါ့ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ် လှည့်ကြည့်လိုက်တော့ ကျောက်ခဲဗျ။

"မြောက်ပိုင်းက ကိုအောင်ကွန့်တို့အိမ်မှာ ပြဿနာဖြစ် နေတာတဲ့ဗျ"

"ဟော...ကိုအောင်ကွန့်တို့ဝိုင်းမှာလား"

ကျောက်ခဲဆီက သတင်းရတော့ ကျုပ်တို့လူငယ်တွေ မြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးကြတာပေါ့ဗျာ။ ကိုအောင်ကွန့်တို့ဝိုင်းကိုရောက်တော့ လူတွေအုံလို့ဗျ။

လူအုပ်ထဲကို တိုးဝင်တော့မှ အဖြစ်ကို သိရတာဗျ။

“ဒီလိုဗျ လေးလေးကံရဲ့၊ ကျုပ်နဲ့ ဒီကောင်မိုးညိုနဲ့ တောထဲဝင်ပြီး ခြံတိုင်သွားခုတ်ကြတာဗျ၊ ဝိုင်းကစည်းရိုးတွေ ပျက်နေလို့ ပြန်ကာမလို့ဗျ၊ တောထဲက ကျုပ်တို့ ပြန်ထွက်လာတော့ သစ်ပင်အောက်မှာ အိပ်နေတဲ့ အောင်ကွန့်ကိုတွေ့တာ၊ အောင်ကွန့်ကို ကျုပ်တို့နှစ်ယောက် နှိုးတာ၊ တော်တော်နဲ့ နှိုးလို့ မရဘူးဗျ၊ ဒါနဲ့ မျက်နှာကိုရေနဲ့ပက်လိုက်တော့မှ နိုးလာတာ၊ ဒါနဲ့ ကျုပ်တို့လှည်းနဲ့ ပြန်ခေါ်ခဲ့ရတာ၊ သူ့လှည်းလည်း လိုက်ရှာတာ ဘယ်မှာကို မတွေ့ဘူးဗျ”

“ဟင်…အောင်ကွန့်၊ မင်းကဘယ်လိုဖြစ်လို့တုံး”

ဆယ်အိမ်ခေါင်း ကိုကံဆိုတာ ကျုပ်တို့ရွာမှာတော့ သူကြီးရဲ့ ကိုယ်စားလှယ်ပဲဗျ။ သူရောက်လာတာ သူကြီးကိုယ်စား လာတာပဲဗျ။ သူမေးတာတွေကလည်း သူကြီးကိုယ်စား မေးတာပဲလေဗျာ။

“ဒီလို ကိုကံရေ၊ ကျုပ်လည်း ခြံတိုင်သွားခုတ်တာပဲ၊ လှည်းပေါ်ကို ခြံတိုင်တွေ ထမ်းတင်ပြီးတော့ ရွာပြန်တော့မယ် အလုပ်မှာ လူတစ်ယောက် ရောက်လာတယ်၊ အသက်လေးဆယ်လောက် ပိန်ပိန် ပါးပါးပဲဗျ၊ ‘မီးတစ်တို့လောက်ဗျာ’ လို့ ပြောတာနဲ့ ကျုပ်က မီးခတ်ကလေး ထုတ်ပေးလိုက်တယ်၊ ဒီလူက ဆေးလိပ်မီးညှိပြီး ကျုပ်ကို မီးခတ်ပြန်ပေးတယ်၊ ပြီးတော့ ဆေးလိပ်ဖွာပြီး ကျုပ်မျက်နှာကို မီးခိုးနဲ့





မှုတ်လိုက်တာ ကျုပ် သတိလစ်သလို ဖြစ်သွားတာဗျ၊ သစ်ပင်အောက်ကို ဘယ်လိုရောက်ပြီး အိပ်ပျော်နေမှန်း ကျုပ် မသိတော့ဘူးဗျို့”

“မယ်တင် နင်ပြောပါဦး၊ ဘယ်လိုဖြစ်တာတုံး”

“နာရီဝက်လောက်ပဲ ရှိသေးတယ်၊ ဆယ်အိမ်ခေါင်းကြီးရဲ့၊ ကိုအောင်ကွန့် လှည်းမောင်းပြီး ပြန်ရောက်လာတယ်၊ နွားတွေဖြုတ်ပြီး ကိုအောင်ကွန့်က ပုဆိုးခေါင်းပေါင်းလေးဖြုတ်ရင်း အိမ်ပေါ်တက်လာတယ်။ ‘ကိုအောင်ကွန့်ရှင် မိုက်ဆာလာလား၊ ထမင်းစားမလား’ လို့ ကျုပ်က မေးတော့ ‘မစားသေးပါဘူးဟာ၊ ငါခဏနားလိုက်ဦးမယ်’ ဆိုပြီး ဟိုတန်းလျားပေါ်မှာ လှဲအိပ်လိုက်တယ်။ ကျုပ်လည်း လှည်းပေါ်က ခြံတိုင်တွေ ယူပြီး ဝိုင်းတောင်ဘက်မှာ သွားပုံထားလိုက်တယ်၊ အဲဒီဘက်က စည်းရိုးတွေ ပြန်စိုက်မှာဆိုတော့ အဲဒီမှာ အဆင်သင့်ရအောင် သွားပုံထားလိုက်တာ၊ ခြံတိုင်တွေ လေးငါးခေါက်သယ်ပြီး ပို့ပြီးလို့ပြန်လှည့်ထွက်လာတော့ ဝိုင်းဝမှာမိုးညိုတို့လှည်းရပ်လိုက်တာ တွေ့လိုက်ပြီး လှည်းပေါ်ကနေ ကိုအောင်ကွန့်ဆင်းလာတာ တွေ့ရတယ်တော့၊ ဒါနဲ့ ကျုပ်က…

‘ဟင် ကိုအောင်ကွန့်၊ ရှင်ချက်ချင်း ဘယ်လိုအပြင်ရောက်သွားတာတုံး’ လို့ လှမ်းမေးလိုက်တော့ ကိုအောင်ကွန့်က

‘ဟဲ့ ငါ အခုမှ ပြန်လာတာလေ၊ နေပါဦး၊ ငါ့လှည်းနဲ့ နွားတွေ အိမ်ကို ဘယ်သူမောင်းလာလို့ ရောက်လာတာတုံး’

‘ဟင် ရှင် ဘာတွေပြောနေတာတုံး ကိုအောင်ကွန့်၊ ရှင်ပဲ မောင်းလာတာလေ’



www.burmeseclassic.com

www.burmeseclassic.com



'မယ်တင်ရယ်၊ မဟုတ်က ဟုတ်ကဟယ်၊ ငါက အခုမှ မိုးသီးတို့ လှည်းကြုံစီးပြီး ပြန်လာတာလေ'

'ဟာ မဟုတ်တာ ကိုအောင်ကွန့်ရယ်၊ ကျုပ်က ထမင်းစား မလား၊ ဗိုက်ဆာလာလားလို့ မေးလို့တောင် ရှင်က မစားသေးဘူး ခဏနားဦးမယ်ဆိုပြီး အိမ်ပေါ်က တန်းလျားမှာ အိပ်နေတာလေ၊ ကျုပ်က ရှင်ခုတ်လာတဲ့ ခြံတိုင်တွေ သယ်နေတာရှင့်'

'ဟာ…မဟုတ်တာ မယ်တင်ရာ' လို့ ပြောပြီး ကျုပ်နဲ့ ကိုအောင်ကွန့် အိမ်ပေါ်ကို ပြေးတက်ကြတယ်၊ စောစောက ကိုအောင်ကွန့် အိပ်နေတဲ့ တန်းလျားပေါ်မှာ ဘယ်သူမှ မရှိဘူး ဆယ်အိမ်ခေါင်းကြီးရဲ့"

"နေပါဦး မယ်တင်ရဲ့၊ နင်ပြောသလိုဆိုရင် အောင်ကွန့်က နှစ်ယောက်ဖြစ်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ဆယ်အိမ်ခေါင်းကြီးရယ်၊ ဟုတ်ပါတယ်"

ကြားရတဲ့လူတွေ အကုန်လုံး အံ့သြသွားကြတာပေါ့ဗျာ။ တစ်ယောက်တစ်ပေါက်တွေ အမျိုးမျိုးပြောနေကြရောဗျို့။

"ဒီအကောင် အကြံသမားကွ၊ အောင်ကွန့်ရောက်တာ မြန်ပေလို့ပေါ့၊ အောင်ကွန့်သာ တောထဲမှာ သတိလစ်ပြီး တစ်ညလုံး အိပ်ပျော်နေရင် မယ်တင်ကို ကြံစည်မယ့်ပုံပဲကွ"

"ဒီကောင် ပစ္စည်းခိုးချင်လို့ တို့ရွာကို လာကပ်နေတာ မဟုတ်ဘူးကွ၊ လူကိုကြံချင်တာဖြစ်မယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ငါလည်း ဘရှင်ပြောတာကို





သဘောတူတယ်၊ ဒီတော့ ရွာထဲကကလေးမတွေကို အထူးဂရုစိုက် ဖို့လုပ်ရမယ်ပေါ့၊ ပြီးတော့ ဒီကောင်ကို မိအောင်ဖမ်းကြမှဖြစ်မယ်၊ ဘယ်လိုဖမ်းမလဲဆိုတာ တိုင်ပင်ကြမှပဲကွ"

ကိုအောင်ကွန့်တို့ ဝိုင်းထဲမှာ ကျုပ်တို့ရွာသားတွေ တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းပြောနေကြတာဗျ။ ကိုအောင်ကွန့်ကို လှည်းနဲ့ တင်ခေါ်လာတဲ့ မိုးသီးတို့ကလည်း ဒီအဖြစ်အပျက်ကို အံ့သြလွန်းလို့ ဘာပြောရမှန်း မသိအောင် ဖြစ်နေကြတော့တာဗျ။

"တာတေ၊ ငါတို့ရွာတော့ အန္တရာယ်ကျတော့မယ်ထင်တယ်ကွ၊ မင်းလည်း တတ်နိုင်သလောက် လုပ်ပါဦးကွာ"

ကိုတောင်လုံးက ကျုပ်ကို လက်ကုတ်ပြီး ခပ်တိုးတိုး ပြောတာဗျို့။

"ကျုပ်လည်း တွေးနေတာပဲ၊ ကိုကြီးတောင်လုံးရဲ့၊ ကျုပ်ပဥ္စလက်မှော်ပညာ တတ်တဲ့လူကို တွေ့ဖူးတယ်ဗျ၊ ဆန်စက်သူဌေး တစ်ယောက်ကို အရှင်လတ်လတ် ကိုယ်ဖျောက်ပစ်လိုက်ပြီး အဲဒီ စက်သူဌေးနဲ့ ချွတ်စွပ်တူအောင် သူ့ကိုယ်သူ ရုပ်ပြောင်းပြီး သူဌေးလုပ်နေတာဗျ၊ ကျုပ်ဆရာကြီး ဘိုးလူပေ ဝင်ပြီးရှင်းပေးလို့ စက်သူဌေး ဒုက္ခတွင်းက လွတ်သွားတာဗျို့၊ အခုဟာက အဲဒီပုံစံလိုဖြစ်နေတာဗျ၊ ဒါကြောင့် ကျုပ် တွေးလို့မရဘူး ဖြစ်နေတာ"

"ဆရာသမားတွေ ရှာသင့်လည်း ရှာရမှာပေါ့ကွာ၊ ရွာထဲကလူကြီးတွေနဲ့ တိုင်ပင်ပြီးလုပ်ရင်ဖြစ်ပါတယ်"

"နေပါဦး ကိုကြီးတောင်လုံးရယ်၊ ကျုပ် အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦးမယ်၊ ဒီလူ တော်တော်တော့ လွန်နေပြီဗျ၊ ညကမှ ဒီလူကို စတွေ့တယ်၊ ညကပဲ ဘထွေးချစ်ထွန်းပုံစံလုပ်ပြီး အိမ်ထဲဝင်မယ်လုပ်တယ်၊ အခုဒီနေ့ ကိုအောင်ကွန့်ပုံစံလုပ်ပြီး မမယ်တင်ကို ကြံစည်ဖို့ လုပ်တယ်၊ ဒီတော့ ဒီလူ ဆက်လုပ်ဦးမှာပဲဗျ"

"ဒီတော့ တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲ တာတေ"

"လောလောဆယ်တော့ ဘာမှမလုပ်နိုင်သေးဘူးဗျ၊ ရွာထဲမှာ အခုလိုပဲ လူအုပ်ချပြီး စောင့်ရမှာပဲ"

ညရောက်တော့ ကျုပ်တို့ ကင်းစောင့်ကြတယ်။ ညသန်းခေါင်အထိတော့ ဘာမှမဖြစ်သေးဘူးဗျ။ သန်းခေါင်ကြက်တွန်ပြီး ခဏကြာတော့…

"ခေါင်၊ ခေါင်၊ ခေါင်၊ ခေါင်၊ ခေါင်"

ဟာ…ဘုံချောင်းတွေ ခေါက်တာဗျို့။ ဒါပေမဲ့ ကျုပ်တို့ ရွာက မဟုတ်ဘူး။ ဘန့်ဘွေးကုန်းက ခေါက်တာ။ ကျုပ်တို့ရွာမှာ ဖြစ်နေတာတွေကို ဘန့်ဘွေးကုန်းကလည်း အကုန်သိတယ်လေဗျာ။ ဒီတော့ သူတို့လည်း ကင်းတွေတဲ့ပြီး တစ်ရွာလုံးကို စောင့်နေကြတာဗျ။ ဘာဖြစ်လို့ ခေါက်တယ်ဆိုတာတော့ မသိသေးဘူးဗျ။

ကျုပ်တို့ရွာက လူတွေကတော့ ဓာတ်မီးတွေ တဝင်းဝင်းနဲ့ ဟိုဂိုင်းယိုး ဒီဝိုင်းထိုး လုပ်နေကြတာဗျ။

မိုးလင်းတဲ့အထိ ကျုပ်တို့ရွာမှာ ဘာမှဖြစ်မသွားဘူးဗျ။

ကျုပ်လည်း အိမ်ပြန်ပြီး ထမင်းကြမ်းစားပြီး ဝင်အိပ်လိုက်တာ





အိပ်ပျော်သွားရောဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ် လန့်နိုးသွားတယ်။ ကျုပ်ကို ခေါ်သံကြားလို့ နိုးသွားတာဗျ။ ဒါပေမဲ့ နှစ်ညဆက် အိပ်ရေးပျက်ထားတော့ မျက်စိတွေက ဖွင့်လို့ကို မရတာဗျို့။

"ဟဲ့ ကျောက်ခဲလား၊ လာလေ၊ နင့် ကိုကြီးတာတေ အိပ်လို့"

ကျုပ် ထထိုင်လိုက်တယ်။ ကျောက်ခဲက လှေကားကပြေး တက်လာတယ်။

"ကိုကြီးတာတေ၊ အိပ်နေလား၊ ဘန့်ဘွေးကုန်းသတင်း ပြောချင်လို့ လာတာဗျ"

"အေး လာလေကွာကျောက်ခဲ၊ ငါလည်းအဲဒါ သိချင်နေတာကွ"

ကျုပ်က အိပ်ရာကထွက်ပြီး တန်းလျားမှာ ဝင်ထိုင်လိုက်တယ်။ မအိပ်ခင်က သောက်လက်စ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး တစ်ဖွာနှစ်ဖွာဖွာလိုက်တယ်။

"ပြောပါဦး ကျောက်ခဲရ၊ ညက ဘန့်ဘွေးကုန်းမှာ ဘာဖြစ်လို့တဲ့တုံး"

"ဟိုလူတော့ ဆက်တိုက်ဒုက္ခတွေပေးနေပြီ ကိုကြီး တာတေရေ"

"ဟော…ဟုတ်လားကွ ကျောက်ခဲရ၊ ကိုယ်ပျောက်ဆရာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာမို့လား”

“ဟုတ်တယ်ဗျို့၊ ညက ဘန့်ဘွေးကုန်းက အရီးမြစိန်ရဲ့ သမီး အစ်မလှတင်နဲ့ သူ့ရည်းစားကိုကျော်ဝနဲ့တွေ့ဖို့ ချိန်းထားကြတာတဲ့ဗျ၊ အဲဒါ ကိုကျော်ဝပုံစံနဲ့ ကိုယ်ပျောက်က ဝင်တွေ့သွားသတဲ့ဗျို့”

“ဟေ…ဟုတ်ရဲ့လား ကျောက်ခဲရာ”

“ဟုတ်ပါတယ်ဆိုမှဗျာ၊ အဲဒါကို အစ်မလှတင်က သိသွားလို့ ထအော်လို့ ညက သံချောင်းတွေ ခေါက်ကြတာတဲ့ဗျို့။

“ဘယ်လိုကွ၊ လှတင်က ဘယ်လိုလုပ်ပြီး သိသွားတာတဲ့တုံး”

“အစ်မလှတင် မေးတာကို ကိုကျော်ဝပုံစံ လုပ်လာတဲ့ ကိုယ်ပျောက်က ဘာတစ်ခုမှ မှန်အောင်မဖြေနိုင်ဘူးတဲ့ဗျ၊ တစ်ရက်နှစ်ရက်ကမှ ပြောခဲ့တဲ့ ကိစ္စတွေတောင် မသိဘူးတဲ့ဗျာ၊ ဒီမှာတင် အစ်မလှတင်က ရိပ်မိသွားတာတဲ့ဗျို့၊ ကျုပ်တို့ရွာမှာ ဖြစ်ခဲ့တဲ့ကိစ္စတွေကိုလည်း ဘန့်ဘွေးကုန်းတစ်ရွာလုံးက ကြားထားကြတာဆိုတော့ အစ်မလှတင်က သံသယဝင်သွားပြီး အင်္ကျီကို ဆောင့်ဆွဲပြီး ရှင်ဘယ်သူလဲလို့ အော်မေးလိုက်တော့ ကိုယ်ပျောက်ကလန့်သွားပြီး ဖျတ်ကနဲ ကိုယ်ဖျောက်ပြီး လစ်သွားရောတဲ့ဗျို့။ ဒီမှာတင် အစ်မလှတင်ကထအော်လို့ လူတွေသိသွားပြီး သံချောင်းတွေ ခေါက်ကြတာတဲ့ဗျို့။”

“နေပါဦး ကျောက်ခဲရ၊ ကျော်ဝဆိုတဲ့ကောင်က လှတင်နဲ့ ချိန်းထားပြီး ဒီကောင်က ဘယ်ရောက်နေလို့တုံး”

“ကိုကျော်ဝက ဘယ်မှမရောက်ဘူးဗျ၊ အစ်မလှတင်တို့





ဝိုင်းမရောက်ခင် ဘိုးစိန့်ယန်းတို့ဝိုင်းရှေ့က မန်ကျည်းပင်ကြီးအောက်မှာ ငုတ်တုတ်ကြီး သတိလစ်နေတာတဲ့ဗျို့”

“နေပါဦးကွ ကျောက်ခဲရ၊ လှတင်နဲ့ကျော်ဝနဲ့ ချိန်းတာကို ကိုယ်ပျောက်က ဘယ်လိုလုပ် သိတာတုံးကွ”

အစ်မလှတင်က ချိန်းတာကိုကြားက အောင်သွယ်လုပ်ပေးတဲ့ စံအုန်းဆိုတဲ့ကောင်က ကိုကျော်ဝကို ဘန့်ဘွေးကုန်းရွာအထွက်က ညောင်ပင်ကြီးအောက်မှာ ပြောတာတဲ့ဗျ”

“အေးကွ ကျောက်ခဲရ၊ ဒါဆိုရင် သူတို့နှစ်ယောက် ပြောတာကို ကိုယ်ပျောက်က ညောင်ပင်နားမှာ ကိုယ်ဖျောက်ပြီး နားထောင်သွားတာ ဖြစ်မှာပေါ့၊ လှတင်ဆိုတာ ဘယ်သူတုံးဆိုတာကိုတော့ စံအုန်းနောက်က လိုက်သွားပြီး ကြည့်မှာပေါ့”

“ဟုတ်တယ်ဗျ၊ စံအုန်းကကျော်ဝကို ပြောပြီးပြီဆိုတာ အစ်မလှတင်ကို သွားပြောတယ်တဲ့ဗျ”

ကျုပ်က ကျောက်ခဲပြောတာတွေကို ခေါင်းလေးညိတ်ပြီး စဉ်းစားနေတာဗျ။

“ကိုကြီးတာဟေ၊ တစ်ခုခုတော့လုပ်မှဖြစ်တော့မယ် ထင်တယ်ဗျ”

ကျောက်ခဲက ကျုပ်မျက်နှာကို အကဲခတ်ပြီး ပြောတာဗျို့။

“ဟုတ်တယ် ကျောက်ခဲ၊ တစ်ခုခုတော့ လုပ်ရတော့မယ်”

ကျောက်ခဲ ပြန်သွားတော့လည်း ကျုပ်ဆက်ပြီးစဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်ဗျ။ ဒီကိုယ်ပျောက်ကို ဘယ်လိုလုပ်ရင် ကောင်းမလဲပေါ့ဗျာ။ ပဥ္စလက်မှော်ဆရာတစ်ယောက်ကို ဖမ်းတဲ့ ကျုပ်ရေးဖူးတယ်။ 'ဘုန်းကလေး' ဆိုတဲ့ ဝတ္ထုမှာလေဗျာ။ ဒါပေမဲ့ ဟိုလူက ကိုယ်မပျောက်ဘူးဗျ။ ရုပ်ပြောင်းရုပ်လွှဲပဲရတာ။

ဒီလူကျတော့ ရုပ်ပြောင်းရုပ်လွှဲရတယ်။ ကိုယ်ပျောက်တယ်။ တခြားဘာတွေစွမ်းသေးလဲတော့ မသိဘူးပေါ့ဗျာ။ ကျုပ် တွေးနေတာဗျို့။ မဖဲဝါကို မေးရင်ကောင်းမလားလို့။ နောက်ဆုံးတော့ တစ်ရက် နှစ်ရက် စောင့်ကြည့်ဦးမယ်လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

ဒီည ကျုပ် ရွာလယ်ကင်းမှာ ထိုင်ရတယ်ဗျ။ ဒီညက ကျုပ် ကင်းလှည့်လေဗျာ။ ကျုပ်မှာ စမ်းစရာတစ်ခုရှိနေတယ်ဗျ။ တခြားတော့ မဟုတ်ဘူး၊ မျက်ကွင်းဆေးကွင်းထားရင် ဒီလူကို မြင်ရသလားဆိုတာ ကျုပ် သိချင်တယ်ဗျ။ ကျုပ် ကင်းတဲကို လာကတည်းက မျက်ကွင်းဆေး ကွင်းပြီးလာတာဗျို့။

ဒီည ကင်းတဲမှာ ကျုပ်ရယ်၊ ကျော်သိန်းရယ်၊ ပုရစ်ရယ်ဗျ။ ကျော်သိန်းကို ကျုပ်တို့သူငယ်ချင်းတွေက ကြောင်သိန်းလို့ ခေါ်တာဗျ။ ပုရစ်ဆိုတာ မျက်လုံးပြူးပြူးနဲ့ ကောင်လေဗျာ။ ဒီကောင့်အကြောင်း ကျုပ်ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ '**တွင်းအောင်းတစ္ဆေ**' ဝတ္ထုမှာ လေဗျာ။

ကျုပ်တို့သုံးယောက်က ရွာလယ်ပိုင်း ဇဟိုကင်းမှာ ထိုင်ကင်း စောင့်ရတာပေါ့ဗျာ။ ကျန်ပတ်ဝန်းကျင်ကလည်း ဟိုဝိုင်း ဒီဝိုင်းတွေမှာ





နေရာယူထားကြတာဗျ။ ပြီးရင် သူတို့က ကိုယ့်အပိုင်းနဲ့ကိုယ် လှည့်ကင်း ထွက်ကြတယ်။

ကျုပ်တို့အားလုံး နားတွေစွင့်ထားကြတာပေါ့ဗျာ။ ဘန့်ဒွေး ကုန်းကပဲ အသံတွေ ထကြားရမလား၊ ကျုပ်တို့ရွာကပဲ ကလတက်ခေါက် သံတွေ ထွက်လာမလားပေါ့ဗျာ။ ဒီတုန်းမှာပဲ ကျုပ်တို့ကင်းကို လူတစ် ယောက် စိုက်စိုက်စိုက်စိုက်နဲ့ လာနေတာဗျ။

ပုရစ်က ဓာတ်မီးနဲ့ ဖျတ်ကနဲထိုးလိုက်ပြီး မေးရောဗျို့။

"ဟေ့ ဘယ်သူတုံး၊ ရပ်နေ"

လာနေတဲ့လူက ရပ်နေတယ်ဗျ။ ပြီးတော့မှ ပြန်ပြောတယ်။

"ပုရစ် ငါပါကွ၊ ဘထွေးချစ်ထွန်းပါ"

"ဟာ ဘထွေးလားလား၊ ကျုပ်က ဘယ်သူလဲလို့ပါ"

"ဟေ့ကောင် ပုရစ် သတိတော့ထားနော်၊ ကိုယ်ပျောက်က ဟိုနေ့က ဘထွေးချစ်ထွန်းရဲ့ပုံစံ ပြောင်းသေးတယ်မို့လားကွ"

"အေး ဟုတ်တယ်ကွ၊ ကြောင်သိန်း မင်းလည်းသတိ ထားနော်၊ အခြေအနေမဟန်ရင်တော့ သုံးယောက်လုံး ဝင်လုံးရုံပဲဟေ့"

ပုရစ်က ကျုပ်တို့ကို သတိပေးနေတာဗျ။

ဘထွေးချစ်ထွန်းက ကင်းတဲပေါ်ကို လှေကားလေးနင်းပြီး တက်လာတယ်ဗျ။ ကျုပ်တို့ကင်းတဲက ခြေတံရှည်လေဗျာ။

"ဟေ့ကောင် တာတေ၊ မင်းက ဘယ်လိုလုပ်ပြီး ဒီကိုချ ချင်းရောက်နေတာတုံး၊ ငါ အခုပဲမင်းကို သိန်းတင်တို့ဝိုင်းမ ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးတာ''

''ဟာ မဟုတ်တာဘထွေးကလည်း၊ တာတေမိုးချုပ်ကတည်းက ဒီမှာရောက်နေတာ၊ ဘယ်မှကို သွားတာမှမဟုတ်တာ၊ ကျုပ်ရယ်၊ တာတေရယ်၊ ဟောဒီက ကြောင်သိန်းရယ် စကားပြောနေကြတာလေဗျာ''

ပုရစ်ကပဲ ဘထွေးကို ပြန်ပြောတာဗျ။

''ဟေ...မဟုတ်ပါဘူး၊ အခုလေးတင် သိန်းတင်တို့ ဝိုင်းက ကင်းပုန်းစောင့်နေတဲ့အထဲမှာ တာတေပါတာပဲဟာ''

''ဘထွေး လူမှားတာဖြစ်မယ်ဗျ၊ တာတေ ဘယ်မှမသွားဘူး''

''ဟကောင်ပုရစ်၊ ငါနဲ့ တာတေနဲ့တောင် ဘန်ဘွေးကုန်းက ကျော်ဝေတို့သမီးရည်းစား ညကပြဿနာတက်တဲ့အကြောင်း ပြောလာသေးတယ်''

ကျုပ်က ပုရစ်ကို လက်ကာပြလိုက်ပြီးတော့...

''ဘထွေး၊ သိန်းတင်တို့ဝိုင်းမှာ ကျုပ်ကိုတွေ့ခဲ့တာ သေချာတယ်မို့လား''

''သြော် ဟုတ်ပါတယ်ဆို တာတေရာ၊ မင်းနဲ့ငါနဲ့ အခုလေးတင်ပဲ စကားပြောလာကြတာလေကွာ''

ကျုပ် တွေးနေတာဗျ။ ကိုယ်ပျောက်က ကျုပ်ပုံစံလုပ်ပြီး ကျုပ်သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့စကားပြောနေတာ။ ရွာရဲ့သတင်းကို စုံစမ်းတာဖြစ်မယ်ဗျ။ ကျုပ် ချက်ချင်းအကြံရသွားတယ်ဗျ။





''ကဲ...ဘထွေးချစ်ထွန်း လာဗျာ၊ သိန်းတင်တို့ဝိုင်းကို သွားမယ်''

ကျုပ်နဲ့ ဘထွေး သိန်းတင်တို့ဝိုင်းကို ရောက်တော့...

''ဟော့ကောင် တာတေ၊ အိမ်ခဏပြန်ဦးမယ်ဆိုပြီး ထွက်သွားတာ၊ အခု ဘယ်လိုဖြစ်လို့ ဘထွေးနဲ့ ပြန်ပါလာတာတုံး''

''ကဲ တာတေ၊ ငါမပြောဘူးလား၊ စောစောက မင်းဒီမှာ ရှိနေပါတယ်ဆို''

ဘထွေးပြောလိုက်မှတော့ သိန်းတင်တို့ ကင်းပုန်းအောင်းနေတဲ့ ကောင်တွေက အံ့သြသွားကြရောဗျို့။

''ဘယ်လိုဗျ၊ ဘထွေးရဲ့၊ တာတေက ဘာပြောလို့တုံး၊ စောစောကပဲ ဘထွေးနဲ့တာတေနဲ့ ဘန်ဘွေးကုန်းကအကြောင်းတွေ ထိုင်ပြီး ပြောနေကြတာလေဗျာ''

သိန်းတင်က အံ့သြပြီးပြောနေတာဗျ။

''အေးလေ သိန်းတင်ရာ၊ အဲဒါကို တာတေက မဟုတ်ပါဘူးလို့ ငြင်းနေလို့ကွ၊ ငါသွားတော့ တာတေက ရွာလယ်ကင်းမှာ ကင်းစောင့်လို့''

''ဗျာ၊ ဟုတ်လား တာတေ''

''အေး ဟုတ်တယ်သိန်းတင်၊ ဒီည ငါ့ကင်းလှည့်ကွ၊ ငါရယ်၊ ပုရစ်ရယ်၊ ကြောင်သိန်းကြီးရယ် မိုးချုပ်ကတည်းက ကင်းတဲမှာရောက်နေကြတာကွ၊ မင်းတို့နဲ့ စကားပြောနေတာ ငါမဟုတ်ဘူးကွ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



“ဟာ…မရှိပါဘူးကွ တာတေရ၊ ဘတွေးချစ်ထွန်း မင်းတို့ကင်းတဲကို သွားတော့မှ ငါတို့ပြောကြတာပါ”

“တော်သေးတာပေါ့ကွာ၊ မခင်မိက ဘတွေးတို့နဲ့ ခွေမျိုးမကင်းဘူးကွ”

“ဟ ငါသိပါတယ် တာတေရ”

သိန်းတင်က သူ သတိမမေ့တဲ့အကြောင်း ပြောသဗျ။

“နေဦး သိန်းတင်၊ မင်းတို့ ကိုစစ်ရှိန်နဲ့ မခင်မိခိုးပြေးမယ့်အကြောင်းပြောပြီးတော့ ကိုယ်ပျောက်ဘာလုပ်တုံး”

“အေး အဲဒီအကြောင်းပြောပြီးတာနဲ့ ငါအိမ်ကိုခဏပြန်လိုက်ဦးမယ်ကွာလို့ပြောပြီး ထပြန်တာပဲကွ”

“သေချာပြီ သိန်းတင်၊ ဒါဆိုရင် ငါထင်ထားတာဟုတ်နေပြီကွ”

“ဟေ…ဘာတွေသေချာတာတုံး တာတေရ၊ မင်းကဘာတွေ ထင်နေလို့တုံး”

“အဲဒါတွေ ငါ နောက်မှပြောပြမယ် သိန်းတင်၊ ကိုစစ်ရှိန် က မခင်မိကို ဘယ်လိုခိုးမှာတုံး၊ ဘယ်နေ့မှာခိုးမှာတုံး”

“ကိုစစ်ရှိန်က သန်ဘက်ခါညမှာ မြင်းနဲ့ ခိုးမှာကွ၊ ရွာမြောက်ဘက်မှာ ခရီးပေါက်နေတဲ့နေရာရှိတယ်၊ အဲဒီနားမှာ ကိုစစ်ရှိန်က သူ့မြင်းအောင်ဘော်ကြီးနဲ့ စောင့်နေမှာကွ၊ မခင်မိကပေါက်နေတဲ့ ခရီးပေါက်ကနေထွက်လာမှာ၊ ကိုစစ်ရှိန်ကမခင်မိကို အောင်ဘော်ကြီးပေါ်တင်ပြီး ဆပ်သမြောင်ဘက်ကို ခိုးပြေးမှာ” (ခရီးဆိုတာ ခြံစည်းရိုးကိုပြောတာဗျ)





“ဒါတွေအားလုံး မင်းတို့ ပြောလိုက်တယ်ပေါ့”

“အေး ပြောတာပေါ့ကွ၊ ငါတို့က မင်းပဲ ထင်နေတာကိုး”

ကျုပ်က မျက်ကွင်းဆေး ကွင်းပြီးသားလေဗျာ။ ကျုပ် သိန်းတင်ကိုခေါ်ပြီး ဝိုင်းထဲကထွက်လာခဲ့တယ်။ ပြီးတော့ မခင်မိတို့ဝိုင်းဘက်ကိုသွားပြီး အကဲခတ်တယ်။ သိပ်ဟုတ်တာပေါ့ဗျာ။ မခင်မိတို့ဝိုင်းရှေ့က ညောင်ကျပ်ပင်ကြီးအောက်မှာ လူတစ်ယောက်ဗျ။

“သိန်းတင်၊ မင်းဟိုညောင်ကျပ်ပင်အောက်က လူကိုတွေ့လား”

“ဟာ လူမရှိပါဘူးကွ၊ မင်းမျက်စိက ဘာတွေမြင်နေတုံး တာတေရဲ့၊ လူတစ်ယောက်မှမရှိဘူး”

“ဒါဆိုရင် မင်းပါးစပ်ပိတ်ထားသိန်းတင်၊ လှည့်လည်းမကြည့်နဲ့”

ဒီအတိုင်းဆိုရင် ဒီကိုယ်ပျောက်ကကိုယ်ဖျောက်ပြီး မခင်မိတို့အိမ်ကို ထောက်လှမ်းနေတာပဲပေါ့ဗျာ။ ညောင်ကျပ်ပင်ကြီးဘေးက ကျုပ်နဲ့သိန်းတင် ဖြတ်လျှောက်တော့ ဒီလူတစ်ချက်လှည့်ကြည့်တယ်။ ကျုပ်က မမြင်ချင်ယောင်ဆောင်နေတာပေါ့ဗျာ။ ဟုတ်ပ့ဲဗျာ၊ လည်ပင်းမှာမာဖလာပတ်လို့ဗျ။ ခေါင်းမှာတော့ နှင်းကာဦးထုပ်မပါဘူး။ မှောင်နေတော့ ဒီလူ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရဘူးဗျ။ ဒါဆိုရင် မျက်ကွင်းဆေးက ဒီလူကိုယ် ဖျောက်ထားရင် မြင်ရတာပဲဗျ။ ဒီလူ ကိုစစ်ရှိန်တို့ဝိုင်းကိုလည်း သေချာပေါက်သွားမှာပဲဗျ။ သိန်းတင်သူ့ဝိုင်းထဲကို ဝင်သွားတော့ ကျုပ်က ရွာလယ်ကင်းကို ပြန်ခဲ့တယ်။

ကင်းတဲရောက်တော့ နဂါးဆေးပေါ့လိပ်ကလေး[illegible]လိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မီးညှိပြီး ဖွာလိုက်တယ်။ ကြောင်သိန်းကြီးကျိုထားတဲ့ ရေနွေးကြမ်း တစ်ခွက်ကိုလည်း ဖူးကနဲသောက်လိုက်တယ်ဗျ။

"တာတေ ဟုတ်လား၊ သိန်းတင်ဘာပြောတုံး"

ပုရစ်ကမေးတာဗျ။ ကြောင်သိန်းကလည်း ကျုပ်ကို စိတ်ဝင် တစားကြည့်နေတယ်။ ကျုပ် ဘာပြောမှာလည်းဆိုတာ သိချင်နေတဲ့ပုံပဲဗျ။

"ဟုတ်တယ် ပုရစ်၊ ကိုယ်ပျောက်က ငါ့ပုံစံလုပ်ပြီးဒီကောင် တွေဆီက ရွာသတင်းတွေ နားထောင်သွားတာ"

"ဟော..ဟုတ်လား၊ ဒီကောင်တွေကလည်း ပြောတာပဲလား"

"ဒီကောင်တွေက ငါလို့ထင်ပြီး ပြောကြတာပေါ့ကွာ"

"ဟော...ဒါဆိုရင် ဒီလူ ဘာသတင်းတွေ ရသွားတုံး"

"အရေးကြီးတဲ့သတင်းတစ်ခု ရသွားတယ်ကွ၊ ဒါပေမဲ့ အဲဒါ မမေးနဲ့ဦး၊ သိပ်အရေးကြီးတယ်၊ ငါစီစဉ်မယ်၊ မင်းတို့ အားလုံးပါရမယ်"

"ဟော...ဟုတ်လား"

"လုပ်စမ်းပါ တာတေရာ၊ ဒီကိုယ်ပျောက်နှိပ်စက်လို့ ငါတို့ရွာ ရော ဒီအနီးအနားကရွာတွေပါ ထိတ်လန့်နေကြတာကွ၊ ညဆိုရင် ဘယ်ရွာမှ ကောင်းကောင်းမအိပ်ကြရဘူး"

ပုရစ်ရော၊ ကြောင်သိန်းရော ဟက်တက်ကြွကြွ ပြောကြတာဗျ။ အဲဒီညက နှစ်ယောက်စောင့်၊ တစ်ယောက်အိပ် စနစ်နဲ့ ပုရစ်တစ်လှည့်၊ ကြောင်သိန်းတစ်လှည့် အိပ်ကြတယ်။ ကျုပ်ကတော့မအိပ်ဘူးဗျ။ ဒီတော့မှ ကျုပ် သိသွားတာဗျို့။ ကိုယ်ပျောက် ငနဲကကိုယ်ဖျောက်ပြီး ရွာထဲမှာ





လျှောက်သွားနေတာကိုး။ ကျုပ်တို့ ကင်းတဲရှေ့ကတင်ဖြတ်သွားတာ သုံးခေါက်ဗျ။ ဒါပေမဲ့ ကျုပ် မေးကြည့်တယ်။ ပုရစ်တို့ ကြောင်သိန်းတို့က ဒီလူကို မမြင်ရဘူးဗျ။ ကျုပ်ကသာ မျက်ကွင်းဆေးအစွမ်းကြောင့် မြင်ရ တာ။ ဒါပေမဲ့ ကျုပ်လည်း မမြင်ချင်ယောင်ဆောင်နေရတော့ ဒီလူရုပ်ကို သေသေချာချာကို မမြင်ရပါဘူးဗျာ။

နောက်ညရောက်တော့ ကျုပ် ရွာထဲမသွားဘူးဗျ။ နေမကောင်း ဘူးလို့ ပြောထားပြီး အိမ်မှာအိပ်တယ်။ အိပ်ခါနီး ကျုပ်က မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးထုတ်ပြီး လက်ထဲမှာ ကိုင်ထားတယ်။ ဆံပင်ဖားလျား နဲ့မဖဲဝါရဲ့ ရုပ်ထုလေးကတကယ်ကို အသက်ဝင်ပြီး ကျုပ်ကို ကြည့်နေ သလိုပဲဗျ။

"သချိုင်းရှင်မကြီး မဖဲဝါကို ကျုပ်တာတေက အကြောင်း ပြုပါတယ်၊ မဖဲဝါ ကျုပ်တို့ရွာမှာ ကိုယ်ပျောက်တဲ့လူတစ်ယောက် ဒုက္ခပေးနေတယ်ဗျ၊ အဲဒီလူဟာ မနက်ဖြန်ညမှာ ကျုပ်တို့ရွာက မိန်းက လေးတစ်ယောက်ကို ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ခိုးသွားဖို့ကြိုးစားနေတယ် မဖဲဝါ၊ အဲဒီလူကို မနက်ဖြန်မှာ မိအောင်ဖမ်းချင်တယ်ဗျာ၊ ဘယ်လိုဖမ်း ရမယ်ဆိုတာ မဖဲဝါပြောပြပါဗျာ"

ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါအရုပ်ကလေးက ဆတ်က နဲ့ နှစ်ချက်ဖြစ်သွားတယ်ဗျ။ ကျုပ်က အရုပ်ကလေးကို ခေါင်းအုံးအောက် မှာထားပြီး အိပ်လိုက်တယ်။

ကျုပ်ကို မဖဲဝါ အိပ်မက်ပေးတယ်ဗျ။ ခါတိုင်းလိုပဲ အလတွေ



www.burmeseclassic.com

www.burmeseclassic.com



တဟူးဟူး တိုက်နေတဲ့နေရာမှာ ကျုပ်ရောက်နေတယ်။ ကျုပ်ရှေ့မှာ ဆယ့်နှစ်ရာသီ အဝါပွင့်တွေ တစ်ပင်လုံးပွင့်နေတဲ့ အပင်ကြီးဗျ။ လေတွေ အဲ့ဒီလောက်တိုက်နေတာတောင် ဆယ့်နှစ်ရာသီပင်ကြီးက အရွက်ကလေး တစ်ရွက်တောင် မလှုပ်ဘူးဗျို့။

ဟော…မဖဲဝါ ထွက်လာပြီ။ ဆယ့်နှစ်ရာသီပင်ကြီးရဲ့ နောက်ကနေ မဖဲဝါထွက်လာတယ်။ ခါတိုင်း ကျုပ်မြင်နေကျ ပုံစံပေါ့ဗျာ။ ဆံပင်ဖားလျားလေး ချလို့ဗျ။ နားအပေါ်လေးမှာ ဆယ့်နှစ်ရာသီပွင့် အဝါလေးတစ်ပွင့် ပန်ထားတယ်။ ကျုပ်နဲ့ ရွယ်တူလောက် ကောင်မလေး ပုံစံဖန်ဆင်းထားတာ။ သူ့ရဲ့နဂိုပုံစံကို ကျုပ်ကြောက်သွားမှာစိုးလို့ဗျ။ အင်္ကျီ က ခါးထောင်အင်္ကျီအဝါလေးဝတ်လို့ဗျ။ ထမီကလည်း အထက်ဆင် အနက်က အပြားခပ်ကြီးကြီးနဲ့ အဝါရောင်ပဲဝတ်ထားတာ။

လေတွေ တဟူးဟူးတိုက်နေပေမယ့် မဖဲဝါရဲ့အဝတ်အစား တွေက လေတိုက်ထဲမှာလှုပ်တောင် မလှုပ်ဘူးဗျ။ ဆံပင်တွေကလည်း လေမှာလွင့်မနေဘူး။ အနီးအနားက သစ်ပင်တွေကတော့ ကျိုးကျကုန် တော့မလိုကို ယိမ်းထိုးနေတာဗျို့။ ကျုပ်နားတွေကို တိုက်သွားတဲ့လေတွေ က ဝူးကနဲ ဝူးကနဲကို မြည်နေတာ။

"တာတေ နင်တို့ရွာကို ရောက်နေတာ ကိုယ်ပျောက်မှော် အောင်ထားတဲ့ ကိုယ်ပျောက်မြဒင် ဆိုတဲ့အကောင်ဟဲ့၊ ဒီအကောင်က တိုင်းပြည်ထဲကိုလှည့်ပြီး ကာမေသုမိစ္ဆာကံ ကျူးလွန်နေတဲ့ မှော်ဆရာပဲ၊ နင်ပြောတာ ဟုတ်တယ်၊ ဒီကောင်မနက်ဖြန် နင်တို့ရွာက ကောင်မလေးကို





ခိုးပြေးလိမ့်မယ်၊ နင်တို့ မိအောင် ဖမ်းကြ၊ မမိရင်တော့ ကောင်မလေး ပါသွားလိမ့်မယ်၊ သူ့မယားဖြစ်သွားရင် ဒီကောင်က ဆေးဝါးတွေနဲ့ စီရင် တော့မှာ၊ သူ့ကို ကောင်မလေးက တန်းတန်းစွဲဖြစ်တော့မှာဟဲ့၊ ဒီကောင့် မှာ အဲဒီလိုယူထားတဲ့မယားတွေ လေးငါးယောက်လောက်ရှိတယ်"

"ဒီလူက ဘယ်ကို ခိုးသွားမှာတုံး မဖဲဝါ"

"မြို့ကို ခိုးသွားမှာ၊ မြို့သွားတဲ့လမ်းက နင်တို့ ပိတ်စောင့်ကြ၊ ငါနင့်ကို ဆေးပေးလိုက်မယ်၊ အဲဒီဆေးကိုဖျော်ပြီး ဒီကောင့်ပါးစပ်ထဲကို လောင်းထည့်လိုက်၊ ဒီကောင်ရဲ့မှော်တွေ အကုန်လုံးပျောက်သွားလိမ့်မယ်"

မဖဲဝါက ကျုပ်လက်ထဲကို ဖက်ရွက်နဲ့ထုပ်ထားတဲ့ဆေးထုပ် ကို ထည့်ပေးလိုက်တယ်။

"ဒါ လူသေပြာရယ်၊ လူသေသွေးရယ်၊ တစ္ဆေတံတွေးရယ် ရောပြီး စီရင်ထားတဲ့ဆေးပဲ တာတေ၊ မှော်ဖျက်ကြီးဆေးလို့ ခေါ်တယ်၊ ဒီဆေးကို ငါပဲဖော်တတ်တယ်၊ အဲဒီကောင်ကိုတိုက်လိုက်၊ ဒီကာမေ သုကောင် တဖြည်းဖြည်းရူးပြီး သေသွားလိမ့်မယ်"

ကျုပ် လန့်နိုးတော့ ဆရာတော့်ကျောင်းက တုံးမောင်းတောင် ခေါက်နေပြီဗျ။

"တုံ၊ တုံ၊ တုံ၊ တုံ တုံ တုံ တုံ၊ တုံ၊ တုံ"

ကျုပ်လက်ထဲမှာဆုပ်ထားတဲ့ ဆေးထုပ်ကလေးကို သတိရလို့ ကြည့်လိုက်တော့ တကယ်ကို ရှိနေတာဗျို့။ သုံးပန်လှပန်းပင်က အရွက် လေးနဲ့ ထုပ်ထားတာဗျ။ (သုံးပန်လှပန်းဆိုတာ အဖြူရောင်၊ ပန်းရောင်၊



www.burmeseclassic.com

www.burmeseclassic.com



အနီရောင် တစ်မနက်တည်း အရောင်သုံးမျိုးပြောင်းတဲ့ ပန်းလေဗျာ)

ကျုပ် တစ်နေ့လုံး တိုးတိုးတိတ်တိတ်နဲ့ စီစဉ်ရတော့တာဗျို့။ သူကြီးကို အကျိုးအကြောင်းအားလုံး ပြောပြပြီး ရွာထဲက ကာလသားကြီးကြီးတွေ၊ ဇလကောင်းကောင်းလူတွေ သုံးဆယ်လောက် စုလိုက်ပြီး သူကြီးအိမ်မှာ တိုးတိုးတိတ်တိတ် အစီအစဉ်လုပ်ရတယ်။ ကိုယ်ပျောက်မြဒင်မရိပ်မိအောင် လျှို့ပြီးလှုပ်ရှားရတာဗျ။ မြို့သွားတဲ့လမ်းက အကျဉ်းဆုံးနေရာမှာ ချုံပုတ်တွေကြားမှာ ဝပ်ပြီးစောင့်ကြရမှာ။ ဆယ်အိမ်ခေါင်းတွေပေည်းပါတယ်။ လူငယ်တွေကိုတော့ ရွာထဲမှာ ဟန်မပျက်ကင်းစောင့်နိုင်းထားတယ်။ ကျုပ်ကတော့ မဖဲဝါပေးတဲ့ မှော်ဖျက်ကြီး ဆေးလုံးလေးကို ခရုံ့ပျော့ပြီး ဖန်ပုလင်းလေးနဲ့ ထည့်လာခဲ့တယ်ဗျ။ ကျုပ်လက်ထဲမှာလည်း ယင်းကိုက်သားအနှစ်ကိုလုပ်ထားတဲ့ တုတ်တစ်ချောင်းကိုင်ထားတယ်။ ကျုပ်လည်း ကင်းပုန်းဝပ်နေရတာပေါ့ဗျာ။ ညသန်းခေါင်လောက်ကျတော့ စောင့်တဲ့လူတွေ ပျင်းတောင်လာကြပြီဗျို့။

“တာတေ၊ မင်းကောင် လာရောလာပါ့မလား၊ အခုပဲ ဆယ့်နှစ်နာရီထိုးနေပြီကွ”

“လာမှာပါဗျာ၊ ဟော ပြောရင်းဆိုရင်း မြင်းခွာသံကြားပြီဗျို့”

“အေး အေး၊ ဟုတ်တယ်ဟေ့၊ မြင်းခွာသံ ကြားတယ်”

“ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်”

မြင်းကို အသားကျစီးလာတဲ့ အသံဗျ။ ဒီခွာသံကြားတာနဲ့ မြင်းစီးတဲ့လူဟာ မြင်းစီးကောင်းဆိုတာ ကျုပ်တို့ အညာသားတွေ သိပြီး





သားဗျ။ တစ်ယောက်ကိုတစ်ယောက် လက်ကုတ်လိုက်ကြတယ်။ ဟော…လာပြီဗျို့။ လာပြီ။ မဖဲဝါပြောတာ ဟုတ်လိုက်တာဗျာ။ ကိုယ်ပျောက်မြဒင်က မခင်မိကို ကိုစစ်ရှိန်အယောင်ဆောင်ပြီး နိုးလာပြီပေါ့ဗျာ။

လာပြီ၊ လာပြီ။ ကျုပ်တို့ရှေ့ကို ရောက်တော့မယ်ဗျို့။

“ဝိုင်းဟေ့၊ ဝိုင်းဟေ့၊ မလွတ်စေနဲ့၊ ဝိုင်းဟ”

ကျုပ်တို့ရွာသားတွေ ညာသံပေးပြီး ချုံပုတ်တွေထဲကပြေးထွက်လာကြတာဗျို့။ ခတ်မီးနဲ့ထိုးတဲ့လူက ထိုးထားကြတာ။ ကျုပ်လည်း ယင်းကိုက်သား တုတ်ကိုကျစ်ကျစ်ပါအောင်ကိုင်ပြီး ပြေးထွက်တာပေါ့ဗျာ။

“ဟာ…ပျောက်သွားပြီဟေ့၊ ပျောက်သွားပြီ”

ကိုယ်ပျောက်မြဒင်က မြင်းကိုတုံ့ကနဲရပ်လိုက်ပြီး လူတွေပြေးထွက်လာတာတွေတော့ ချက်ချင်းကိုယ်ဖျောက်ပစ်လိုက်ရောဗျို့။ ကျုပ်က မျက်ကွင်းဆေးကွင်းထားတာဆိုတော့ မြင်နေရတော့တာပေါ့ဗျာ။

“ကိုစစ်ရှိန်ကို မလုပ်ကြပါနဲ့ရှင်”

မခင်မိကတော့ အခုထိကိုစစ်ရှိန်လို့ပဲ ထင်နေတုန်းဗျ။ ပျာပျာသလဲ တောင်းပန်နေတာ။ ဟော ပြေးတော့မယ်ဗျို့။ ကိုယ်ပျောက်မြဒင်လည်းလမ်းကြောင်းကနေ ဘေးကကုန်းပေါ်ကို တက်ပြေးမလို့ လုပ်နေတာဗျ။ ကျုပ် လွှားကနဲ တစ်ချက်ခုန်လိုက်ပြီး လက်ထဲက ယင်းကိုက်သားတုတ်နဲ့ ခေါင်းကိုရိုက်ချလိုက်တယ်။

“ခွပ်” “ဘုန်း”



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်' ဆိုတာက ခေါင်းကို ရိုက်လိုက်တာဗျ။ 'ဘုန်း' ဆိုတာက ကျောကုန်းကို ဖြတ်ရိုက်ချလိုက်တာ။ ကိုယ်ပျောက် ကျောကုန်းကြီး တစ်ချက်ကော့သွားပြီး ခွေကနဲ လဲကျသွားရောဗျ။

ကျုပ်တို့ရွာသားတွေက ကိုယ်ပျောက်မြဒင်ကို မမြင်ရပေမဲ့ ကျုပ်ရိုက်ချလိုက်တဲ့ အသံကိုတော့ ကြားကြတာပေါ့ဗျာ။ ကျုပ်ဆီကို မာတ်မီးတွေ ထိုးပြထားကြတာဗျို့။ ကျုပ်က သတိလစ်နေတဲ့ ကိုယ်ပျောက်ကို ပက်လက်ဆွဲလှန်လိုက်ပြီး ဖန်ပုလင်းလေးနဲ့ဖျော်ပြီး ယူလာတဲ့ မဖဲဝါရဲ့ မှော်ဖျက်ကြီးဆေးကို ပါးစပ်ထဲလောင်းထည့်လိုက်တယ်။ ကိုယ်ပျောက်မှော်မြဒင်ရဲ့ ကိုယ်လုံးကြီးတစ်ချက်တွန့်လိမ်သွားပြီး ဘွားဘွားကြီးပေါ်လာရောဗျို့။

"ဟာ…ပေါ်လာပြီဟေ့၊ ရိုက်ကွာ၊ ငါတို့ရွာကို ဒုက္ခပေးတဲ့ ခွေးမသားကို အသေရိုက်သတ်စမ်းကွာ"

"ဟေ့ကောင်တွေ မလုပ်နဲ့၊ ဉပဒေမဲ့ မလုပ်ကြနဲ့"

ဆယ်အိမ်ခေါင်းတွေက အတင်းဝင်ခွဲကြရတာပေါ့ဗျာ။ ဒီတော့မှ မခင်မိလန့်သွားတာဗျို့။

"အောင်မယ်လေးတော်၊ ကိုစစ်ရှိန် မဟုတ်ဘူးလား၊ ဘုရားဘုရား၊ ကျုပ် ရေတိမ်နစ်တော့မလို့တော်"

ပြောရင်းနဲ့ မခင်မိ ငိုတော့တာပေါ့ဗျာ။

"တာတေ မင်းအစ်မ ခင်မိကို မြင်းနဲ့ ခေါ်သွားတော့၊ သူကြီးအိမ်ကိုခေါ်သွား"





ဆယ်အိမ်ခေါင်း ကိုကံကအမိန့်ပေးတာဗျ။ ကျုပ်လည်း အောင်ဘော်ကြီးပေါ်တက်ပြီး အစ်မမခင်မိကို ရွာပြန်ခေါ်ခဲ့တော့ တာပေါ့ဗျာ။ ကျုပ် မြင်းမမောင်းခင် လှည့်ကြည့်လိုက်တော့ ဆယ်အိမ်ခေါင်းတွေက ကိုယ်ပျောက်ကို ကြိုးနဲ့တုပ်နေကြသဗျို့။ ညတွင်းချင်းပဲ ကိုယ်ပျောက်ကို စစ်ကြဆေးကြတယ်ဗျ။ သူကြီးအိမ်မှာ လူတွေအုံနေတာပေါ့ဗျာ။ မဖဲဝါရဲ့ ဆေးချက်မိသွားတဲ့ ကိုယ်ပျောက်ကတော့ မှော်တွေအားလုံး ပျောက်သွားပြီး သူကြီးရဲ့ထိတ်တုံးမှာ ကားကားကြီး ဖြစ်နေတော့တာပေါ့ဗျာ။

သူကြီးက ညတွင်းချင်းပဲ ကိုစစ်ရှိန်နဲ့ မခင်မိကိစ္စကို စီစဉ်တယ်။ ကိုစစ်ရှိန်ကို လိုက်ရှာတော့ မြောက်ဘက်ခရိုးက ခရိုးပေါက်နားမှာ ငုတ်တုတ်ကြီးထိုင်ပြီး သတိမေ့နေတာကို တွေ့လို့တွဲခေါ်လာကြရတာဗျ။

သူကြီးက ကျုပ်ဆရာတော်ဦးဂုဏကို သွားပင့်ခိုင်းလို့ ဆရာတော်ကြွလာပြီး သစ်စုန်းဆေးတော်ကို သွေးတိုက်လို့ ကိုစစ်ရှိန်ရော မခင်မိရော ကိုယ်ပျောက်ရဲ့ တို့ဆေးတွေ ပြယ်ကြတာပေါ့ဗျာ။

သူကြီးက နှစ်ဖက်မိဘကို ခေါ်ပြီး နားချတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာအာဃာတမှမထားတော့ဘဲ လူငယ်တွေကိစ္စကို စီစဉ်ပေးကြဖို့၊ အခုလို ဆွေတွေမျိုးတွေ ဖြစ်ပြီဆိုတော့ အရင်ကအဆင်မပြေမှုတွေကို ခွင့်လွှတ်လိုက်ဖို့ သူကြီးကပြောတော့ အားလုံးခေါင်းညိတ်ကြတာပေါ့ဗျာ။ မကြာခင်မှာ ကိုစစ်ရှိန်နဲ့ မခင်မိတို့ရဲ့ မင်္ဂလာပွဲကြီးက ကျုပ်တို့ရွာမှာ ခြိမ့်ခြိမ့်သဲ ကျင်းပဖို့ပြောကြဆိုကြတဲ့အထိ ရောက်သွားကြသဗျို့။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်စောစောထပြီး လှည်းတွေနဲ့ ကိုယ်ပျောက်ကို မြို့က ရဲဌာနကို ပို့ကြတယ်။ ကိုယ်ပျောက်မြဒင်က ကြိုးတုပ် ရက်ကြီး ပါသွားတာဗျ။ သူကြီးကိုယ်တိုင် ဦးဆောင်ပြီး ပို့တာဆိုတော့ ဆယ်အိမ် ခေါင်းတွေအကုန်လုံး လိုက်သွားကြရတော့တာပေါ့ဗျာ။

အဲဒီနေ့က ကျုပ်လည်း မိုးလင်းမှ အိမ်ပြန်ရောက်တော့တာဗျို့။

တာတေ

□□□



BURMESE CLASSIC .com



# လူခြောက်မယား

လောကမှာ မယုံနိုင်လောက်အောင် ဆန်းပြားတဲ့ကိစ္စတွေရှိ နေတာ အမှန်ပဲဗျ။ ကျုပ်ကတော့ လူဖြစ်လာကတည်းကပဲ အဆန်း အပြားတွေနဲ့ ကြုံရဖို့ကံပါလာတယ်နဲ့ တူပါရဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆရာတော် ပြောသလိုပဲဗျို့။ ကိုယ်ဉာဏ်မမီကာနဲ့ အဆန်းအပြားကိစ္စတွေကို မဟုတ်ဘူးလို့တော့ ပြောလို့မရဘူးဗျ။

မယုံနိုင်အောင် ဆန်းပြားတဲ့ကိစ္စတွေထဲမှာ လူခြောက်မွေးတဲ့ကိစ္စလည်း ပါဘာပေါ့ဗျာ။ 'ကစေဘားခြောက်' ဆိုတဲ့ ဝတ္ထုမှာ လူခြောက်အကြောင်း ကျုပ်ရေးပြခဲ့ဖူးပါတယ်။

ကျုပ် အခုပြောပြမယ့်အကြောင်းက ကျုပ်တို့ ထနောင်းကုန်းသား ကိုကြီးဒီပရဲ့ အကြောင်းဗျ။ ကိုကြီးဒီပက လူတော့လူပဲ။ ဒါပေမဲ့ ခင်ဗျားတို့ ကျုပ်တို့လို လူတော့မဟုတ်ဘူး။ သူက လူခြောက်။ ကိုကြီးဒီပက အခုဆိုရင် အသက်သုံးဆယ်ရှိပြီ။ အမေတို့ အဘတို့ ပြောပြလို့ ကိုကြီးဒီပအကြောင်းကို ကျုပ် အစအဆုံး သိခဲ့ရတာဗျ။ ကိုကြီးဒီပရဲ့ အဖေနဲ့အမေက ကျုပ်ရဲ့ အဘနဲ့ ဆွေမျိုးမကင်းကြဘူး။ ဘထွေးဖိုးဆန်းနဲ့ အရီးမယ်သုံဗျ။ ဘထွေးတို့ လင်မယားကို အဘနဲ့ အမေက ပေးစားထားတာလို့ ပြောကြတယ်။ အရီးမယ်သုံသားဦးလေး ကိုယ်ဝန်ရှိပြီး ကိုးလကျော်တော့ ဗိုက်နာရော တဲ့ဗျ။ ဆောင်းတွင်းကြီး ဆိုပဲ။ အေးလိုက်တာမှ ခိုက်ခိုက်တုန်နေတာတဲ့ဗျို့။ မီးလောင်ကုန်းက လက်သည်မကြီးနဲ့ အမေက မီးနေခန်းထဲမှာ မွေးပေးကြတာဆိုပဲ။ ဘထွေးဖိုးဆန်းက အိမ်ရှေ့ကနေ မီးနေစောင့်ရတာပေါ့ဗျာ။

ဗိုက်က ပထမတော့ တော်တော်နာတာတဲ့ဗျ။ နောက်တော့ အနာလုံးဝပျောက်သွားရောတဲ့ဗျို့။ ဒီတော့ လက်သည်က ကလေးများ သေသွားလို့လားလို့ ထွေးတာတဲ့ဗျ။ ဒါပေမဲ့ ကလေးကိုစမ်းတော့





ကလေးကစမ်းလို့ကို မရဘူးဆိုပဲ။ စောစောကစမ်းတုန်းက ကလေးတွေ့ပါတယ်၊ အခု ဘယ်ရောက်သွားတာလဲ ဆိုပြီး လက်သည်ကြီးက စမ်းတာတဲ့ဗျ။ ဒါပေမဲ့ စမ်းရင်းကနေကလေးက, ပျောက်သွားသလို အရီး မယ်သုံရဲ့ ဗိုက်ကလည်း ကိုယ်ဝန်ဆောင်ဗိုက်ကနေ တဖြည်းဖြည်း ပျောက်ပျောက်သွားပြီး ချပ်ကျသွားတာတဲ့ဗျို့။

''မယ်သုံရေ…ငါလည်း လက်သည်လုပ်စားလာတာ အိုပြီး သေတော့မယ်ဟေ့၊ ဒီဗိုက်မျိုးတော့ ငါတစ်ခါမှ မတွေ့ဖူးဘူးဟဲ့၊ ညည်းစိတ်ထဲမှာရော ဗိုက်ထဲမှာ ကလေးရှိတယ်လို့ ခံစားရသေးလား၊ ငါစမ်းတာတော့ တွေ့တောင်မတွေ့ဘူး တော်ရေ''

''အရီးမယ်ဆိုးရေ…ကျုပ်စိတ်ထဲမှာတော့ ကျုပ်ကလေးက ကျုပ်ဗိုက်ထဲမှာ ရှိနေတာတော့၊ မွေးတော့မယ်ထင်တယ်''

လက်သည်မကြီးရဲ့ နာမည်က ဒေါ်မယ်ဆိုးတဲ့ဗျ။ ထနောင်းကုန်း၊ ဘန့်ဘွေးကုန်း၊ မီးလောင်ကုန်းကစပြီး ငွေတွင်းကုန်း၊ ဆပ်သမြောင်၊ ရုံးတောနယ်အဆုံး လွှတ်နာမည်ကြီးတဲ့ လက်သည်မကြီးဗျ။

''ကဲ ဒါဆိုလည်း နည်းနည်းလောက် ညစ်ကြည့်စမ်းအေ၊ ကျုပ်က အပေါ်ကတွန်းပြီး မွေးပေးမယ်၊ ငွေစိန်ညည်းက ရှေ့က စောင့်ပြီး ကလေးကောက်ပေါ့အေ''

လို့ အမေ့ကိုပြောရင်း မျက်စိမှိတ်ပြသတဲ့ဗျ။ အရီးမယ်သုံ စိတ်ကျေနပ်အောင် လုပ်ပေးတဲ့သဘောပေါ့ဗျာ။ ဒါပေမဲ့ လက်သည်ကြီးက တခြားကလေးတွေ မွေးသလိုပဲ သေသေချာချာလုပ်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ဗျ။ ခဏနေတော့...

"မွေးပြီ၊ မွေးပြီ"

လို့ အရီးမယ်သုံးက ပြောရင်း မွေးလိုက်ရတာပဲဗျ။ ကျုပ်အမေကလည်းကလေးကောက်တာပေါ့ဗျာ။ လက်သည်မကြီး ဒေါ်မယ်ဆိုးက အမေ့လက်ထဲက ကိုင်ထားတာကိုကြည့် ပြီး...

"လက်စသတ်တော့ ဒါကိုး၊ ဟား၊ ဟား၊ ဟား၊ ငါ့မှာတော့ တွန်းလိုက်ရတာ မယ်သုံးရယ်၊ ညည်းသားက လူခြောက်ကိုးဟဲ့၊ ဒါပေမဲ့ ညည်းတို့တော့ ချမ်းသာတော့မှာအေ့၊ လူခြောက်မျိုး မိဘကိုအားကြီး စောင့်ရှောက်ကြတာ မယ်သုံးရဲ့"

အရီးမယ်သုံးကတော့ သူမွေးတဲ့သားခြောက်ကလေးကို ကြည့်ပြီး မျက်ရည်ကျတာပေါ့ဗျာ။

"ငါ့သားက ဝဋ်ကြွေးတယ်လည်းကြီးတာကိုး"

လို့ ပြောသတဲ့ဗျို့။

လက်သည်ကြီး ဒေါ်မယ်ဆိုးက လူခြောက်ကလေးကို သန့်သန့်ရှင်းရှင်းလေး လုပ်ကိုင်ပေးပြီး စက္ကူဂျပ်ဘူးလေးတစ်ခုထဲမှာ ထည့်ပေးခဲ့တယ်ဗျ။ လက်သည်ခ ပေးတာတောင် ဒေါ်မယ်ဆိုးက မယူဘူးတဲ့ဗျ။

ဘထွေးဖိုးဆန်းကလည်း စိတ်တော်တော်ညစ်သွားသတဲ့ဗျို့။ ရွာထဲမှာတော့ ကလေးအဖတ်မတင်ဘူးလို့ပဲ ပြောရတာပေါ့ဗျာ။

ကလေးမွေးပြီးအရီးမယ်သုံ အိပ်ပျော်သွားတဲ့အချိန်မှာ အိပ်မက်မက်တယ်ဗျ။



BURMESE CLASSIC .com



"အမေ...သားကလေးပါဗျာ၊ သားကို နို့တိုက်ပါ၊ သားဆာနေပြီဗျ"

လို့ ကလေးကပြောသတဲ့။ အရွယ်ကတော့ ခြောက်လသားကလေးအရွယ်လောက် ရှိတယ်ဆိုပဲ။

"နို့တိုက်တာတော့ ဟုတ်ပါပြီ၊ သားကလူ့လက်ညှိုး သာသာလေးရှိတာဆိုတော့ အမေကသားကို ဘယ်လိုနို့တိုက်ရမှာတုံး"

လို့ အရီးမယ်သုံက ပြောတော့...

"အမေ့နို့ကို ပန်းကန်လေးနဲ့ညှစ်ထည့်ပြီး သားဘေးမှာချထားပေးရင် ရတယ်ဗျ"

အရီးမယ်သုံက အိပ်ရာကနိုးတာနဲ့ ဘထွေးဖိုးဆန်းကို အကျိုးအကြောင်းပြောပြပြီး ပန်းကန်လေးနဲ့ နို့ညှစ်ထည့်ပေးထားလိုက်တယ်။ နို့ကတော့ ကုန်မသွားဘူးတဲ့ဗျ။ ဒါပေမဲ့ ညရောက်တော့ သူနို့စို့ရတဲ့အကြောင်း ပြောသတဲ့ဗျ။

"ညဘက်ဆိုရင် နို့ကိုပန်းကန်နဲ့ထည့်မထားနဲ့ အမေ၊ ကျွန်တော် အမေ့နို့ကို စို့လို့ရတယ်"

လို့ ပြောတယ်တဲ့ဗျ။ ညရောက်တော့ အရီးမယ်သုံက အိပ်မက်ထဲမှာ ကလေးကို နို့တိုက်နေတာတဲ့ဗျို့။ အရီးမယ်သုံက ကျုပ်ကို ပြောဖူးတယ်ဗျ။

"နေ့ခင်းဘက်ဆိုရင်တော့ အရီးက ဟိုသွားဒီသွား အလုပ်တွေ လုပ်နေတာပေါ့ တာတေရယ်၊ ညဘက်ဆိုရင်တော့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



အမေပဲပေါ့၊ ကလေးကို နို့တိုက်ပြီး သိပ်နေရတာပါပဲ၊ ထမင်းကျွေးရတဲ့ အရွယ်ရောက်တော့လည်း သူ့ဘေးမှာ စားပွဲခုံလေးနဲ့ ထမင်းနယ်ဖတ်ပြီး ကျွေးရတယ်ဟဲ့၊ တခြားကလေးတွေ မွေးရသလိုပါပဲဟယ်၊ ဘေးလူ တွေ့ရင်တော့ ငါ့ကို ရူးနေတယ်လို့တောင် ထင်ချင်ထင်မှာပေါ့ဟယ်၊ အရီးတို့ကလည်း ကလေးပျက်ကျသွားတယ်လို့ ပြောထားတာကိုး၊ ကလေးအဖတ်မတင်လို့ မယ်သုံတစ်ယောက် ကြောင်တောင်တောင် ဖြစ်သွားတယ်လို့ပဲ ပြောကြမှာပေါ့လေ။ တကယ်တော့ အရီးမှာ မမြင်ရ တဲ့ ကလေးတစ်ယောက် တကယ်ရှိနေတာပါ၊ သူ့ကို အရီးတို့ လင် မယားက ဒီပလို့ နာမည်ပေးလိုက်ကြတယ်"

"အရီး အိပ်မက်ထဲမှာပဲ ကိုကြီးဒီပကို အမြဲတမ်းတွေ့နေ တာပေါ့ ဟုတ်လားအရီး"

"အေး ဟုတ်တယ် တာတေရဲ့"

"အပြင်မှာရော တစ်ခါမှ မတွေ့ဖူးဘူးလား"

"တစ်ခါတစ်ခါတော့ ငါ့ဘေးက ရိပ်ကနဲ ဖြတ်သွားတာကို မြင်လိုက်သလို ဘာလိုတော့ရှိတယ်၊ လူတစ်ယောက်နဲ့ တစ်ယောက် မြင်သလိုတော့ တစ်ခါမှ မတွေ့ဖူးဘူးဟဲ့၊ နို့စို့တဲ့ အရွယ်လေးတုန်းက တော့ ညဆိုရင် ကိုယ့်ရင်ခွင်ထဲမှာနို့စို့ရင်း ကလေးအိပ်နေတယ် လို့ကို ခဏခဏဖြစ်ဖူးတယ်၊ အေးရင်စောင်လေးတောင် ခြုံပေးထားလိုက် သေးတာဟဲ့"

"ဒါနဲ့ အရီးနဲ့ဘထွေးဖိုးဆန်းက ကိုကြီးဒီပကို ရှင်ပြုပေးဖူး





တယ်ဆို"

"ဟုတ်တယ်လေ တာတေရဲ့၊ နင့်ကိုကြီးဒီပက ဆယ်နှစ် သားလောက်ရောက်တော့ အိပ်မက်ထဲမှာ သူ့အဖေကိုရောငါ့ကိုရော ပြောတယ်၊ 'အဘနဲ့ အမေတို့ ကျုပ်ကို ရှင်ပြုပေးကြတော့၊ ကျုပ် ကိုရင်ဝတ်ရမယ့်အရွယ် ရောက်ပြီဗျ' တဲ့ဟေ့။ ဒါနဲ့ ဆရာတော်ကို အကျိုးအကြောင်းလျှောက်တော့ ဆရာတော်က 'ဒါဆိုရင် လည်း နင်တို့ ဝတ်ပေးလိုက်ကြပေါ့' လို့ မိန့်တာနဲ့ နင့်ဘထွေးက မြို့တက်ပြီး ပရိက္ခရာရှစ်ပါး ဝယ်ရတာပေါ့ဟယ်၊ ဆရာတော်က ပရိက္ခရာရှစ်ပါးကို ရှေ့မှာချပြီး တခြားကလေးတွေ ကိုရင်ဝတ်သလိုပဲ သင်္ကန်းတောင်းကို ဆိုပေးပြီး သင်္ကန်းတွေကို ဖြန့်ထားလိုက်ရောဟေ့။ ညရောက်တော့ သပိတ်ကလေးပိုက်ပြီး ကိုရင်လေးဖြစ်လို့။ 'ဒကာကြီးနဲ့ ဒကာမကြီးတို့ ကိုရင့်ကို ဆွမ်းလောင်းကြ' လို့ ပြောတာနဲ့ အိပ်မက်ထဲမှာ ဆွမ်းလောင်း ကြရတာပေါ့ဟယ်"

"ဩော်...ဟုတ်လား၊ တော်တော်တော့ ထူးဆန်းတာပဲ အရီးရဲ့"

"ဘန်ဘွေးကုန်းတို့ မီးလောင်ကုန်းတို့က မလုံးတင်တို့ မပြား ကြည်တို့ကလည်း ပြောကြတယ်၊ အိပ်မက်ထဲမှာ ကိုရင်လေးတစ်ပါး ဆွမ်းလာခံလို့ ဆွမ်းလောင်းရတယ်လို့ အိပ်မက်မက်ကြ လို့တဲ့ပြော လုံးတင်တို့ ပြားကြည်တို့ စိန်မတို့ဆိုတာ အရီးဆီကို မကြာမကြာ လာတတ်တဲ့ ကောင်မတွေလေဟာ၊ ဒီတော့ နင့်ကိုကြီးဒီပက သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သိနေတော့ သူတို့ဆီမှာ ချွမ်းသွားမိတာ ဖြစ်မှာပေါ့ တာတေရဲ့"

"အသက်နှစ်ဆယ်ပြည့်တော့ တစ်ခါပြောပြန့်ရောပေ့၊ သူ့ကို ပဋ္ဌင်းတက်ပေးပါဆိုလို့ ဆရာတော်ဆီမှာ လျှောက်တော့ ဆရာတော်က သနားပြီး ပဋ္ဌင်းတက်ပေးတယ်၊ ကျောင်းမှာရှိတဲ့ သံဃာတွေနဲ့ပဲ သိမ်တက်ပေးတယ်၊ ဒီကုန်းကလည်း အရိုးကို ချွမ်းပေါင်းကြရတာပဲ တာတေရဲ့"

"အရိုးကတော့ ကိုကြီးဒီပကို အပြင်မှာမြင်ရင်လည်း မှတ်မိမှာပေါ့နော်"

"ဟာ..မှတ်မိတာပေါ့ တာတေရဲ့၊ ညတိုင်းလို အိပ်မက်ထဲမှာ မြင်တွေ့နေရတဲ့ဟာ၊ သူ့အဘခေါ်ရော သူ့ရုပ်ကိုသိနေတာပေါ့၊ တခြားသားသမီးတွေလိုပဲ ဘာမှမကွာခြားဘူးဟဲ့"

ဘထွေးဖိုးဆန်းနဲ့ အရိုးမယ်သုံ့တို့မှာ ကိုကြီးဒီပအောက် မှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရှိသေးတယ်ဗျ။ သားကကိုရှုပတဲ့၊ သမီးကမစန္ဒာတဲ့ဗျ။ အခုဆိုရင် ကိုကြီးဒီပက အသက်သုံးဆယ့်ငါးနှစ်တဲ့ဗျ။ ကိုရှုပက သုံးဆယ့်သုံးနှစ်၊ မစန္ဒာက နှစ်ဆယ့်သုံးနှစ်တဲ့။

"တာတေ နင်က နှင့်ကိုကြီးဒီပကို တော်တော်စိတ်ဝင်စားနေတယ်ဟုတ်လား၊ ဟိုကလည်း နင့်တော့ချစ်သားဟဲ့၊ ဟိုတလောက ဝက်သားဟင်းချက်လို့တောင် ညဘက် အိပ်မက်ထဲမှာပြော သေးတယ်၊ 'အမေ တာတေက ဝက်သားဟင်း အားကြီးကြိုက်တာဗျ၊ တာတေ့ကို ဟင်းတစ်ခွက်လောက် ပို့ပေးပါဦးလား' တဲ့။ အဲဒါ ငါက





ပြောရတယ်၊ နောက်တစ်ခါချက်တော့မှပဲ တာတေ့ကို ပို့တော့မယ် သားရယ်၊ နင့်ညီတာတေက ကလီစာချက်တာ ကြိုက်တဲ့ကောင်ဟဲ့လို့ ပြန်ပြောတော့ နင့်ကိုကြီးဒီပက ရယ်လို့ဟဲ့။ 'တာတေကတော့ ဘကုယ့် ကောင်ပဲအမေရဲ့၊ အသက်သာငယ်တာ ဗဟုသုတတော့ တော်တော် ရှိသဗျ၊ ဆရာကောင်းသမားကောင်းတွေနဲ့လည်း လျှောက်လိုက်ဖူးတာ၊ အရွယ်နဲ့ မလိုက်အောင်ကို အတွေ့အကြုံများတာဗျ' တဲ့ဟေ့။ နင့်ကို တော့ နင့်ကိုကြီးဒီပက လွတ်ချီးမွမ်းတာ"

"ဒါနဲ့ အရိုးရဲ့ ကိုကြီးဒီပက ဘထွေးဖိုးဆန်းကို ယာထွန်ပေးတယ်ဆို"

ဒီအကြောင်းတွေက ရွာထဲကလူတွေ ဘယ်သူမှသိတာ မဟုတ်ဘူးဗျ။ အရိုးမယ်သုံ ကျုပ်တို့အိမ်လာတုန်း ကျုပ်က နှစ်ကိုယ် ကြားမေးနေတာ။ ကျုပ်အဘနဲ့ အမေ့ကိုသာ ဘထွေးတို့အရိုးတို့ က အကုန်ပြောတာ။ ကျန်တဲ့လူတွေကို ဒီအကြောင်း ဟတောင် မဟဖူးဘူးဗျ။ ဘထွေးတို့အိမ်မှာ လူခြောက်ရှိတယ်ဆိုတာ ကျုပ်တို့ ရွာသားတွေ သိတဲ့သူတစ်ယောက်မှ မရှိဘူး။ ကျုပ်တို့မိသားစုကလည်း မပြောဘူးဗျ။

"ဟာ နင့်ကိုကြီးက မိဘတွေကို အားကြီးဂရုစိုက်တာဟဲ့ တာတေရဲ့၊ သူ့အဘ ပင်ပန်းရင် နည်းနည်းမှ ကြည့်ရက်တာ မဟုတ်ဘူး၊ သူ့အဘနဲ့ ယာထဲလိုက်ပြီး လုပ်ပေးချင်တယ်လို့ ကိုဖိုးဆန်းကို အိပ်မက်ထဲမှာပြောသတဲ့၊ ဒီတော့ သူ့အဘက 'ဒီပရယ်၊ ယာထဲမှာ ကူလုပ်ပေးချင်ပေမယ့် ငါ့သားက လူတွေလို ခန္ဓာကိုယ်ရှိတာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဘယ့်နှယ်လုပ်ပြီး ကူလို့ရမတုံး' ပြောတော့ နင့်ကိုကြီးက ပြောသတဲ့ တာတေရဲ့။

'အဘ ကျုပ်က ဝဋ်ကြွေးတစ်ခုကြောင့် အခုလိုဘဝကို ရောက်ရတာပါ၊ ဒါပေမဲ့ လူခြောက်ဆိုကိုင်းလည်း အားလုံးအတူတူ ချည်းမဟုတ်ပါဘူး အဘရဲ့၊ ကျုပ်မှာက ကုသိုလ်ကံတွေအများကြီး ရှိခဲ့တာပါ၊ အဘတို့ ကျုပ်ကို မမြင်ရပေမယ့် ကျုပ်က လုပ်နိုင်ပါတယ်'

လို့ ပြောသတဲ့ဟေ့။ ဒါနဲ့ နင့်ဘထွေးက 'ဒီလိုဆိုလည်း ငါ့သားသဘောပါပဲ၊ အဘနဲ့ယာထဲလိုက်ခဲ့ပေါ့' လို့ ပြောလိုက်တယ်ဆိုပဲ။ မနက်အိပ်ရာထတော့ 'မယ်သုံရေ…ထမင်းကို နှစ်ယောက်စာထည့်ကွာ၊ နင့်သား ဒီပပါ ယာထဲလိုက်ပြီး အလုပ်လုပ်မယ်ပြောတယ်'

'ဟင်…ဟုတ်ရဲ့လား ကိုဖိုးဆန်းရယ်၊ သူက လုပ်နိုင်ပါ့မလားတော်'

'ဒါတော့ ငါလည်း မသိဘူး မယ်သုံရဲ့၊ ညက အိပ်မက်ထဲမှာ ပြောတာတော့ ငါတို့က သူ့ကို မမြင်ရပေမယ့် သူက လုပ်နိုင်တယ်တဲ့ဟေ့၊ ကဲ ကဲ ဒါတွေ နောက်တော့သိရမှာပဲ၊ ထမင်းသာ ငါတို့သားအဖ စားဖို့ နှစ်ယောက်စာ ထုတ်လိုက်' တဲ့ဟေ့။ နင့်ဘထွေးက အဲဒီလိုပြောတော့ ငါကလည်း ထမင်းထုပ်နှစ်ထုပ် ထုပ်ပေးရတာပေါ့ဟာ။ ညနေ နင့်ဘထွေး ယာထဲကပြန်လာတော့ ငါက အသာလေး ကပ်မေးကြည့်တာပေါ့ဟယ်၊ ကိုဖိုးဆန်းဘယ်လိုတုံး၊ တော့်သားကတော့်ကို တကယ်ကူလုပ် ပေးတာလားဆိုတော့ ကိုဖိုးဆန်းက





ခေါင်းညိတ်ပြပြီး ပြောတယ်။

'မယ်သုံရေ…ဒီအကြောင်းတွေ ဘယ်သူ့ကိုမှတော့ မပြောမိစေနဲ့နော်၊ ဒီနေ့တစ်နေ့လုံး ငါ တစ်ကြောင်းတောင် မထွန်လိုက်ရဘူးဟေ့၊ နင့်သားပဲထွန်နေတာ' တဲ့ဟေ့။ ဒါနဲ့ အရီးက မေးတာပေါ့၊ ဘယ်လိုထွန်တာတုံး ကိုဖိုးဆန်းရဲ့ဆိုတော့ နင့်ဘထွေးကပြောတယ်…။ တာတေရဲ့။

'ဘယ်လိုထွန်တယ်တော့ ငါမသိဘူး မယ်သုံရေ၊ နွားတွေကတော့ လူထွန်သလိုကို သွားနေတာဟဲ့၊ တစ်ချက် တစ်ချက် ငါ့နားထဲမှာ နွားငေါက်သံ ကြားနေရသလိုပဲ၊ မြေကြီးတွေမှဟာ ဖွာကနဲ ဖွာကနဲ နေတာပဲ၊ ထွန်ရေးကလည်း ညက်လိုက်ပါဘိသနဲ့ဟယ်၊ ထွန်ကြောင်းကလည်း နက်လိုက်တာ မယ်သုံရယ်၊ တို့ရွာထဲက အလုပ်အင်မတန်လက်ကြောတင်းပါတယ်ဆိုတဲ့တောင်ပိုင်းက ဝကြီးတို့ညီအစ်ကိုလောက်တော့ ငါ့သားဒီပက အပျော့ပေါ့ဟယ်'

'ကိုဖိုးဆန်း တော့်ကြည့်ရတာ ပျော်နေတဲ့ပုံပဲ'

'ဟဲ့ မယ်သုံရဲ့ ပျော်တာပေါ့ဟဲ့၊ ငါ့သားကြီး ဒီပက အခုလို အားကိုးရတယ်ဆိုတော့ ငါဝမ်းသာတာပေါ့ မယ်သုံရဲ့၊ မနက်ဖြန်ဘာဟင်းကောင်းချက်မှာတုံး၊ ငါ့သား ဒီပရော၊ ရှုပရော ဖအေနဲ့ ဒိုးတူဘောင်ဖက် လုပ်နိုင်နေကြပြီဟဲ့၊ နင် ကောင်းကောင်းချက်ပြုတ်ကျွေးပေတော့'

လို့ ပြောတယ်ဟေ့။ အဲဒီနေ့ကစပြီး ငါတို့ယာမြေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွက်လိုက်တာ မပြောပါနဲ့တော့ဟယ်၊ စီးပွားဆိုတာလည်း အရီးတို့မှာ သိသိသာသာကို တက်တော့တာ တာတေရေ"

"ဝမ်းသာစရာပဲ အရီးရေ၊ ဒါထက်ကိုကြီးဒီပကာ သူ့ညီနဲ့ ညီမကိုရော ချစ်လားဗျ"

"အောင်မယ်လေး…ညီနဲ့ ညီမကို ချစ်လိုက်တာမှဟယ်၊ ဟိုဟာတွေ ငယ်ငယ်က ပြောမရလို့ ငါက ရိုက်မယ်လုပ်ရင် ဒီပကာ ဂုတ်ကိုဆွဲထားတာဟေ့"

"ဟာ…ဟုတ်လား အရီး"

"ဟုတ်ပါ့တော်၊ အဲဒီဟာတွေ ကြီးသာသွားရော၊ ငါ့မှာ တစ်ချက်မှကို မရိုက်လိုက်ရပါဘူးဟယ်"

"ဟား၊ ဟား၊ ဟား၊ ဟား"

ကျုပ်က အရီးမယ်သုံပြောတာကို သဘောကျပြီးရယ်လိုက်ဘာဗျို့။

"အရီး…ရုံးဒေါင့်သူ အရီးချွေးမအကြောင်း ပြောပါဦးဗျ"

"တာတေရေ…ဒီအကြောင်းကတော့ လူသိကိုမခံဝံ့ဘဲ ကိစ္စဟေ့"

"စိတ်ချ အရီး၊ ကျုပ်က ပါးစပ်လုံတဲ့ကောင်"

"ဒီလို တာတေရေ၊ အိမ်မှာ စီးပွားရေးကလည်း အဆင်ပြေတော့ အရီးတို့ အိမ်ကြီးဆောက်လိုက်တယ်လေ၊ အိမ်ဆောက်ပြီးတာနဲ့ နင့်ဘထွေးက သူ့သားရှုပကို ပြောတယ်လေ။





"ရှုပ မင်းမှာရည်းစားတွေ ဘာတွေ မရှိဘူးလား၊ ရှိရင် အဘက အိမ်ထောင်ချပေးမလို့ကွ၊ အဘက ချွေးမတွေဘာတွေ ရှိချင်နေပြီ"

"အဘကလည်း ကျုပ်မှာ ဘာရည်းစားမှမရှိဘူးဗျ၊ ရှိလည်း ကျုပ်က မယူသေးပါဘူး"

"ဟေ…ဘာဖြစ်လို့တုံးကွ"

"အဘကလည်းဗျာ၊ ကိုကြီးဒီပတောင် အိမ်ထောင်မပြုရသေးဘူးလေဗျာ၊ ကျုပ်က အစ်ကိုကိုကျော်ပြီး ဘယ့်နှယ်လုပ်အိမ်ထောင်ပြုရမှာတုံးဗျ"

"ဟာ ဒီကောင် တော်ရော်ပြောကော့မယ်၊ မင်းအစ်ကိုကြီး ဘယ့်နှယ်လုပ် အိမ်ထောင်ပြုမှာတုံး ရှုပရဲ့၊ စဉ်းစားလည်းပြောပါကွာ"

"ကျုပ်က ဒီရွာမှာလည်း တယ်မနေချင်ဘူးအဘရဲ့၊ မြို့မှာ သွားပြီး ရောင်းဝယ်စားချင်တာဗျ"

"ဪ…ဟုတ်လား၊ မြို့မှာတော့ မင်းအမေရဲ့မောင် မောင်စိန်ရှိတာပဲ၊ သူတို့လည်း ဈေးထဲမှာ ဆိုင်နဲ့ကနားနဲ့ ရောင်းဝယ်စားနေတာပဲ၊ အဘ အရင်းအနှီးထုတ်ပေးမှာပေါ့ ရှုပရဲ့၊ လုပ်ချင်ရင် မင်းဦးလေးနဲ့ တိုင်ပင်ပြီးလုပ်လေ"

"ကျုပ်လည်း ဦးလေးနဲ့ တိုင်ပင်နေတာဗျ"

"ဟေ…ဟုတ်လား၊ လုပ်လေ၊ မင်းဆန္ဒရှိရင် အဘတို့အမေ



www.burmeseclassic.com

www.burmeseclassic.com



တို့က လုပ်ပေးမှာပေါ့ကွာ’

လို့ နှင့်ဘထွေးကပြောတော့ ရှုပကိစ္စကပြီးသွားတော့ တာပေါ့ပဲ။ အဲဒီညမှာပဲ နှင့်ကိုကြီးဒီပက သူ့အဘကို အိပ်မက်ပေးတယ်။

‘အဘ…ချွေးမလိုချင်နေတာ တကယ်လား’

လို့ မေးသတဲ့ဟေ့။ ဒီတော့ နှင့်ဘထွေးက…

‘ဒီပရယ်၊ လိုချင်တာမှ အခုရရင်အခုလိုချင်တာဗျ၊ အဘက သားတွေသမီးတွေ ချွေးမတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်တာကွ’

လို့ ပြောလိုက်တော့ သူ့သားဒီပက သူ့အဘကိုပြောသတဲ့ဟေ့။

‘ဒါဆိုရင် အဘနဲ့အမေနဲ့ ကျုပ်ကို မိန်းမလိုက်တောင်းပေးဖို့ ပြင်ကြပေတော့’

‘ဟေ…ဘာပြောတယ် ဒီပ၊ မင်း မင်းက မိန်းမယူမလို့လား၊ မင်းမှာရည်းစားတွေ ဘာတွေ ရှိနေလို့လား၊ ဘာလဲ၊ မင်းရည်းစားက မင်းလိုပဲလူခြောက်မလေးလား’

လို့ နှင့်ဘထွေးက အိပ်မက်ထဲမှာ နှင့်ကိုကြီးဒီပကို မေးလိုက်တာတဲ့ဟေ့။

‘ဟာ…အဘကလည်း ပေါက်ပေါက်ရှာရှာ ပြောတော့မယ်၊ လူခြောက်မဟုတ်ပါဘူးဗျ၊ လူပါ၊ ရုံးထောင့်ရွာက မယ်ဆင့်ပါဗျ၊ မယ်ဆင့်က တော်တော်ချောတာ အဘရ၊ ကျုပ်နဲ့ သမီးရည်းစားဖြစ်နေတာ ကြာပြီဗျ၊ အဘတို့ တောင်းပေးမယ်ဆိုရင် ကျုပ် မယ်ဆင့်က





တစ်ဆင့် သူ့မိဘတွေကို ပြောခိုင်းလိုက်မယ်’

‘ဟ…ဒီပ၊ မင်း တကယ်ပြောနေတာလား လူလေးရဲ့’

‘တကယ်ပြောတာ အဘရဲ့၊ အဘ မယုံရင် စုံစမ်းကြည့်လေဗျာ၊ ကျုပ်နဲ့ မယ်ဆင့်နဲ့ သမီးရည်းစားဖြစ်နေတာ သုံးနှစ်တောင် ရှိပြီဗျ’

‘ရည်းစားဖြစ်တာတော့ ဟုတ်တယ်ပဲ ထားပါ ဒီပရာ၊ ဒါပေမဲ့ သူ့မိဘများကငါ့သားကို သူတို့သမီးနဲ့ သဘောတူပါ့မလားသားရယ်’

‘ဘာဖြစ်လို့တုံး အဘရဲ့’

‘ဟ‥ဘာဖြစ်ရမှာတုံး လူလေးရဲ့၊ လူလေးက လူခြောက်လေကွာ’

‘ဟား၊ ဟား၊ ဟား၊ ဟား အဘကဒါကို စိတ်ပူနေတာလား၊ ဒီအတွက် မပူနဲ့ဗျ၊ ကျုပ်က ဝဋ်ကြွေးကြောင့်သာ လူခြောက်ဖြစ်ရတာပါ၊ ကျုပ်ပြုခဲ့တဲ့ ကောင်းမှုကံတွေကြောင့် လူတစ်ယောက်လို နေလို့ထိုင်လို့ရပါတယ် အဘရဲ့၊’

‘သြော်…ဒါဆိုရင် ငါ့သားက သူ့ကို အိပ်မက်ပေးပြီး လူပျိုလှည့်တာပေါ့ ဟုတ်လား’

‘ဟုတ်တယ် အဘရဲ့၊ မယ်ဆင့်ကို ကျုပ် ရုံးထောင့်သွားတုန်းက မြင်ဖူးပြီး သဘောကျသွားတာဗျ’

‘ဟင်၊ ငါ့သားက ရုံးထောင့် ဘာသွားလုပ်တာတုံး’

‘အဘနဲ့ လိုက်ခဲ့တာလေဗျာ၊ ရုံးထောင့်မှာ အဘသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဦးဉာဏ်ရှိတယ်မို့လားဗျ၊ အဘ ဦးဉာဏ်ဆီကိုသွားလည်တုန်းက အဘနဲ့ ကျုပ်လိုက်လာခဲ့တာ၊ အဲဒီတုန်းက မယ်ဆင့်က ဦးဉာဏ်တို့အိမ်ကို ဆီလာပို့တာ၊ ကျုပ်တွေ့လိုက်ရတာဗျ၊ အဲဒီညက မယ်ဆင့်ကိုအိပ်မက် ပေးပြီး ကျုပ်သွားတွေ့တယ်၊ နောက်တော့မယ်ဆင့်ဆီကို ကျုပ်ညတိုင်း ရောက်ပြီး ကြိုက်သွားကြတာ၊ မယ်ဆင့်က ကျုပ်ကို အပြင်မှာတွေ့ချင် မြင်ချင်တယ်ဆိုလို့ သူရောကျုပ်ရော ဆုတောင်းကြတယ်၊ ဆုတောင်း ပြည့်တာလား၊ အတိတ်ကံကြောင့်လားတော့ မသိဘူးအဘရဲ့၊ မယ်ဆင့် ကျုပ်ကို မြင်ရတယ်"

"ဟော...ဟုတ်လား လူလေးရဲ့၊ မင်းတို့ဟာက တယ်လည်း ထူးဆန်းပါလားကွယ်"

"မယ်ဆင့်နဲ့ ကျုပ်နဲ့ စကားပြောနေတာကို ဘေးကမြင် ရင်တော့ မယ်ဆင့်တစ်ယောက်တည်း ပြောနေတယ်လို့ပဲထင်ရ တာပေါ့ အဘရယ်၊ ဒါပေမဲ့ မယ်ဆင့်က ကျုပ်ကို ထိလို့ကိုင်လို့ရသလို ကျုပ်က လည်း သူ့ကိုလူလူချင်း ထိသလိုထိလို့ရတယ် အဘရဲ့"

"ဟင်...ဒါဆိုရင် လူလေးမယ်ဆင့်နဲ့ ပေါင်းသင်းလို့ရတာ ပေါ့ ဟုတ်လားလူလေး"

"ရတယ် အဘ"

လို့ နင့်ကိုကြီးဒီပက ရှက်ကိုးရှက်ကန်းနဲ့ ပြောသတဲ့ တာတေ ရေ"

"ဟာ...ထူးဆန်းလိုက်တာ အရီးရာ"





"အေး...အဲဒါ နင့်ဘထွေးက မယုံဘူးဟဲ့၊ ရုံးထောင့်ကို သွားတယ်၊ သူ့သူငယ်ချင်း ဉာဏ်တို့အိမ်မှာတဲပြီး ကလေးမလေးကို ခေါ်တွေ့တယ်၊ တွေ့တော့ နင့်ဘထွေးက ကလေးမလေးကိုမေး စမ်းကြည့်သတဲ့ဟေ့။

"သမီးမယ်ဆင့်၊ အဘက မောင်ဒီပရဲ့အဘပါ၊ ထနောင်းကုန်း ကလာတာပါ၊ အဘသားနဲ့သမီးနဲ့ လူငယ်ချင်း မေတ္တာမျှနေကြတယ် ဆိုတာ ဟုတ်သလားကွယ်"

လို့ မေးတော့ မယ်ဆင့်ကမဆိုင်းမတွဘဲ ဟုတ်ကြောင်း ပြောသတဲ့ တာတေရေ၊ ဒါနဲ့ ဒီပပြောတာတွေ ဟုတ်မဟုတ် ဖြည်းဖြည်းချင်းမေးတော့ မယ်ဆင့်ကလည်း ဟုတ်ကြောင်းပြောတယ်၊ ဒါနဲ့ပဲဉာဏ်တို့လင်မယားကို အကြောင်းစုံပြောပြပြီး စီစဉ်ခိုင်းရတာပေါ့ ဟယ်။ နင့်ကိုကြီးဒီပက ကိုဖိုးဆန်းကိုရော ငါ့ကိုပါအိပ်မက်ပေးတယ်။

"အမေ...ကျုပ် အတိတ်က ပြုခဲ့တဲ့ကုသိုလ်ကံတွေကြောင့် မြေကြီးထဲမှာ မြှုပ်ထားတဲ့ပိုင်ရှင်မရှိတဲ့ ရွှေသိုက်တစ်ခု ရထားတယ်၊ အဲဒီထဲက ငါးဆယ်သားကို မယ်ဆင့်အတွက် တင်တောင်းပေးပါ၊ ကျန်တာတွေကို အဘနဲ့အမေယူကြပေါ့၊ နောင်လည်းလိုအပ်ရင် ကျုပ် သွားယူပေးပါ့မယ်"

လို့ ပြောတယ်ဟဲ့။ အိပ်ရာကနိုးတော့ တို့အိပ်ရာဘေးမှာ တကယ်ကို ရွှေထုပ်ကြီး ရောက်နေတာဟေ့၊ ချိန်ကြည့်တော့ ခုနစ်ဆယ် ငါးကျပ်သား ရှိတယ်၊ ငါတို့က အစိတ်သားယူထားပြီး မယ်ဆင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တင်တောင်းဖို့ ငါးဆယ်သားဖယ်ထားလိုက်တယ်၊ ရုံးထောင့်က ဥသြဲ တို့လင်မယားက မယ်ဆင့်မိဘတွေနဲ့ ညှိနှိုင်းပြီးတာနဲ့ ငါတို့သွားပြီး မယ်ဆင့်ကို တောင်းတယ်"

"အဲဒီတုန်းက ကိုကြီးဒီပရောပါလား အရီးရဲ့"

"ဟဲ့ ပါတာပေါ့ တာတေရဲ့၊ သူ့ကို မိန်းမတောင်းပေးတဲ့ဟာ မပါလို့ ရမလားဟဲ့"

"ဒါပေမဲ့ သူ့ကိုတော့ ဘယ်သူမှ မမြင်ရဘူးပေါ့ အရီးရဲ့"

"ဘယ်သူမှ မမြင်တာတော့မဟုတ်ဘူး တာတေရေ၊ မယ်ဆင့် ကတော့ မြင်ရတယ်ဟဲ့၊ လူကြီးတွေကိုကန်တော့တော့ မယ်ဆင့်က ပြောတာဟော့။ 'ကိုဒီပ…အဖေနဲ့ အမေကိုကန်တော့ရအောင်' တဲ့။ အဲဒီလို ပြောပြီးတာနဲ့ ငါတို့ကိုကန်တော့ကြတယ်၊ ပြီးတော့…

'ကိုဒီပ…မယ်ဆင့်မိဘတွေကို ကန်တော့ရအောင်' လို့ မယ်ဆင့်ကပြောပြီး ကန်တော့ကြတယ်။ အရီးတို့မိဘတွေကတော့ မယ်ဆင့်တစ်ယောက်ပဲ မြင်တာပေါ့ဟယ်၊ ဒါပေမဲ့ ရုံးထောင့်က လူကြီးတွေက အကြောင်းစုံ သိသွားကြတော့မေးတယ်၊ 'လုံမလေး မယ်ဆင့်၊ မောင်ဒီပကို လုံမလေးမြင်ရသလား' တဲ့။

တာတေရေ မယ်ဆင့်က လူကြီးတွေရှေ့မှာပဲ ပြန်ဖြေတယ်။

'ကျွန်မ ကိုဒီပကိုမြင်ရပါတယ် ဘိုး'

'အေး အေး၊ ဘဝဂတွေမျှား တယ်လည်းဆန်းကျယ်ပေတာကိုး လုံမလေးရယ်၊ ဘပရေစက်တွေပါလာခဲ့လို့လည်း ခုလိုဆုံစည်းပြီး





ပေါင်းဖက်ရတာပလေ၊ သူများတွေ မြင်ဖို့မမြင်ဖို့က အဓိကမဟုတ်ပါ ဘူးလေ၊ လုံမလေးတို့ချင်း မြင်တွေ့ကြရင် ပြီးတာပါပဲကွယ်' လို့ ရုံးထောင့်က လူကြီးတွေက ပြောပြီး…

'မောင်ဒီပကလည်း လင့်ဝတ္တရားငါးပါးနဲ့အညီ နေထိုင်ပေါ့ ကွယ်၊ မယ်ဆင့်ကလည်း မယားဝတ္တရားငါးပါးကျေအောင် နေကွဲ့ လုံမလေးရဲ့၊ မောင်ဒီပကလည်း ဇနီးမယားဆိုပေမယ့် မယ်ဆင့်ကို ညီမလေးလိုလည်း စောင့်ရှောက်ပေါ့ကွယ်'

လို့ ဆုံးမစကားတွေ ပြောတယ် တာတေရေ၊ အရီးတို့လည်း မယ်ဆင့်ကို တစ်ပါတည်းခေါ်လာခဲ့တာပေါ့ဟယ်၊ သူတို့နှစ်ယောက် ကို ကခမ်းတနား မင်္ဂလာဆောင်ပေးချင်ပေမယ့် ဘယ်လိုမှမဖြစ်နိုင် တော့ နင့်ဘထွေးလည်း စိတ်လျှော့လိုက်ရတာပေါ့ တာတေရယ်၊ ဒါနဲ့ပဲဆရာတော်ကျောင်းမှာ ဆရာတော့်ကို အကျိုးအကြောင်းလျှောက် ပြီး မင်္ဂလာဆွမ်းကပ်ရတာပေါ့လေ။

ဆရာတော်က ဒီပကိုငယ်ငယ်ကတည်းက ကိုရင်ဝတ်ပေး၊ ပဉ္စင်းတက်ပေး လုပ်လာတာဆိုတော့ အခုတစ်ခါ မင်္ဂလာဆွမ်းကပ် တာကိုလက်ခံပြီး ဆုတောင်းပေးတာပေါ့လေ"

"ဒါနဲ့ နေပါဦး အရီးရဲ့၊ ကိုကြီးဒီပနဲ့ မမယ်ဆင့်တို့ စကား တွေ ဘာတွေ ပြောနေဆိုနေကြတာကိုရော အရီးတို့တွေ့ဖူးကြသလား"

"ဟာ…တွေ့ဖူးတာပေါ့ တာတေရဲ့၊ တစ်အိမ်တည်းနေကြ တာပဲဟာ၊ ဒါပေမဲ့ မယ်ဆင့်တစ်ယောက်တည်းပြောတာပဲ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ တာတေရယ်''

''ဒါဆိုရင် သူတို့ချင်းတော့ တွေ့ရမြင်ရတာ သေချာတာပေါ့ဗျာ''

''တခြားလင်မယားတွေလိုပဲ ပြောဆိုနေကြတာပါပဲဟယ်၊ တစ်ခါပဲလေလည်း လင်ကာစဟယ်နောက်ဟယ် လုပ်တယ်ထင်ပါရဲ့ဟယ်၊ မယ်ဆင့်ကတခစ်ခစ်နဲ့ ရယ်လို့ဟဲ့''

''ဟား၊ ဟား၊ ဟား၊ အရီးမယ်သုံတို့လည်း အထူးအဆန်းတွေ ကြုံကြရတာပဲနော်၊ ဩော်...ဒါနဲ့ ကိုကြီးရှုပက မြို့ပြောင်းသွားတာ အဆင်ပြေနေလား အရီးရဲ့''

''ပြေတယ်ဟေ့၊ ရှုပက မြို့မှာ တစ်သွေးတစ်မွေးကိုဖြစ်လို့ဟဲ့၊ နင့်ကိုကြီးရှုပက အခုထက်ထိ အိမ်ထောင်မပြုသေးဘူးဟဲ့၊ စီးပွားပဲရှာနေတာ တာတေရေ''

ကျုပ်မေးသမျှစပ်စုသမျှကို အရီးမယ်သုံက အခုလိုပဲစိတ်ရှည်လက်ရှည်ပြောပြတာဗျ။

အညာဆောင်းဗျ။ ခိုက်ခိုက်တုန်အောင် ချမ်းတဲ့လပေါ့ဗျာ။ ဒီနေ့တော့ ယာထဲလည်းဆင်းစရာမရှိတာနဲ့ ကျုပ်က စောင်ခြုံပြီး အညာသားစည်းစိမ် လုပ်နေတော့တာပေါ့ဗျာ။

''တာတေ နိုးနေပြီလား၊ နိုးရင်ထတော့၊ ဆရာတော့်ကျောင်းကို ဆွမ်းချိုင့်ပို့ရမယ်၊ ကြားလားတာတေ''

''အမေ ဘာဟင်းချက်ထားလို့တုံးဗျ''





''ဟဲ့ မနေ့က မီးသောင်ကုန်းကလုံးကြည့်လာပို့တဲ့ ဝက်သားချက်လို့ဟဲ့၊ ဆရာတော့်ကျောင်းတောင် ဆွမ်းချိုင့်မပို့တာကြာနေလို့၊ မနေ့ကတော့ နှစ်ပိဿာယူထားလိုက်တာ၊ ထတော့မျက်နှာလေးဘာလေးသစ်၊ ထမင်းဆာရင်လည်းစား''

''ထမင်းကြမ်းကျန်လို့လား''

''ဟဲ့ ကျန်တာပေါ့၊ ထမင်းပူလည်း ဆွမ်းချက်တာကျက်လို့လေ''

ကျုပ်က အိပ်ရာကထ မျက်နှာသစ်ပြီးတာနဲ့ အမေဆွမ်းခူးပြီးကျန်တဲ့ ဟင်းအိုးထဲကဝက်သားဟင်းနဲ့ ထမင်းကြမ်းစားလိုက်တယ်။ ကျုပ်စားသောက်ပြီးတာနဲ့ အမေကလည်းဆွမ်းချိုင့် အဆင်သင့်ပြင်ပြီးသားဗျ။ ကျုပ်လည်း အဝတ်အစားလေးလဲပြီး ဆွမ်းချိုင့်ဆွဲပြီး ထွက်ခဲ့တာပေါ့ဗျာ။

''ဟဲ့..နွား၊ ဩော် ဒီနွားဟာလေ၊ အဖြောင့်ကိုမဆွဲဘူး၊ ဟဲ့...ဟာ၊ ဒီနွားတော့''

ရွာလယ်လမ်းအတိုင်း မောင်းလာတဲ့လှည်းကို ကျုပ်က ရှောင်ပေးလိုက်တယ်။ ကျုပ်တို့ရွာရဲ့ ရွာလယ်လမ်းက အကျယ်ကြီးဗျ။ လှည်းနှစ်စီးတော့ အသာလေးကို ရှောင်နိုင်တာဗျ။

''ဟာ...ဘထွေးတို့ပါလား၊ ဘယ်သွားကြမလို့တုံး''

ဘထွေးဖိုးဆန်းရယ်၊ အရီးမယ်သုံရယ်၊ အစ်မမယ်ဆင့်ရယ်ဗျ။

''ဟ တာတေ၊ ချိုင့်ကြီးဆွဲလို့ ဘယ်သွားမှာတုံး''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော့်ကျောင်းကို အမေဆွမ်းချိုင့်ပို့ခိုင်းလို့ ဘထွေးရ"

"မင်းအစ်မ မယ်ဆင့်ရဲ့အဖေ သိပ်နေမကောင်းဘူးဆိုလို့ သတင်းမေးသွားကြမလို့ဟ"

"ဪ...ရုံးထောင့်ကိုပေါ့"

"အေးလကွာ၊ ရုံးထောင့်သွားမှာ မင်းအလည်လိုက်မလား တာတေ"

"ဟာ မလိုက်သေးပါဘူး ဘထွေးရ"

"ဟဲ့နွား တည့်တည့်ဆွဲစမ်း"

လှည်းက ဆက်မောင်းသွားတယ်။ အရီးနဲ့ အစ်မမယ်ဆင့်က ကျုပ်ကို ပြုံးပြီးနှုတ်ဆက်သွားကြတယ်ဗျ။ လှည်းကျော်သွားတော့မှ ကျုပ်က တွေးမိတာ၊ ဒီလှည်းပေါ်မှာ ကိုကြီးဒီပလည်းပါမှာပဲလို့။

ကျုပ်က သိပြီးသားဗျ။ ဆရာတော့်ကျောင်းကိုရောက်ရင် တော်တော်နဲ့ ပြန်ရတာမဟုတ်ဘူးဗျ။ ကျောင်းဝေယျာဝစ္စတွေကို ဆရာတော်က ခိုင်းတာဗျ။ တစ်ခါတလေကျတော့လည်း ဆရာတော်က သူအင်္ဂလိပ်ထိုးတဲ့ ဗိုခန်းထဲမှာခေါ်ပြီး ဗိုဆွဲခိုင်းနေတာဗျ။ ကျုပ်က ဖားဖိုတော့ ကောင်းကောင်းဆွဲတတ်တယ်ဗျို့။

"အင်္ဂလိပ်ပညာဆိုတာ မီးအဓိကပဲကွ တာတေရ၊ မင်းနားလည်ရမှာက မီးကြီး၊ မီးလတ်၊ မီးနု့ ဒီသုံးမျိုးသိရမှာ၊ မီးကြီးကို ဒဟတေဇောလို့ ခေါ်တယ်၊ မီးနု့ကိုတော့ သီတတေဇောလို့ခေါ်တယ်၊





ပါစကတေဇောလို့လည်း ခေါ်ကြတယ်ကွ၊ ထမင်းအိုးဆူအောင်ချက်တဲ့မီးကဒဟမီးပေါ့ တာတေရ"

ဒီနေ့တော့ ဆရာတော်က အင်္ဂလိပ်ဆရာကြီးတစ်ယောက်နဲ့ အကြိတ်အနယ် ဆွေးနွေးနေကြတာဗျို့။ ကျုပ်က ဆွမ်းပွဲသေသေချာချာပြင်နေတာဗျ။ ကိုရင်လေးတွေက ကျုပ်ကို ကူပြီးပြင်ပေးကြတယ်။ ဆွမ်းခံကြွတဲ့ ကိုရင်တွေလည်း ခုမှဆွမ်းခံဝင်ရုံ ရှိသေးတာဗျ။

"ဒကာကြီးရဲ့ ကျောက်နဂါး အသားကိုထုချေ၊ အရည်ကိုညှစ်ယူ၊ လေးတူဖားနဲ့ နဂါးတစ်ကောင်နှောစီးလေဖောင်သဘော်၊ ရေကျောရေဖြတ်ကိုလည်း နားလည်စေလို့ အိန္ဒာစရိယဆရာတော် မိန့်ခဲ့တယ် မဟုတ်လားဗျ၊ ကျောက်နဂါးဆိုတာ ကျောက်ဆေးဒန်းကို ပြောတာလေဗျာ"

"မှန်ပါဘုရား"

"ဖားဆိုတာ ငွေဗျ၊ နဂါးဆိုတာ နာကို ပြောတာဗျ"

"မှန်ပါဘုရား"

"ဟဲ့ တာတေ၊ ဆွမ်းချိုင့်လာပို့တာလား၊ မင်းလည်းခုတလော တော်တော်ငြိမ်တယ်နော်၊ မင်းဆရာကြီးတွေလည်း ရောက်မလာတာ ကြာပေါ့ကွဲ့"

"မှန်ပါ့ဘုရား၊ ဆရာကြီးတွေ ရောက်မလာကြတော့ တပည့်တော်လည်း ငြိမ်နေရတာပါဘုရား"

"အေး အေး၊ ဒကာကြီးနဲ့ ဒကာမကြီးရော နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြရဲ့လားကွ"

"နေကောင်းကြပါတယ်ဘုရား"

"အေး အေး၊ ဒကာမကြီးက ဘာဆွမ်းဟင်းတွေများ ချက်ပေးလိုက်တာတုံး တာတေ"

"ဝက်သားဟင်းပါဘုရား"

"အေး အေး သာဓုကွယ်၊ သာဓု၊ သာဓု"

ဆရာတော်ကိုဝပ်ချပြီး ကျုပ်က ချိုင့်လေးဆွဲပြီးပြန်လာခဲ့ရောဗျ။ ဒီတစ်ခါတော့ ဆရာတော်ဘာမှမခိုင်းဘူးဗျို့။ ခုသုံ့သည့်ရောက်နေတော့ စကားကောင်းနေတာကိုဗျ။ ကျုပ်လည်း တစ်နေ့လုံးဘယ်မှမရောက်တော့ပါဘူးဗျာ။ အဘဆီကြိတ်တာကို ကူပြီးလုပ်ပေးနေရတာဗျ။ ဆီဆုံစီးပေးလိုက်၊ ပဲကြုံးပေးလိုက်နဲ့ ညနေရောက်တော့အဘရောကျုပ်ရော ပင်ပန်းနေကြတော့တာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့အညာသားနဲ့ အညာနွားကပင်ပန်းမှုလည်း နေကောင်းကြတာဗျ။ မပင်ပန်းရင်နေလို့ကောင်းတာ မဟုတ်ဘူး။ လူနဲ့နွားဒိုးတူဘောင်ဖက် အလုပ်လုပ်ကြရတာဗျ။ ညရောက်တော့ ကျုပ်ရောအဘတို့ရော စောစောအိပ်ရာဝင်ကြတာဗျို့။

ကျုပ် အိပ်ပျော်သွားတာနဲ့ အိပ်မက် မက်တော့တာဗျို့။

"တာတေ၊ တာတေ ညီလေး၊ အစ်ကိုကြီးကို ကူညီပါဦးကွာ၊ သိုက်ဆရာတွေ ဒုက္ခပေးနေပြီကွ"

လူတစ်ယောက်ဗျ။ ကျုပ်တို့အိမ်ပေါ်ကို ပြေးတက်လာပြီး





ရေးကြီးသုတ်ပြာနဲ့ ကျုပ်ကို ပြောနေတော့တာဗျို့။ ကျုပ်ကလည်းသူ့ကို ဘယ်သူမှန်းမသိဘူး။ လူကတော့ အသက်သုံးဆယ်ကျော်လောက်ရှိပြီ။ ရုပ်ရည်ကလည်း သားသားနားနားနဲ့ဗျ။ အသားလည်းဖြူတယ်။ မျက်လုံးမျက်ဖန်ကောင်းကောင်းနဲ့ လူချောလူဖြောင့်တစ်ယောက်ပဲဗျ။

"နေပါဦးဗျ၊ နောင်ကြီးက ကျုပ်ကို ရင်းရင်းနှီးနှီးသိနေပေမယ့် ကျုပ်က နောင်ကြီးကိုမသိတော့ ခက်နေတာဗျ"

"အေး ဟုတ်တယ်တာတေ၊ ကိုကြီးကိုတာတေ တစ်ခါမှမမြင်ဖူးဘူး၊ ပြီးတော့ ဘယ်သူမှလည်း မမြင်ဖူးဘူးလေ"

"ဒါဆို ခင်ဗျားက ဘယ်သူမို့တုံး"

"ကိုကြီးနာမည်က ဒီပပါ၊ ဦးဖိုးဆန်းနဲ့ဒေါ်သုံ့တို့ရဲ့ သားအကြီးဆုံးလေ၊"

"ဟာ…ကိုကြီးဒီပ၊ ကျုပ်ဖြင့်ဗျာ အခုမှပဲ မြင်ဖူးတော့တယ်၊ ကိုကြီးကလူချောပဲဗျ၊ ဒါကြောင့်လည်း အစ်မမယ်ဆင့်က ကိုကြီးကို လက်ထပ်တာကိုး"

"တာတေ မင်းကငါ့အကြောင်းတွေအားလုံး သိနေတာလား"

"သိတယ် ကိုကြီး၊ ဒါထက် အခုကိုကြီးရောက်လာတဲ့ပုံက အရေးတကြီးကိစ္စရှိတဲ့ပုံပဲ၊ ဘာများကိစ္စရှိလို့တုံး"

"ကိုကြီးရဲ့မိန်းမမယ်ဆင့်ကို သိုက်ဆရာဖမ်းထားလို့ကွ ညီလေးရ"



www.burmeseclassic.com

www.burmeseclassic.com



“ဗျာ၊ အစ်မမယ်ဆင့်ကို ဖမ်းသွားတာလား၊ ဟင်၊ ဘယ်ကို ခေါ်သွားကြတုံးဗျ”

“ဘယ်ကိုမှ မခေါ်ဘူးကွ၊ ရုံးတောင့်မှာပဲ ရှိတယ်”

“ဟင် … ဒါကို ရုံးထောင့်ကလူတွေက ကြည့်နေကြသလားဗျ”

“မယ်ဆင့်ကို ဖမ်းထားတာကို ဘယ်သူမှ သိတာမဟုတ်ဘူး ညီလေးရ”

“ရွာထဲဝင်ပြီး လူတစ်ယောက်လုံး ဖမ်းသွားတာတောင် တစ်ရွာလုံး မသိဘူးဆိုတော့ မခက်ဘူးလား ကိုကြီးဒီပရဲ့”

“ဒီလိုကွ တာတေရ၊ လူကိုဖမ်းတာမဟုတ်ဘူး၊ ကိုယ်ပွားကို ဖမ်းထားတာကွ၊ မယ်ဆင့်ကအိပ်ရာမှာအိပ်လို့ပဲ”

“ဗျာ … လူတစ်ယောက်ရဲ့ ကိုယ်ပွားကို ထုတ်ယူပြီးဖမ်းလို့ရသလားဗျ ကိုကြီးဒီပရဲ့၊ ကျုပ်ဖြင့် တစ်ခါမှကို မကြားဖူးပါဘူးဗျာ”

“အင်မတန်အစွမ်းထက်တဲ့ သိုက်ဆရာကြီးကွ တာတေရဲ့၊ နာမည်က သာဗိန္ဒတဲ့၊ သိုက်တွေနောက်ကို လိုက်နေတဲ့လူပဲ တာတေ၊ ကိုကြီးက ဘုရားသိုက်မဟုတ်တဲ့သိုက်တွေကို ဝင်နိုင်ထွက်နိုင်တဲ့ အစွမ်းရှိတယ်၊ ဒါကို သာဗိန္ဒက သေသေချာချာကိုသိပြီး လိုက်လာတာကွ၊ မယ်ဆင့်ကိုဖမ်းထားပြီး ကိုကြီးကိုလှမ်းခေါ်နေတာ၊ ပြီးတော့မယ်ဆင့်ကို ခြေမန်းကွင်းပေးပြီး ကိုကြီးကိုစွပ်နိုင်းမှာကွ၊ အဲဒီခြေမန်းကွင်းသာ ကိုကြီးကိုစွပ်မိသွားရင် သူခိုင်းတိုင်းကိုကြီး လုပ်ရတော့မှာ တာတေရဲ့၊





ကိုကြီးကိုကယ်ပါဦး ညီလေးရယ်”

ကျုပ် လန့်နိုးသွားတယ်ဗျ။ ကျုပ်လည်း အံ့ဩလွန်းလို့ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ။ ဆေးလွယ်အိတ်ထဲက ကတ္တီပါအိတ်ကလေးနဲ့ ထည့်ထားတဲ့မဖဲဝါရဲ့ ကိုယ်တူကိုယ်ခွဲရုပ်ကလေးကို ကျုပ် ထုတ်ယူလိုက်တယ်။

“သချိုင်းရှင်မကြီး မဖဲဝါ၊ အမြန်ဆုံးကြွပါ၊ ကျုပ်မှာ အတော်ကို အရေးကြီးနေပါတယ်”

ကျုပ်က မဖဲဝါကိုပင့်လိုက်ပြီး မဖဲဝါအရုပ်ကလေးကို ခေါင်းအုံးအောက်မှာ ထားလိုက်တယ်။ အရုပ်ကလေးက ဆတ်ကနဲ ဆတ်ကနဲ ဖြစ်နေတယ်ဗျ။ ကျုပ် ပြန်ပြီးအိပ်ပျော်သွားတယ်။

လေတွေတဟူးဟူးတိုက်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီး အနားကို ကျုပ်ရောက်သွားတယ်။ ဆယ့်နှစ်ရာသီပန်းအဝါပွင့်လေး ပန်ထားတဲ့ မဖဲဝါ ကျုပ်ရှေ့မှာ ဘွားကနဲ ပေါ်လာတယ်။ ကျုပ်တောင်ဘာမှ မငဲပြောရသေးဘူးဗျ။ မဖဲဝါက စပြီးပြောတာ။

“တာတေ၊ လူခြောက်ဒီပ နင့်ဆီ ရောက်လာတယ်မို့လား၊ သူပြောတာတွေအားလုံး မှန်တယ်၊ သူ့မယားမယ်ဆင့်ကို သိုက်ဆရာ သာဗိန္ဒက ဖမ်းထားတယ်၊ လူကိုဖမ်းတာမဟုတ်ဘူး၊ သာဗိန္ဒက ဝိညာဉ်ထုတ်ပြီး ဖမ်းထားတာ၊ သူ့မယားကိုခိုင်းနေတာဟဲ့၊ သူ့လင်ဒီပကို ခြေမန်းကွင်းစွပ်ခိုင်းနေတာပေါ့၊ မယ်ဆင့်ကလည်း သူ့လင် လူခြောက်ကို အသက်ပေးပြီးချစ်တဲ့ မိန်းမဟဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သတ်လိုက်၊ ငါ့လင်ကိုငါ ဘယ်တော့မှ ဒုက္ခမပေးဘူး"

ဆိုပြီး တောင့်ခံနေတာဟဲ့။ သာဗိန္ဒဘာလုပ်လို့မှ မရဘူး ဖြစ်နေတယ်၊ သာဗိန္ဒက လူခြောက်ကိုမမြင်ရဘူးလေ၊ မယ်ဆင့်က သူ့လင်ကို မြင်ရတယ်၊ မယ်ဆင့်သာ သူ့လင်ကို ခြေမန်းကွင်းစွပ်လိုက်ရင် သာဗိန္ဒကလူခြောက်ကို မြင်ရပြီပေါ့၊ ဒါဆိုရင် သူ့မိန်းမကို ကိုယ်ထဲပြန်ဘွင်းမပေးဘူးဆိုပြီး အကျပ်ကိုင်တော့မှာပေါ့၊ ပြီးရင် ပိုင်ရှင်မရှိတော့တဲ့ သိုက်တွေကို ဖော်ခိုင်းတော့မှာ၊ ဒါက သာဗိန္ဒရဲ့ အကြံပေါ့ဟယ်။

ဒီတော့ နင် အခုချက်ချင်း ကိုယ်ပွားနဲ့ပဲလိုက်သွားပေတော့ တာတေ၊ ငါနင့်နောက်က လိုက်ခဲ့မယ်၊ သာဗိန္ဒက လူခြောက် ဒီပကို မြင်ဖူးတာမှ မဟုတ်တာ၊ မယ်ဆင့်ကသာနင့်ကို ခြေမန်းကွင်းစွပ်လိုက်ရင်နင့်ကိုပဲ သာဗိန္ဒကမြင်ရမှာလေ၊ နင့်ကိုပဲ လူခြောက်ဒီပလို့ ထင်သွားမှာပေါ့၊ နင့်ကိုသိုက်တွေဖော်ခိုင်းလိမ့်မယ်၊ နင်က ဒီကောင့်ကို မျှားခေါ်သွား၊ ငါရပ်ခိုင်းတဲ့နေရာရောက်ရင် နင်ကရပ်လိုက်၊ အဲဒီနေရာမှာ သိုက်ရှိတယ်လို့ပြော၊ နင့်ကို သိုက်ဖော်ခိုင်းတဲ့အချိန်မှာ ငါထွက်လာခဲ့မယ်၊ ကဲ နင်သွားတော့ အချိန်မရှိဘူး၊ မယ်ဆင့်ရဲ့ ကိုယ်ပွားဝိညာဉ်က ဒီည ပြန်မဝင်နိုင်ရင် အန္တရာယ်ရှိတယ်တာတေ"

ဟာ မဖဲဝါပျောက်သွားပြီဗျို့။ ကျုပ်လည်း ချက်ချင်း ကိုဒီပကို ခေါ်ရတော့တာပေါ့ဗျာ။ ကျုပ်စိတ်ညွှတ်လိုက်တာနဲ့ ကိုဒီပ ကျုပ်ရှေ့ကို ရောက်လာတာဗျ။ ကျုပ်ကိုယ်ပွားထုတ်ပြီး ကိုဒီပနဲ့တွေ့လို့ရတာကိုခုမှ





သိသွားတာဗျ။

"ကိုဒီပ အစ်မမယ်ဆင့်ကို ဖမ်းထားတဲ့နေရာသွားကြမယ်၊ ဟိုရောက်ရင် အစ်မမယ်ဆင့်ကိုပြော၊ ကျုပ်ကို ခြေမန်းကွင်းစွပ်ပေးလို့၊ ကျန်တာတွေတော့ မဖဲဝါနဲ့ ကျုပ်နဲ့ လုပ်ကြမယ်၊ ကိုကြီးဒီပက အစ်မမယ်ဆင့်နားမှာပဲနေဗျ"

ကျုပ်နဲ့ ကိုကြီးဒီပ ချက်ချင်းရောက်သွားတယ်ဗျ။ သာဗိန္ဒဆိုတဲ့လူကြီးကိုလည်း တွေ့ပြီဗျို့။ သျှောင်ထုံးကြီးနဲ့ နှုတ်ခမ်းမွေးကားကားကြီးနဲ့ဗျ။ ပုဆိုးက ကွက်တုံးကြီးဝတ်လို့၊ တိုက်ပုံအင်္ကျီကိုရင်စေ့ကြီးဝတ်လို့ဗျ။

"ကဲ ကိုကြီးဒီပ၊ မမယ်ဆင့်အနားသွားပြီး အကျိုးအကြောင်းပြောပေတော့ဗျာ"

ကိုကြီးဒီပကိုတော့ ဒီလူမမြင်ရဘူးဗျ။ ကျုပ်ကတော့ ကျုပ်ကိုမြင်မှာစိုးလို့ သစ်ပင်နောက်မှာကပ်နေသေးတာ။ ကိုကြီးဒီပကသူ့မယားမမယ်ဆင့်ကို အကျိုးအကြောင်းပြောပြီး ကျုပ်ဆီကိုချက်ချင်းပြန်လာတာဗျ။

"ငါပြောခဲ့ပြီ တာတေ၊ မယ်ဆင့်ကမင်းကို ခြေမန်းကွင်းစွပ်လိမ့်မယ်"

"သာဗိန္ဒကြီး ကျုပ်ကိုယ်ပွားကိုမြင်သွားမှာစိုးလို့ဗျ"

"ဟာ တာတေကလည်း မင်းကိုသူဘယ်မြင်မှာတုံး၊ မယ်ဆင့်ကို ဆေးတွေဝါးတွေနဲ့လုပ်ပြီး ဝိညာဉ်ထုတ်ယူထားလို့သူက မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာကွ''

''ဟုတ်လား၊ ဒါဆိုရင် ကျုပ်သွားမယ်''

''ဟဲ့ကောင်မ၊ နင့်လင် ခုထိမလာသေးဘူးလား၊ နင့်လင် လာလို့မှနင် ခြေမန်းကွင်းမစွပ်ရင်နင့်ကိုယ်ထဲကို နင်ပြန်ဝင်လို့မရတော့ဘူးသာ မှတ်ပေတော့၊ မနက်ဖြန်ဆိုရင်နင့်ရွာမှာ နင့်အသုဘကိုလူတွေလာကြလိမ့်မယ် မပူနဲ့''

''ငါ့လင် ရောက်ပြီဟဲ့၊ နင် ဒီလောက်စွပ်စေချင်တဲ့ ခြေမန်းကွင်းကို ငါစွပ်မယ်၊ ဒါပေမဲ့ ငါ့လင်ကိုနင်ဒုက္ခပေးလို့ကတော့ နင့်ကို ငါကိုယ်တိုင်သတ်မယ်ဟေ့''

''တယ်လည်းဒေါသကြီးတဲ့ လူခြောက်မယားပါလား၊ ဟား ဟား ဟား ဟား၊ ကဲ စွပ်လိုက်စမ်း၊ နင့်လင်ဘယ်လောက် ချောလည်း ငါ ကြည့်စမ်းမယ်၊ ဟား ဟား ဟား ဟား''

ကျုပ်က ခေါင်းငုံ့ပေးလိုက်တော့ မမယ်ဆင့်က ကျုပ်ကို ခြေမန်းကွင်းစွပ်ချလိုက်တယ်၊ သာဗိန္ဒကြီးကကျုပ်ကိုလှည့်ကြည့်နေတာဗျ။

''ဟော···မြင်ရပြီဟေ့၊ မြင်ရပြီဟ၊ သာဗိန္ဒရဲ့ခြေမန်းကွင်း ဘယ်လောက်စွမ်းတယ်ဆိုတာ သိပြီမို့လား၊ ဟား ဟား ဟား ဟား၊ ရွှေတွေမလိုချင်အောင် ရတော့မယ်ဟေ့၊ ရတော့မယ်ကွ၊ ဟား ဟား ဟား၊ လူခြောက်လေးက ခပ်ငယ်ငယ်ပဲရှိသေးတာကိုး၊ ကဲ ဟေ့ကောင် လူခြောက်၊ ငါ့ကို ဒီအနီးအနားမှာရှိတဲ့ ပိုင်ရှင်မဲ့သိုက်တစ်ခု ပြပေတော့၊





မင်းက ပိုင်ရှင်မဲ့သိုက်တွေကို သိနိုင်စွမ်းရှိတဲ့ကောင်၊ ရွှေတွေကို ယူချင် သလောက်ယူပြီး သုံးစားနေတဲ့ကောင်ဆို၊ ကဲ အခုမင်းကိုငါပိုင်ပြီကွ၊ တစ်သက်လုံး မင်း ငါ့ကျွန်လုပ်ရမယ်၊ မင်း ငါ့ကို ပိုင်ရှင်မဲ့သိုက်တွေ ရှာပေး ပေတော့၊ ငါခိုင်းတာကို အခုချက်ချင်းမလုပ်ရင် ဟောဟိုက လူခြောက်မယားကို ကိုယ်ထဲပြန်ဝင်လို့မရအောင် ငါလုပ်လိုက်မယ်''

ကျုပ်က သူ့စကားကို နားထောင်တဲ့ပုံနဲ့ ခေါင်းညိတ်ပြလိုက် တယ်။ သာဗိန္ဒကတော့ ကျုပ်ကို လူခြောက် ကိုဒီပလို့ပဲ ထင်နေတာဗျ။ ကျုပ်က လက်ဟန်ခြေဟန်နဲ့ သာဗိန္ဒကိုခေါ်ပြီး ရှေ့ကထွက်ခဲ့တယ်။ သာဗိန္ဒက ကျုပ်နောက်ကလိုက်လာတယ်။

''သိုက်ဆရာကြီးသာဗိန္ဒ၊ ဟောဒီနေရာမှာ ရွှေအချိန်သုံးဆယ် လောက် မြှုပ်ထားတဲ့ပိုင်ရှင်မဲ့သိုက်ရှိတယ်၊ ဒါပေမဲ့ အဲဒီရွှေတွေကို တွေ့သွားတဲ့ သရဲမတစ်ယောက်က မောင်ပိုင်စီးထားတယ်ဗျ၊ ကျုပ်က အဲဒီသရဲမကိုကြောက်လို့ ဒီသိုက်ကိုမဝင်ရဲဘူးဗျ၊ ခင်ဗျားကတော့ ကျုပ် လို ကြောက်မယ်မထင်ဘူး''

''ဟား ဟား ဟား ဟား၊ လူခြောက်ကောင်၊ မင်းပြောတာ အမှန်ပဲဆိုရင် အဲဒီသရဲမကိုအခုခေါ်ထုတ်ပြီး ငါ ရိုက်ထုတ်ပစ်လိုက် မယ်၊ မင်းမှတ်ထားလူခြောက်ကောင်၊ ငါ့နာမည်သိုက်ဆရာသာဗိန္ဒတဲ့''

သာဗိန္ဒက ကျုပ်ကို လူခြောက်ကိုဒီပလို့ပဲ ထင်နေတာဗျ။

''ကျုပ် အမှန်ပြောတာဗျဆရာကြီးရဲ့၊ ဆရာကြီးသာဗိန္ဒ သရဲမကိုနှိမ်နင်းပေးပါ၊ ကျုပ် သိုက်ထဲကိုဝင်ပြီး ရွှေတွေယူပေးရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွေရတဲ့အခါ ကျုပ်မိန်းမကိုသာလွှတ်ပေးပါ ဆရာကြီးရယ်''

''အေး မင်းမိန်းမကို ငါလွှတ်ပေးမယ်၊ ဒါပေမဲ့ မင်းကတော့ ငါ့ကို ရွှေတွေ ထပ်ရှာပေးရဦးမယ်၊ ဒါလောက်နဲ့ ငါကကျေနပ်မယ့်ကောင်မဟုတ်ဘူး၊ ကြားလားလူခြောက်''

''ဟုတ်ကဲ့ ကြားပါတယ်ဆရာကြီး၊ ဆရာကြီးအတွက် ကျုပ်ရွှေသိုက်တွေ ထပ်ပြပေးပါ့မယ်ဗျာ''

''ကောင်းပြီ၊ ဒါဆိုရင် မင်းဘေးကိုနည်းနည်းဖယ်နေ၊ မင်းပြောတဲ့ သရဲမကိုငါခေါ်လိုက်စမ်းမယ်''

ကျုပ်က ဘေးကိုဖယ်ပေးလိုက်တယ်ဗျ။

သိုက်ဆရာသာဗိန္ဒက ပါးစပ်ကနေ ဂါထာလိုလို မန္တန်လိုလိုတွေ ရွတ်ဖတ်နေတယ်ဗျ။ ပြီးတာနဲ့...

''ရွှေသိုက်ကို စောင့်နေတဲ့သရဲမ၊ ငါဆရာသာဗိန္ဒ အမိန့်ပြန်လိုက်တယ်၊ အခုချက်ချင်း မဆိုင်းမတွ ငါ့ရှေ့မှောက်ကို အရောက်လာခဲ့ရမယ်၊ သိုက်ဆရာ သာဗိန္ဒရဲ့အမိန့်၊ အခုချက်ချင်းလာခဲ့စမ်း သရဲမ''

''ဖျန်း''

ကျုပ်တောင် လန့်ပြီးတုန်သွားတယ်ဗျို့။ သာဗိန္ဒကသူ့ လက်ထဲက ဆေးကြိမ်လုံးကြီးနဲ့ မြေကြီးကိုဖျန်းကနဲ ရိုက်လိုက်တယ်ဗျ။

''ဝုန်း''

ဟာ...သာဗိန္ဒရဲ့ရှေ့မှာ မီးခိုးလုံးကြီးတစ်ခု ပေါ်လာတာဗျို့။ သာဗိန္ဒတောင် နောက်ကိုနည်းနည်းဆုတ်သွားတယ်ဗျို့။ မီးခိုးတွေက





လေတိုက်လိုက်တာနဲ့ တစ်ခါတည်းပျောက်သွားတာဗျ။ ဒီတော့မှ သာဗိန္ဒရှေ့မှာ မတ်တတ်ကြီးရပ်နေတဲ့ မဖဲဝါကြီးကို ကျုပ်မြင်ရတော့တာဗျို့။

''ဟီး ဟီး ဟီး ဟီး၊ ဟီး ဟီး ဟီး''

မဖဲဝါက ရယ်နေတယ်ဗျ။ သာဗိန္ဒက မဖဲဝါကိုမြင်ဖူးတဲ့ပုံမရှိဘူးဗျ။

''ဟော့ကောင် လူခြောက်၊ မင်းပြောတာဒီသရဲမမို့လား''

''ဟုတ်တယ် ဆရာကြီး''

''ဟဲ့ကောင်မ၊ ဒီသိုက်က ပိုင်ရှင်မဲ့သိုက်တဲ့၊ အဲဒါကို နင်က ဝင်ပြီးမောင်ပိုင်စီးထားရအောင် နင့်လင်ပစ္စည်းမို့လို့လား၊ နင် အခုချက်ချင်း ဒီနေရာက ထွက်သွား၊ ငါ့အမိန့်၊ သာဗိန္ဒရဲ့အမိန့်ဟော့''

''ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး''

''ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး''

ဟာ နက်ကျော်ကြီးပါ ရောက်လာပြီဗျို့။

''ဟဲ့ သရဲမ၊ နင်က ခွေးတွေဘာတွေတောင် မွေးထားလို့ပါလား၊ နင့်ကိုယ်နင် ရွှေချိန်သုံးဆယ်ရှိတဲ့ ရွှေသိုက်ပိုင်ရှင်လို့ ထင်နေတာလား ဟဲ့ကောင်မ''

ဟာ လာပြီဗျို့။ နက်ကျော်ကြီး ပြေးလာပြီဗျို့။

''အောင်မာ နဲ့တဲ့ကောင်မှ မဟုတ်တာ၊ ကဲ လာစမ်းခွေးနှာ''

သာဗိန္ဒက လက်ထဲက ဆေးကြိမ်လုံးကိုလေထဲမှာ ဝှေ့ကာနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဝီကနဲ့ မြည်အောင် မွေ့လိုက်တာဗျို့။ အနားကပ်လာတဲ့ နက်ကျော်ကြီးကို လှမ်းရိုက်နေတာဗျ။ နက်ကျော်ကြီးက သာဗိန္ဒရဲ့ကြိမ်လုံးရိုက်ချက်ကို လွတ်အောင်ရှောင်ရင်း သာဗိန္ဒကိုဝင်ဆွဲဖို့ လုပ်နေတာဗျို့။ သာဗိန္ဒက ပြေးရိုက်လိုက်၊ နက်ကျော်က ခုန်ရှောင်လိုက်၊ သာဗိန္ဒက လွှဲရိုက်လိုက်၊ နက်ကျော်က ကျွမ်းထိုးပြီးရှောင်လိုက်နဲ့ သာဗိန္ဒက ဒေါသတွေ အထွတ်အထိပ် ရောက်လာတော့တာပေါ့ဗျာ။ ဒီအချိန်မှာ သာဗိန္ဒက ကျုပ်ကိုရောမဖဲဝါကိုပါ မေ့သွား တဲ့ပုံပဲဗျ။ မဖဲဝါက ဆတ်ကနဲလှည့်လိုက်တာ သာဗိန္ဒရဲ့နောက်ကျော ဘက်ကို ရောက်သွားရောဗျို့။ ခွေးနက်ကြီးကိုမဲပြီး ကြိမ်လုံးနဲ့ လိုက်ရိုက် နေတဲ့ သာဗိန္ဒကသူ့နောက်ကျောမှာ မဖဲဝါမားမားကြီးရပ်နေတာကို လုံးဝသိပုံမပေါ်ဘူးဗျ။

ဟော၊ မဖဲဝါရဲ့လက်ကြီးလေထဲကို မြောက်တက်သွားပြီဗျို့။

“ဘုန်း” “ဘုန်း” “ဘုန်း”

သုံးချက်ဆက်တိုက်ကို ရိုက်ချလိုက်တာဗျို့။ သာဗိန္ဒဒူးကြီးထောက်ပြီး ရှေ့ကိုထိုးကျသွားပြီဗျို့။

“ဟဲ့အကောင် လူယုတ်မာ၊ ငါ့ကိုနင်က ဘယ်သူလို့ ထင်နေလို့တုံး၊ ငါ မဖဲဝါဟေ့၊ မဖဲဝါ၊ ရွှေချိန်သုံးဆယ်စောင့်နေတဲ့ သရဲမ မဟုတ်ဘူးဟဲ့၊ ငါ မဖဲဝါ၊ သချိုင်းစောင့် မဖဲဝါဟဲ့”

သာဗိန္ဒကြီး မျက်လုံးပြူးသွားပြီဗျို့။ သူက သာမန်သရဲမလို့ထင်ပြီး ကြမ်းနေတာဗျ။ အခုမှ မဖဲဝါမှန်းသိသွားတာ။ ဒါပေမဲ့ မဖဲဝါမှန်းသိတဲ့အချိန်က သိပ်နောက်ကျသွားပြီလေဗျာ။





“သိုက်ဆရာကြီးသာဗိန္ဒ ကျုပ်က ခင်ဗျားထင်သလိုလူခြောက် မဟုတ်ဘူးဗျ၊ ထနောင်းကုန်းသား တာတေ၊ ကျုပ်ရွာကလူခြောက်မယား အစ်မမယ်ဆင့်ကို ခင်ဗျားဒုက္ခပေးထားတယ်လို့ လူခြောက်ကိုဒီပက လာပြောလို့ ကျုပ်လိုက်ခဲ့တာ၊ တာတေက အကောင်သေးပေမယ့် အဆိပ်ကလွတ်ပြင်းတာဗျ . သိုက်ဆရာကြီးရဲ့”

သာဗိန္ဒဆိုတဲ့လူက ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်ရင်း အသက်ကုန်သွားရောဗျို့။ သာဗိန္ဒဖမ်းထားတဲ့ အစ်မမယ်ဆင့်ရဲ့ ဝိညာဉ်လည်း လွတ်သွားပြီပေါ့ဗျာ။ ခန္ဓာကိုယ်ထဲက ထုတ်ထားတဲ့ ဝိညာဉ်ဆိုတာ ဝိညာဉ်ထုတ်ထားတဲ့သူ သေတာနဲ့ သူ့ကိုယ်ထဲကို ချက်ချင်းပြန်ရောက်သွားတာဗျ။ ခုလောက်ဆိုရင် ကိုကြီးဒီပလည်း လိုက်သွားရောပေါ့ဗျာ။

ကျုပ်လည်ပင်းက သာဗိန္ဒစွပ်ထားတဲ့ ခြေမန်းကွင်းကြီးကို ဖြုတ်ပစ်လိုက်တယ်။ မဖဲဝါနဲ့နက်ကျော်ကြီးလည်း ထွက်သွားကြပြီဗျ။

“ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ”

ကျုပ်လန့်နိုးသွားတော့ ဆရာတော့်ကျောင်းက တုံးမောင်းတောင် ခေါက်နေပြီဗျ။

“တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ”

ကျုပ်ကိုယ်ပွားက ကျုပ်ကိုယ်ထဲကို ဘေးမသီရန်မခပြန် ရောက်လာလေရဲ့ဗျို့။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# သရဲပေတလူ

ကျုပ်တို့ရွာစည်းရိုးမှာတံခါးလေးပေါက် ရှိတယ်ဗျ။ အရှေ့တံခါးက ဆရာတော်တို့ကျောင်းရှိတဲ့ဘက်မှာ။ အရှေ့တံခါးကထွက်ရင် အရှေ့ဘက်ထန်းတောကြီးရှိတာဗျ။ ရွာဦးကျောင်းနဲ့ ရွှေတောင်ဦး





ဘုရားကတော့ရွာရဲ့ အရှေ့မြောက်ဘက်မှာဗျ။ အဲဒီ ဘက်ကတောင်ကုန်းအမြင့်ဗျ။

တောင်ဘက်စည်းရိုးမှာ တောင်တံခါး၊ မြောက်ဘက်စည်းရိုးမှာ မြောက်တံခါး၊ အနောက်ဘက်စည်းရိုးမှာ အနောက်တံခါးဗျ။ အနောက်တံခါးကထွက်ရင်တော့ ကုက္ကိုပင်၊ ထနောင်းပင်တွေအုပ်ဆိုင်းနေတဲ့ ထနောင်းကုန်းသင်္ချိုင်းရှိတယ်ဗျ။

အနောက်တံခါးက ထွက်ထွက်ချင်းမှာ လူသုံးဖက်စာလောက်ရှိတဲ့ မန်ကျည်းပင်ကြီးတစ်ပင် ရှိတယ်။ သင်္ချိုင်းနဲ့တော့ တော်တော်လှမ်းသေးတယ်ဗျ။ အဲဒီမန်းကျည်းပင်ကြီးမှာ ကျုပ်တို့တစ်ရွာလုံးနဲ့သိတဲ့ ပေတလူလို့ခေါ်တဲ့ သရဲတစ်ကောင်နေတယ်။

ကျုပ်တို့ရွာသားတွေကတော့ သူပြောလူပြောနဲ့ ယုံကြတာပေါ့ဗျာ။ ကျုပ်ကတော့ အကြောင်းကိစ္စရှိလို့ ညဘက်မဖဲဝါပင့်တဲ့အခါ ဒီမန်ကျည်းပင်ကြီးပေါ်ကို မသိမသာမော့ကြည့်နေကျဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားတာဆိုတော့ ပေတလူကိုကျုပ်ကမြင်ရတာပေါ့ဗျာ။

နည်းတဲ့အကောင်ကြီးလားဗျာ။

ကျုပ်စိတ်ထင်တော့ သရဲကြီးပေတလူရဲ့အရပ်ဟာ ဆယ့်ငါးပေတော့ သေချာပေါက်ရှိမယ်ဗျ။ ခေါင်းကဆံပင်ကြီးတွေက ပခုံးပေါ်ကို ဖားလျားကြီးကျနေတာဗျို့။ မျက်လုံးကြီးတွေက အကြမ်းပန်းကန်လုံးလောက်ရှိသဗျ။ နီရဲပြီးရှေ့ကိုပြူးထွက်နေတာဗျ။ လျှာနီနီကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လောင်းကြီးကျနေတယ်။ အပေါ်ပိုင်းမှာဘာမှမပါဘူး။ အမွေးအမျှင်မည်းမည်းကြီးတွေပေါက်နေတယ်။ ခါးအောက်ပိုင်းမှာတော့ ပုဆိုးကွက်တုံးကြီးဝတ်လို့ဗျ။ ခြေထောက်ကြီးတစ်ဖက်တစ်ဖက်ကို အုန်းပင်လုံးလောက်ရှိမယ်ဗျ။ အဲဒီရွာနောက်က မန်ကျည်းပင်ကြီးဟာ သရဲကြီးပေတလူရဲ့ ဗိမာန်ကြီးပဲပေါ့ဗျာ။

ကျုပ်တို့ထနောင်းကုန်းရွာသားတွေရဲ့ စာရင်းမှာပေတလူဆိုတဲ့ သရဲတစ်ကောင်လည်းပါနေတာဗျ။

ဘယ်အိမ်က အလှူလုပ်လုပ် အဲဒီမန်ကျည်းပင်ကြီးအောက်မှာ ငှက်ပျောဖက်ခင်းပြီးပေတလူကို သွားကျွေးကြတာ။ အဲဒီလိုကျွေးမွေးပြီးရင် ပါးစပ်ကလည်းပြောကြသေးသဗျ။

"ပေတလူရေ၊ ကျုပ်တို့ ထနောင်းကုန်းရွာနဲ့ ရွာသူရွာသားတွေကို စောင့်ရှောက်ပါနော်"

လို့ ပြောကြတာ။ နေဦးဗျ။ စောင့်ရှောက်တယ်လို့ပဲ ပြောရတော့မှာပေါ့ဗျာ။ တစ်ခါကကျုပ်တို့ရွာကို ဓားပြအဖွဲ့တစ်ဖွဲ့က မြင်းတွေနဲ့လာပြီး တိုက်ဖို့ကြံစည်တာဗျ။ အဲဒါကို ပေတလူက အနောက်ပိုင်းကအရီးမယ်စိုကြီးကို ဝင်ပူးပြီးပြောတာဗျ။

"ငါ ပေတလူကွ၊ နင်တို့ရွာကိုလကွယ်နေ့ညမှာ ဓားပြတိုက်လိမ့်မယ်၊ ဓားပြကနှစ်ဆယ်လောက်ရှိတယ်၊ ရှင်မတောင်ဘက်ကလာမှာ၊ နင်တို့ ကြံပြီးကာနိုင်ရင်ကာကြ၊ မကာလို့ကတော့ရွာတောင်မီးရှို့ချင်ရှို့မှာ"





လို့ ပေတလူကပြောတာဗျ။

ဒီသတင်းကရွာထဲမှာ ပျံ့သွားတော့တာပေါ့ဗျာ။ လကွယ်ညရောက်ဖို့က သုံးရက်တောင်လိုသေးတော့ ပြင်ဆင်ချိန်လည်းရကြတာပေါ့ဗျာ။ ဒီမှာတင် ဘန့်ဘွေးကုန်းသားတွေနဲ့ ထနောင်းကုန်းသားတွေပေါင်းပြီး လက်နက်ကိုယ်စီပြင်ကြတာပေါ့ဗျာ။

ပထမဆုံးလက်နက်က ဒူးလေးဗျ။ ဒူးလေးမှာယမ်းမြားတပ်ပြီးပစ်တာ။ ထီးရိုးအချောင်းကို နောက်ဘက်ကမြားဖာတပ်ပြီး ထိပ်ဖူးကကျည်ဆံထိပ်ဖူးလို သစ်သားကိုချွန်ပြီး တပ်ရတာဗျ။ ပြီးရင် ထီးရိုးထဲမှာယမ်းမှုန့်ကိုစပ်ပြီး ဖွဖွလေးထောင်းသိပ်ရတယ်။ အဲဒီနေရာမှာ မကျွမ်းကျင်လို့ကတော့ 'အုန်း' ကနဲထပေါက်ပြီးလက်တောင်ပြတ်တတ်တယ်ဗျ။ ဒူးလေးကျွမ်းတဲ့ လူတွေကဒူးလေးနဲ့ ယမ်းမြားဆယ်ချောင်းစီလောက်ကို မြားကျည်တောက်နဲ့ လွယ်ကြလို့ပေါ့ဗျာ။ ဒုတိယလက်နက်ကခဲသီးဗျ။ မြစ်ထဲချောင်းထဲမှာ ပိုက်ချတဲ့အခါ ပိုက်မှာဆွဲတဲ့ခဲသီးကိုဖြုတ်ပြီး လုံးအောင်သွေးထားတာဗျ။ ပြောရရင်တော့ ခဲလောက်စာလုံးပေါ့ဗျာ။ အဲဒါကို လောက်လေးခွနဲ့ထည့်ပြီးပစ်မှာဗျ။

ကျန်တဲ့လူတွေကတော့ အနားကပ်လာရင်ခုတ်ဖို့ ဓားရှည်တွေလှံတွေနဲ့ဗျ။ လကွယ်နေ့ညရောက်တော့ အဖွဲ့တွေဖွဲ့ပြီးရှင်မတောင်ဘက်က ဆင်းလာမယ့်လမ်းမှာကင်းပုန်းတွေဝပ်ပြီး စောင့်ကြတာပေါ့ဗျာ။

ဟုတ်ပါ့ဗျာ၊ သရဲပေတလူပေးတဲ့သတင်းက အမှန်ပဲဗျို့၊



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီလောက်ရောက်တာနဲ့ ရှင်မတောင်ဘက်ကနေ မြင်းတွေနဲ့ လာကြတာဗျို့၊ မြင်းကဆယ်ကောင်လောက်ရှိမယ်၊ ကျန်တဲ့လူတွေက မြင်းတွေနောက်က လျှောက်ပြီးလိုက်လာကြတာ။

ကင်းပုန်းဝပ်စောင့်နေတဲ့ ဘန့်ဘွေးကုန်းသားနဲ့ ထနောင်းကုန်းသားတွေက မြားတစ်ပစ်လောက်ရောက်တော့မှ ဒူးလေးတွေနဲ့ ပစ်ကြတာဗျို့။ ယမ်းမြားတွေက တအုန်းအုန်းထပြီးပေါက်ရောဗျို့ ဒီမှာတင် ကျုပ်တို့ ခဲလောက်စာလုံးအဖွဲ့ကလည်း လောက်လေးခွတွေနဲ့ မြင်းအုပ်ထဲကို ပစ်ကြတာဗျို့။

ပထမတော့ ဓားပြတွေက ခံတန်တန်လုပ်နေသေးတာဗျနောက်တော့မှခဲလောက်စာလုံးတွေ မိုးရွာသလိုရွာချတော့မှ ရှေ့မတိုးရဲတော့ဘဲ မြင်းတွေကဦးတည်ရာ ပြေးတော့တာဗျို့။

ကျုပ်တို့လည်းဒီတော့မှ ညာသံပေးပြီး ထွက်လိုက်ကြတာ။ လူတစ်ရာကျော်ရဲ့ အော်သံကြီးကညာဘက်မှာ ဟိန်းထွက်လာတော့ ဓားပြတွေဆိုတာ ရှင်မတောင်ဘက်ကို တန်းပြေးတော့တာဗျို့။

နောက်ညမှာ ထနောင်းကုန်းသားတွေက သရဲပေတာလူကို မန်ကျည်းပင်အောက်မှာ အစားအသောက်တွေ သွားကျွေးကြသဗျို့။ ပေတာလူကို ကျွေးတော့မွေးတော့ ကျုပ်ကိုပဲလုပ်ခိုင်းကြတာပေါ့ဗျာ။

ငှက်ပျောဖက်ထဲမှာ ထမင်းတစ်ပြည်ချက်နဲ့ အမဲသားတွေ ချက်လို့ဗျ။

"မန်ကျည်းပင်မှာနေတဲ့ ပေတာလူဗျာ၊ ခင်ဗျားကျေးဇူးကြောင့်





ကျုပ်တို့ ထနောင်းကုန်းရွာသားတွေ ဓားပြရန်ကလွတ်ခဲ့တာပါ ပေတာလူဗျာ၊ ဒီကျေးဇူးကို တုန့်ပြန်တဲ့အနေနဲ့ ထမင်းနဲ့အမဲသားကို ကျွေးပါတယ်၊ ဆေးလိပ်လည်းအဆင်သင့် မီးညှိပေးထားပါတယ် ပေတာလူဗျာ၊ စားပါ သောက်ပါဗျာ၊ စားပါသောက်ပါ"

မျက်ကွင်းဆေးရဲ့အစွမ်းကြောင့် ကျုပ်က ပေတာလူကြီးကို မြင်ရတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့က ခပ်လှမ်းလှမ်းကသွားပြီး ကြည့်ကြရတာဗျ။

ပေတာလူကြီးက မန်ကျည်းပင်ပေါ်ကနေ ဖောက်ထိုးဆင်းလာတာဗျို့။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ စားတော့တာပဲဗျို့။ ကျုပ်တို့ ထနောင်းကုန်းသားတွေကျွေးတဲ့ ထမင်းတွေဟင်းတွေကို အားရပါးရကိုစားတာဗျ။ ထမင်းတွေ စားသောက်ပြီးတော့မှ အဆင်သင့်မီးညှိပြီး အုတ်ခဲကျိုးပေါ်မှာတင်ထားတဲ့ မစိန်ညွန့်ဆေးပေါ့လိပ်ကြီးကို သောက်တော့တာပဲဗျို့။ မီးကိုရဲကနဲ ရဲကနဲနေအောင် ဖွာတာဗျို့။ ဒါကိုတော့ တခြားသူတွေလည်းမြင်ရတာဗျ။

"ဟာ ဆေးလိပ်သောက်နေပြီဟေ့၊ မီးကို ရဲကနဲ ရဲကနဲ နေတာပဲဟေ့"

ဆိုပြီး တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီးပြောကြတာဗျ။ တစ်ခါတော့ ကျုပ်တို့ရွာက အသက်နှစ်ဆယ်ကျော်သုံးဆယ်အရွယ် လောက်ကာလသားတွေ ဘောလုံးအသင်းဖွဲ့ပြီးမီးလောင်ကုန်းကကာလသားတွေနဲ့ ဘောလုံးကန်ကြရောဗျို့။ ကျုပ်တို့ရွာက ကာလသားတွေက

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ကြိုပြီး ပေတလူကိုသွားပြောတယ်။ ဘောလုံးနိုင်အောင် လုပ်ပေးရင် ပေတလူကို အမဲသားနဲ့ထမင်းကျွေးမယ်လို့ ပြောသဗျ။

ဘောလုံးပွဲကလည်း ရွာအနောက်က ဘိုးစုံတို့ယာထဲမှာ လုပ်တာဆိုတော့ ပေတလူကြီးနေတဲ့မန်ကျည်းပင်နဲ့လည်း သိပ်မဝေးဘူးပေါ့ဗျာ။

မီးလောင်ကုန်းကလူတွေဆိုတာ ဘောလုံးပွဲစကတည်းက တဘုန်းဘုန်း လဲချည်းနေတာဗျ။ ကျုပ်တို့ ထနောင်းကုန်းဘက်ကို ဂိုးသွင်းဖို့ ဘောလုံးဆွဲလာပြီဆိုတာနဲ့ ဘိုင်းကနဲလဲတော့တာပဲဗျို့။ ဘောလုံးပွဲပြီးတော့ ကျုပ်တို့ ထနောင်းကုန်းက ကိုးဂိုးဂိုးမရှိနဲ့ နိုင်တာပေါ့ဗျာ။ လောင်းကြေးကလည်း မနည်းဘူးဗျ။ အဲဒီညကကာလသားတွေဆိုတာ ပျော်ပြီးသောက်ကြစားကြနဲ့ ပေတလူကြီးကိုလည်း ပေးထားတဲ့ ကတိအတိုင်းအမဲသားနဲ့ ထမင်းကျွေးကြတယ်ဗျ။

ဒါပေမဲ့ ဒီသတင်းကို သူကြီးကြားသွားပြီး ဘောလုံးအသင်းကို ခေါ်ဆူပါလေရောဗျာ၊ နောင်ကို ဒါမျိုးမလုပ်ဖို့၊ ရိုးရိုးသားသားမကစားရင် ဘယ်တော့မှကစားခွင့်မပေးဘူးလို့ သူကြီးက ပြောတော့တာဗျ။ တစ်ခါကတော့ ပေတလူရဲ့လက်ဖွေ့ပွဲဗျို့။ ညဘက်ဗျ။ အဲဒီညက လသာတယ်။ ယာခင်းတွေထဲမှာ လရောင်ကလင်းထိန်နေအောင် သာတာဗျ။ အံ့သြစရာပဲဗျို့။ တစ်ရွာလုံးက ခွေးတွေ ရွာမြောက်ဘက်ကို ပြေးထွက်ပြီး ဝိုင်းဟောင်နေကြတာဗျို့။ ခွေးအကောင်တစ်ရာနီးပါး ဝိုင်းဟောင်နေတဲ့ အသံကဆူညံနေတော့တာပေါ့ဗျာ။





"ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်"

ရွာထဲမှာ ကျန်နေတဲ့ခွေးတွေကလည်း နောက်ကျသွားမှာ စိုးတဲ့ပုံမျိုးနဲ့ ရွာမြောက်ပိုင်းကိုပြေးထွက်သွားကြတာဗျို့။ ခွေးတွေရဲ့ ဟောင်သံက မတူဘူးဗျ။ အကြောင်းအရာပေါ်မှာလိုက်ပြီး ကွာတယ်။ အခုဟောင်သံက သူတို့အတွက် တော်တော်ကိုထူးခြားနေပုံပဲဗျ။

ရွာစည်းရိုးက တံခါးပိတ်ထားပြီလေဗျာ။ ဒီကောင်တွေ ရွာပြင်တော့ထွက်လို့မရဘူးဗျ။ ရွာစည်းရိုးအပေါက်ကနေ အပြင်ကိုချောင်းကြည့်ပြီး ဟောင်နေတာဗျ။ ရွာထဲကလူတွေကလည်း ဘာဖြစ်မှန်းမသိတော့ မြောက်ပိုင်းကိုပြေးပြီး စပ်စုကြတာပေါ့ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ဟော ကျောက်ခဲဗျ။ ဒီကောင်မြောက်ပိုင်းက ပြန်လာပြီ ထင်တယ်။

"ကိုကြီးတာတေ၊ ရွာအပြင်မှာ ဘာဖြစ်တယ်မသိဘူးဗျ"

"ဟေ…ဘာဖြစ်လို့တုံးကွ ကျောက်ခဲရ"

"တစ်ရွာလုံးက ခွေးတွေမြောက်ပိုင်းကိုပြေးပြီး စည်းရိုးကနေ အပြင်ကိုချောင်းကြည့်ပြီး ဟောင်နေတာဗျ၊ ကျုပ် သစ်ပင်ပေါ်တက်ပြီး ရွာပြင်ကိုကြည့်တော့လည်း ဘာမှတော့မမြင်ဘူးဗျ"

တကယ်တော့ ကျုပ်က မြောက်ပိုင်းကိုတစ်ခေါက်ရောက်ပြီးသားဗျ။ ကပျာကယာ အိမ်ပြန်လာပြီးမျက်ကွင်းဆေးကွင်းတာ။ အခု အိမ်ကထွက်တာက နောက်တစ်ခေါက်ထွက်လာတာ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်အခုမှ အိမ်ကထွက်လာတယ်ထင်ပြီး ပြောနေတာ။ ကျုပ်မျက်ကွင်းဆေးပြန်ကွင်းတာကို ဒီကောင်မသိဘူးလေဗျာ။

ကျောက်ခဲနဲ့ ကျုပ်နဲ့ မြောက်ပိုင်းကိုရောက်တော့ စည်းရိုးနဲ့ကပ်နေတဲ့ သရက်ပင်ကြီးပေါ်ကို တက်ခဲ့ကြတယ်ဗျ။

ကိုင်းကြီးကြီးတစ်ကိုင်းကိုကူးပြီး ရွာပြင်ကိုလှမ်းကြည့် လိုက်တော့၊ ဟာ···သရဲကြီးနှစ်ကောင် သတ်ပုတ်နေတာပဲကိုး။ ဒါကြောင့် ခွေးတွေ ဝိုင်းဟောင်နေတာဗျ။ ခွေးတွေက နာနာဘာဝကိုမြင်ကြရတယ်လေဗျာ။

"ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်" "ဝုတ်"

ခွေးဟောင်သံတွေ ဆူညံနေတဲ့ကြားမှာ သရဲကြီးနှစ်ကောင်ကလည်း အသေအကြေကို သတ်ပုတ်နေကြတာဗျို့။ တစ်ကောင်က ပုဆိုးကွက်တုံးကြီးနဲ့ ကျုပ်တို့ရဲ့ပေတလူကြီးဗျ။ နောက်တစ်ကောင်ကတော့ ဘယ်ကရောက်လာတဲ့ကောင်လည်း မသိဘူး၊ ကြည့်ရတာတော့ နယ်ကျွံလာတဲ့သရဲကြီးနဲ့ပေတလူနဲ့ သတ်ပုတ်နေတာထင်ပါရဲ့ဗျာ။

ကျုပ်က မျက်ကွင်းဆေးကို နားတွေမှာပါလိမ်းပြီး ဒိဗ္ဗသောတဂါထာရွတ်ထားတော့ အသံပါကြားရတော့တာပေါ့ဗျာ။

"ဘုန်း" "ဘုန်း" "ဘုန်း" "အီး" "အား"

သရဲကြီးနှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် အသေအလဲကို ထိုးကြိတ်သတ်ပုတ်နေကြတာဗျို့။





ဟော တစ်ကောင်လဲသွားပြီဗျို့။ ဟာ ပက်လက်ကြီးလန်ပြီး လဲသွားတာဗျ။ ပေတလူကြီးကအပေါ်က ကားယားကြီးခွစီးပြီး လက်သီးနဲ့ တရစပ်ကိုထိုးနေတော့တာဗျို့။

"အား" "အား"

ဟော အော်ပြီဗျို့။ အောက်ကအထိုးခံရတဲ့ သရဲကြီးပါ။ ပါးစပ်ကြီးဖြဲပြီး အော်နေတော့တာဗျို့။

"ဘုန်း" "ဘုန်း" "အီး" "အား"

ဟော အောက်ကသရဲကြီးက အပေါ်ကပေတလူကြီးကို ဆောင့်တွန်းပစ်လိုက်တာ။ ပေတလူကြီးနောက်ကို နှစ်လံသုံးလံလောက်ကို လွင့်ထွက်သွားရောဗျာ။

ဟော ပြေးပြီ။ ပြေးပြီ။ ပြေးပြီဗျို့။ အောက်ကရှုံးသွားတဲ့ သရဲကြီးက ပေတလူကြီးကို ဆောင့်တွန်းလိုက်ပြီး ပေတလူကြီးလွင့်ထွက်အသွားမှာ ဖျတ်ကနဲထပြီး ပြေးတော့တာဗျို့။

ဟာ လိုက်တယ်ဗျို့။ လိုက်တယ်။ ပုဆိုးကွက်တုံးကြီးဝတ်ထားတဲ့ ပေတလူကြီးက နောက်ကပြေးလိုက်သေးတယ်။ ဒါပေမဲ့ သူတို့မှာ နယ်ရှိပုံရတယ်ဗျ။ တစ်နေရာရောက်တော့ ပေတလူက တုံ့ကနဲရပ်သွားပြီး ဆက်မလိုက်တော့ဘူးဗျ။ နယ်ကျွံလာတဲ့ သရဲကြီးက ပေတလူထက်တောင် အရွယ်ကြီးသေးတာဗျ။ တစ်ကိုယ်လုံးအမွေးအမျှင်တွေ ဖုံးနေတာဗျ။ နည်းနည်းနောနော အကောင်ကြီးမဟုတ်ဘူးဗျ။

ဒါပေမဲ့ ကျုပ်တို့ ပေတလူက ဟိုကောင်ကြီးထက် အသက်

www.burmeseclassic.com

www.burmeseclassic.com



အပုတ်သာပုံရတယ်ဗျ။ အဲဒီညက သရဲကြီးနှစ်ကောင်ရဲ့ လက်ဖွဲ့ပွဲမှာ ပေတလူ နိုင်သွားတာပေါ့ဗျာ။

“တာတေ ဘာမြင်တုံး”

လို့ ကျုပ်ကို ဝိုင်းမေးကြတယ်။ မပြောလို့လည်း မရတော့ကျုပ် တစ်ယောက် နှစ်ယောက်ကိုပဲ ခပ်တိုးတိုးပြောပြခဲ့တာဗျ။ ဒါပေမဲ့ ကျုပ်သိတာပေါ့ဗျာ။ တစ်ယောက် နှစ်ယောက်ပြောလည်း တစ်ရွာလုံး သိမှာပဲဆိုတာ။

ကျုပ်နဲ့ ကျောက်ခဲမြောက်ပိုင်းကပြန်တော့ ခွေးတွေပါပြန်လာကြတာဗျ။ ဒီကောင်တွေက ပွဲကြီးပွဲကောင်း ကြည့်လာရတာဆိုတော့ ကျေနပ်နေကြတဲ့ပုံပဲဗျ။ မော့မော့မော့မော့နဲ့ ကိုယ့်ဝိုင်းကိုယ် ပြန်ကြတော့တာပေါ့ဗျ။

တစ်ခါတော့ ဆောင်းတွင်းကြီးဗျ။

အေးလိုက်တာမှ အရိုးထဲအထိကိုစိမ့်နေသလား မှတ်ရတာဗျို့။ ဘယ်လိုကဘယ်လိုဖြစ်တယ်တော့ မသိဘူးဗျ။ ကျုပ်တို့ ရွာက မြင်းကြီးတိမ်ညို လွတ်သွားတာဗျို့။ အင်မတန်ဖြစ်ခဲတဲ့ အဖြစ်ပါဗျာ။ မနက်အစောကြီး ရွာတံခါးတွေဖွင့်တဲ့အချိန်မှာ ထွက်သွားတာဖြစ်မယ်ဗျ။ ညကတည်းကမြင်းစောင်းကလွတ်နေတာ ဖြစ်လိမ့်မယ်။ ယာကွက်တွေထဲမှာလိုက်ရှာတာလည်း မတွေ့ဘူးဗျ။ အနီးအနားရွာတွေမှာလည်း စုံစမ်းလို့မရဘူး။ ဒီအနီးအနားရွာတွေကလည်း တိမ်ညိုကြီးကို မသိတဲ့သူ မရှိပါဘူးဗျာ။ နောက်ဆုံးတော့ ကျုပ်တို့ရွာကလူတွေက တိမ်ညိုကြီးကို





နိုးသွားအောင်လို့ပဲ ထင်ကြေးပေးကြတော့တာဗျ။

ဘယ်လိုမှ ကြံလို့စည်လို့မရတော့တဲ့အဆုံး ကျုပ်ဆီကို ရောက်လာကြတော့တာပေါ့ဗျာ။

“တာတေရေ၊ ကိုကြီးတို့လည်း တိမ်ညိုကို ရှာကြဖွေကြတာ နှံ့နေပြီကွာ၊ ဘယ်မှာမှကို မတွေ့တာကွ၊ မင်းမှာ အကြံရှိရင်ပြောစမ်း ပါဦးကွာ”

ကျုပ်လည်း စဉ်းစားတယ်ဗျ။ မဖဲဝါကို ပင့်ပြီးမေးရင်ကောင်း မလားပေါ့ဗျာ။ ဒါပေမဲ့မြင်းပျောက်တာကအစ သူ့ကိုမေးလို့မသင့် တော်မှန်းကျုပ်တွေးမိတယ်။ နောက်တော့ ကျုပ်ခေါင်းထဲမှာအကြံတစ်ခု ရလာတယ်ဗျ။

“ဒီလိုလုပ်ဗျာ၊ အမဲသားရရ ကြက်သားရရပေါ့ဗျာ၊ ဟင်း ချက်ပြီး ထမင်းတစ်ပြည်ချက်နဲ့ ကျုပ်ပေတလူကို ပြောကြည့်စမ်းမယ်”

“အေး ကောင်းသားပဲကွ တာတေရ၊ အမဲသားတော့ မရှိဘူး ကွ၊ ကြက်နှစ်ကောင်ချက်ပြီး ကျွေးကွာ”

ကျုပ်ပြောတဲ့အတိုင်း မြင်းရှင်တွေကလုပ်ပေးကြပါတယ်လေ။ တိမ်ညိုကြီးရဲ့ ပိုင်ရှင်ကိုခင်ဗျားမှတ်မိမှာပါ။ **‘ကျောက်တလားချောင်း’** ဝတ္ထုမှာ တစ္ဆေကိုက်ခံရတဲ့လူလေဗျာ။

ညရောက်တော့ ထမင်းတောင်းလေးထမ်းပြီး ရွာနောက် ဘက်တံခါးက ထွက်ခဲ့တယ်။ ကျုပ်နဲ့အတူတူ ရွာကကာလသား နှစ်ယောက် ပါလာတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ငှက်ပျောဖက်နဲ့ ထုပ်ထားတဲ့ ထမင်းထုပ်ကို ဖြည်ပြီး မန်ကျည်းပင်ကြီးအောက်မှာ ထမင်းပွဲကြီးပြင်လိုက်တယ်။

“ထနောင်းကုန်းရွာသူရွာသားတွေရဲ့ မိတ်ဆွေကြီးပေတလူဗျား၊ ကျုပ်တို့ရွာက တိမ်ညိုလို့ခေါ်တဲ့ မြင်းကြီးတစ်ကောင်ဟာ ပျောက်ခြင်းမလှ ပျောက်သွားလို့ပါဗျာ၊ နေရာအနှံ့လိုက်ရှာပေမယ့်လည်း ဘယ်မှာမှမတွေ့ဘူးဗျာ၊ အဲဒီကိစ္စကို ပေတလူကူညီနိုင်ရင် ကူညီပါဗျာ၊ ပေတလူစားဖို့ ထနောင်းကုန်းရွာသားတွေကိုယ်စား ထမင်းဟင်းတွေကို ကျုပ်က လာပို့ပေးပါတယ်ဗျာ”

ကျုပ်က မျက်ကွင်းဆေး ကွင်းလာတာဗျ။

ပေတလူကြီး သစ်ပင်ပေါ်က ဖောက်ထိုးကြီးဆင်းလာပြီး ကျုပ်ယူလာတဲ့ ထမင်းတွေကို စားတယ်ဗျ။ ပြီးတော့သူ့လက် နှစ်ဖက်နဲ့ မြင်းစီးသလို လုပ်ပြတယ်။ ပေတလူကြီး ဘာကိုပြောချင်မှန်းတော့ ကျုပ်မသိဘူးဗျ။ ဒါပေမဲ့ ကျုပ်ပြောတဲ့မြင်းကိစ္စကိုတော့ သူသိသွားတဲ့ပုံပဲဗျ။ စားသောက်ပြီးတာနဲ့ ပေတလူက ကျုပ် အဆင်သင့်ညှိပေးထားတဲ့ မစိန်ညွှန့်ဆေးပေါ့လိပ်ကြီးကို ဖွာနေပြန်ရောဗျ။ ပြီးတော့ သူ့လက်နှစ်ဖက်နဲ့ မြင်းစီးသလိုလုပ်ပြန်ရောဗျ။

ပြီးတာနဲ့ မန်ကျည်းပင်ပေါ်ကို ဖောက်ထိုးကြီးတက်သွားပြန်ရောဗျို့။ ကျုပ်တို့လည်း ရွာထဲကိုပြန်လာခဲ့ကြတယ်။ ညသန်းခေါင်လောက်ရောက်တော့…

“တာတေ၊ တာတေရေ၊ တာတော”





“ဟဲ့ ဘယ်သူတုံး ညကြီးမိုးချုပ်”

“အရီး ကျုပ်တို့ပါဗျ၊ ဦးမြဒင်သားတွေပါ”

“ဩော်”

“ဟဲ့ တာတေ၊ မြဒင်သားတွေ နင့်ကို လာနှိုးနေကြလို့ဟဲ့”

အမေဝိုင်းထဲကို လှမ်းမေးနေကတည်းက ကျုပ် နိုးနေတာဗျ။

“အမေ ကျုပ်နိုးပြီ”

“တာတေ နင် ဘာတွေလုပ်ထားလို့တုံး”

အမေက ကျုပ်ကိုစိတ်မချလို့ မေးတာဗျ။

“ကျုပ်က ကူညီတာပါအမေရ၊ သူတို့မြင်းတိမ်ညိုကြီး ပျောက်သွားလို့ ကျုပ်ကအကူအညီတစ်ခု ပေးထားတာပါ”

“ဘာလဲ၊ နင် မဖဲဝါကိုမြင်းရှာခိုင်းတာလား”

“ဟာ မဟုတ်ပါဘူး အမေရ၊ မဖဲဝါ မဟုတ်ပါဘူး၊ ပေတလူကြီးကို ရှာခိုင်းတာပါ”

“နင်ကတော့လေ၊ တစ်ခုခုကိုမှမပွေလီရရင် နေနိုင်တဲ့ကောင်မဟုတ်ဘူးနော်”

ကျုပ်က ဝိုင်းထဲကို ပြေးဆင်းလာခဲ့တယ်။

“တာတေ၊ တိမ်ညိုကြီးရွာပြင်မှာ ပတ်ပြေးနေတယ်ကွ”

“ဟာ ဟုတ်လားဗျ၊ ဒါဆိုရင် ထွက်ပြီးဆွဲလိုက်တော့ပေါ့”

“ဟ…ငါတို့ မဆွဲရဲဘူးကွ၊ မင်းနဲ့ပေတလူနဲ့ ဘာတွေ ပြောဆိုထားမှန်းမှ မသိတာ၊ တာတေရ”



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ဒါကြောင့်လား၊ ဒါဆိုရင် ခဏနေကြဦးဗျာ”

ကျုပ်က အိမ်ပေါ်ကိုပြေးတက်ပြီး မျက်ကွင်းဆေးကွင်းလိုက်တယ်။ ပြီးတာနဲ့ ကျုပ်သူတို့နဲ့ လိုက်ခဲ့တာပေါ့ဗျာ။

တောင်ဘက်တံခါးကိုဖွင့်ပြီး ရွာပြင်ထွက်လိုက်တော့ ဟုတ်တယ်ဗျို့။ တိမ်ညိုကြီးက ရွာပြင်မှာဒုန်းစိုင်းပြီး ပြေးနေတာဗျ။ ဟော အနောက်ဘက်ကနေ အရှေ့ဘက်ကိုပြေးလာတာဗျို့။ မြင်းပေါ်မှာ ပေတလူကြီး ထိုင်လို့ဗျ။ ပေတလူက မြင်းစီးနေတာကိုး။

ဟော ကျုပ်တို့နဲ့နီးလာပြီဗျို့။

“ခွပ်” “ခွပ်” “ခွပ်” “ခွပ်”

ပေတလူက မြင်းစီးကောင်းဗျ။ မြင်းစီးလာလိုက်တာများ တကယ့်ကို စစ်သူကြီးတစ်ယောက်ပဲဗျာ။ ဟော ရပ်လိုက်ပြီဗျို့။ ကျုပ်တို့နဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်တာဗျ။ မြင်းပေါ်မှာ ခန့်ခန့်ကြီး ထိုင်နေတဲ့ ပေတလူကဆံပင်ဖားလျားကြီးနဲ့ဗျ။ မျက်လုံးနီနီကြီးနှစ်လုံးကလည်း ပြူးထွက်လို့ဗျို့။ ပါးစပ်ထဲကလျှာနီနီကြီးက တွဲလောင်းကြီး ကျနေတာဗျ။ အပေါ်ပိုင်းမှာဗလာကျင်းပြီး အမွေးအမျှင်တွေနဲ့ဗျအောက်ဘက်မှာတော့ ပုဆိုးကွက်တုံးကြီးနဲ့ဗျ။

ကျုပ်က ရှေ့ကိုနည်းနည်းထွက်လိုက်တယ်။

“ပေတလူကို ကျေးဇူးတင်ပါတယ်ဗျာ။”

ဟော ဆင်းပြီဗျို့။ ဆင်းလိုက်ပြီဗျို့။ ပေတလူကြီးမြင်းပေါ်က ခုန်ဆင်းသွားတယ်။ ဒါပေမဲ့ မသွားသေးဘူးဗျ။ ကျုပ်ကို





စိုက်ကြည့်နေတယ်။ ကျုပ်လည်း ပေတလူ ဘာပြောချင်တာလဲဆိုတာ မတွေးတတ်ဘူးဗျ။ ဒါနဲ့ပဲ . . .

“ပေတလူ၊ တိမ်ညိုကြီးကို ဘယ်ကပြန်ရှာတွေ့ခဲ့တာတုံး”

ဟာ ဟုတ်သွားပြီဗျို့။ ပေတလူက အဲဒါကို ပြောပြချင်နေပုံပဲဗျို့။ ဟော ဟော ပေတလူကကျုပ်ကို အမူအရာလုပ်ပြတယ်ဗျ။ သူ့ခေါင်းပေါ်မှာ လက်ထောင်ပြတယ်။ နားနှစ်ဖက်မှာလက်တွေကပ်ပြတယ်ဗျ။ ဟော ဟော သူ့ရှေ့မှာလက်နှစ်ဖက်ကာပြတယ်။

ပေတလူ ဘာပြောချင်တာလဲဆိုတာ ကျုပ်တွေးနေတာဗျ။ ဩော် သိပြီဗျို့၊ သိပြီ၊ ကျုပ်သိပြီ။ တိမ်ညိုကြီးကို နတ်ဖွက်ထားတာလို့ ပြောတာဗျ။

“ပေတလူကြီး တိမ်ညိုကိုနတ်ဖွက်ထားတာ ဟုတ်လား”

လို့ ကျုပ်လှမ်းမေးလိုက်တော့ ပေတလူက ဝမ်းသာသွားတဲ့ပုံနဲ့ ကျုပ်ကို ခေါင်းကြီးညိတ်ပြတယ်ဗျ။ သူခေါင်းညိတ်လိုက်တော့ သူ့ခေါင်းက ဖားလျားကြီးကျနေတဲ့ ဆံပင်တွေကဖတ်လပ်ဖတ်လပ်နဲ့ ဖြစ်သွားတာဗျို့။ သူ့ပါးစပ်က တွဲလောင်းကျနေတဲ့ လျှာနီနီကြီးကလည်း လှုပ်လှုပ်လှုပ်လှုပ် ဖြစ်သွားတယ်။ သူပြောချင်တာကို ပြောပြပြီးတော့မှ ပေတလူကကျေကျေနပ်နပ်နဲ့ ထွက်သွားတာဗျို့။

ကျုပ်က တိမ်ညိုကိုပြေးဆွဲလိုက်တယ်။ ပြီးတော့ သူ့ပိုင်ရှင်တွေလက်ထဲ ပြန်အပ်ပေးလိုက်တယ်။ ဦးမြဒင်သားတွေကတော့ ဝမ်းသာသွားကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ၊ မင်း ပေတလူကြီးကိုတွေ့လိုက်လား"

ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။

"ပေတလူက မင်းကိုဘာပြောသွားတုံးကွ"

"တိမ်ညိုကို နတ်ဖွက်ထားတာလို့ ပြောသွားတယ်ဗျ"

"ဟာ…ဟုတ်လား၊ ဒါ ဒါဆိုရင်ဘာလုပ်ရမှာတုံး တာတေ"

"ပေတလူက အဲဒါကို ပြောသွားတာဖြစ်မယ်ဗျ၊ တိမ်ညိုက နတ်မြင်းအမျိုးအစားထဲက ထင်တယ်ဗျ၊ ဒီတော့ တိမ်ညိုကိုပွဲတစ်ပွဲပြင်ပြီး နတ်အပ်လိုက်ဗျာ၊ ဆိုင်ရာပိုင်ရာနတ်ပေါ့ ကိုကြီးရာ"

"အေး အေး ဟုတ်ပြီ၊ တိမ်ညိုနဲ့ဆိုင်ရာပိုင်ရာနတ်ကို ရည်ရွယ်ပြီး ပင့်လိုက်မှာပေါ့ကွာ၊ မနက်ဖြန်ပဲလုပ်လိုက်မယ်ဟေ့"

အညာနွေကတော့ ပူချက်ဗျာ။

ကျုပ်ဒီနေ့ ရေစည်တိုက်ရတယ်ဗျ။ ရေစည်တိုက်ပြီး ပြန်လာတော့ ထမင်းစားချိန်ပေါ့ဗျာ။ အမေချက်တဲ့ ဝက်ပုန်းရည်ကြီးဟင်းလေးနဲ့ ပဲကြီးဆူးပုတ်ဟင်းလေးစားပြီး မျက်လုံးလေးကလည်း စင်းလာရောဗျို့။

ဝိုင်းထဲကမန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ပေါ်မှာ ဝါးဘိုးခြမ်းလေးခေါင်းအုံးပြီး နဂါးဆေးပေါ့လိပ်ကလေး ဖွာနေတာဗျ။ ဆေးလိပ်တောင် သုံးလေးဖွာပဲဖွာရသေးတယ်။ မျက်စိပိတ်ကျလာတော့တာဗျို့။

သောက်လက်စဆေးလိပ်တိုလေးကို ဆေးလိပ်ခွက်ကလေးထဲထည့်ထားလိုက်ရတော့တာပေါ့ဗျာ။ အညာနွေမှာ တိုက်တဲ့လေ





ကလည်း လေပူကြီးဗျ။ ဒါပေမဲ့ ကျုပ်တို့ကတော့ ရိုးနေပြီပေါ့ဗျာ ပူလည်းအိပ်ပျော်တာပဲဗျ။ မနက်က ရေစည်တိုက်ထားတော့လည်း ပင်ပန်းနေတာကိုး။

ကျုပ် အိပ်မက် မက်တယ်ဗျ။

ဒီလောက်ပူအိုက်နေတဲ့အချိန်ကြီးမှာကို မက်တာဗျ။ နေ့လည် အိပ်မက်ဗျ။

ပေတလူကြီးကို သစ်ပင်ကြီးတစ်ပင်မှာ ကြိုးနဲ့တုပ်ထားတာဗျို့။ ပေတလူကရုန်းနေတာဗျ။ နှုတ်ခမ်းမွှေးကားကားနဲ့ လူကြီးတစ်ယောက်က ကြိမ်လုံးကြီးတစ်လုံးနဲ့ ပေတလူကိုရိုက်နေတာဗျို့။

"ရွှမ်း" "ရွှမ်း" "ရွှမ်း"

လေထဲမှာ ကြိမ်လုံးဝှေ့တဲ့အသံကိုတောင် ကျုပ်နားထဲမှာကြားနေရတာဗျ။ 'ရွှမ်း' ဆိုတစ်ချက်ရိုက်လိုက်၊ ပေတလူကြီးက ကျောကြီးကော့သွားလိုက်နဲ့ပေါ့ဗျာ။

နှုတ်ခမ်းမွှေးနဲ့လူကြီးက လွယ်အိတ်ကြီးတစ်လုံးလည်း လွယ်ထားသေးတာဗျ။ ဒီလူကြီးက ပေတလူကိုဘာအတွက်ဖမ်းပြီး ရိုက်ပုတ်နေတယ်ဆိုတာတော့ ကျုပ် နားမလည်ဘူးဗျ။

"အား၊ အီး၊ အား"

ပေတလူကြီး နာလွန်းလို့အော်တဲ့ အသံကြီးဗျ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ် အိပ်မက်ကနေ လန့်နိုးသွားတယ်ဗျ။ ဒါပေမဲ့ [illegible]သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပုန်းရည်ကြီးအရှိန်ရယ်၊ ဆူးပုတ်နဲ့ပဲကြီးစားထားတဲ့ အရှိန်ရယ် ပေါင်းပြီး မျက်စိဖွင့်မရအောင်တက်နေတာဗျို့။

"ကိုကြီးတာတေ"

"ဟော"

ဒီတစ်ခါတော့ ကျုပ် မျက်လုံးတွေ ဖျတ်ကနဲကိုပွင့်သွားတာဗျို့။ မပွင့်လို့လည်း မရဘူးလေဗျာ။ ဒီကောင်ကျောက်ခဲက ကျုပ်နားထိရောက်လာပြီး အော်ခေါ်လိုက်တာဗျ။

"ကိုကြီးတာတေဗျာ၊ နေ့ခင်းဘက်ကြီး အိပ်တာနှိုးလို့တောင် မရအောင်ကို အိပ်တော့တာပါလား"

"ဟာ ကျောက်ခဲကလည်း ငါက အိပ်မက် မက်နေတာကွ"

"ဗျာ၊ အိပ်မက်ဟုတ်လား၊ ကိုကြီးတာတေရာ ဒီလောက်ပူတဲ့အချိန်ကြီးမှာ ဘယ်ကအိပ်မက်လာ လာပြီးမက်နေရတာတုံးဗျာ"

"ပေတလူအိပ်မက်ကွ ကျောက်ခဲရ"

"ဘာဗျ၊ ပေတလူအိပ်မက် ဟုတ်လား၊ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးဗျာ၊ ဘယ်ပေတလူတုံး၊ မန်ကျည်းပင်က ပေတလူလား၊ ဟိုတလောကလေးတင်ပေတလူကတိမ်ညိုကို လိုက်ဖမ်းပေးသေးတာပဲ မဟုတ်လားဗျ"

"အေးကွ ကျောက်ခဲရ၊ ငါ့အိပ်မက်ထဲမှာတော့ ပေတလူ ဒုက္ခရောက်နေတယ်ကွ"





"ဟင်၊ ဘယ်လိုဖြစ်လို့တုံး ကိုကြီးတာတေရာ"

"နှုတ်ခမ်းမွေးကားကားကြီးနဲ့ ဆရာကြီးတစ်ယောက်က ပေတလူကို သစ်ပင်တစ်ပင်မှာ ကြိုးနဲ့တုပ်ပြီးရိုက်နေတာကွ"

"ဗျာ၊ ဟုတ်လားကိုကြီးတာတေ"

"အေးကွ ကျောက်ခဲရ၊ ဒီအိပ်မက်သာမှန်ရင်တော့ ပေတလူကြီး ဒုက္ခရောက်နေပြီကွ၊ ဒါပေမဲ့လည်း နေ့ခင်းအိပ်မက်ဆိုတော့ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ကွာ"

"ကိုကြီးတာတေ ထမင်းစားများသွားလို့ ဗိုက်တင်းပြီးမက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျ"

"ကျောက်ခဲရေ၊ ငါကြိုက်တဲ့ဟင်းချက်တဲ့နေ့ဆိုရင် ဗိုက်ကတော့ အမြဲတင်းနေတာကွ"

"ကိုကြီးတာတေနဲ့ စကားကောင်းနေတာနဲ့ ကျုပ်လာတဲ့ကိစ္စတောင် မေ့သွားတယ်ဗျ"

"အေး၊ ငါလည်း မင်းကို မေးမလို့ကွ၊ ဒီလောက်နေပူနေတဲ့အချိန်မှာ မင်းကခေါင်းဆောင်းမပါ ဘာမပါနဲ့ လျှောက်သွားနေတာ၊ ဘာတွေအရေးကြီးနေလို့တုံး ကျောက်ခဲရဲ့"

"အရေးကြီးတယ်လို့တော့ မဟုတ်ပါဘူး ကိုကြီးတာတေရာ၊ ဒါပေမဲ့ နည်းနည်းထူးဆန်းနေလို့ဗျ"

"ဟော..ဘာတွေများ ထူးဆန်းနေလို့တုံးကွ ကျောက်ခဲရ"

"ရွာမြောက်ပိုင်းက ကိုမိုးညိုတို့ မနက်တို့ လင်မယားကို



www.burmeseclassic.com

www.burmeseclassic.com



သိတယ်မို့လား ကိုကြီးတာတေ"

"ဟ ကျောက်ခဲရဲ့၊ ထနောင်းကုန်းတစ်ရွာလုံးမှာ မသိတဲ့သူရယ်လို့ ရှိမလားကွ၊ ကိုမိုးညိုတို့ အစ်မနက်တို့ ဘာဖြစ်လို့တုံး"

"ဖျားတာဗျ၊ ဗိုက်တွေလည်းအောင့်လို့ အိပ်ရာထဲလဲနေကြတယ်၊ ထမင်းဟင်းတောင် ထမချက်နိုင်လို့ ကလေးနှစ်ယောက်ကို မနက်အမေက လာခေါ်သွားရတယ်ဗျ"

"ဟ ဆေးလေးဘာလေး မထိုးကြဘူးလားကွ၊ မနေ့ကတောင် ဆေးထိုးဆရာကိုဘမောင်ကို ငါမြင်လိုက်ပါသေးတယ်"

"ဆေးမှူး ကိုဘမောင်လည်းဆေးထိုးတာပဲဗျ၊ ခုထိမကောင်းသေးဘူး၊ အဲဒါထက် ဆိုးတာက သူတို့အနီးအနားက အိမ်တွေမှာပါ သူတို့လိုပဲ ဖြစ်ကုန်ကြတာဗျ"

"ဟေ…ဘယ်လိုကွ ကျောက်ခဲရဲ့"

"သူ့အရှေ့ဘက်က အိမ်လေးအိမ်၊ သူတို့အနောက်ဘက်က အိမ်နှစ်အိမ်၊ သူတို့ပါဆိုရင် အိမ်ခုနစ်အိမ်တိတိ သူတို့ဖြစ်သလိုလိုက်ပြီးဖြစ်ကြတာဗျ"

"ဟာ၊ ဒါတော့ မဟုတ်သေးပါဘူးကွာ"

"ဟုတ်ပါတယ်ဆိုဗျာ၊ တဖြည်းဖြည်းကူးသွားတာ အားလုံးခုနစ်အိမ်တိတိ ဖြစ်လို့ဗျ၊ တစ်အိမ်မှာ တစ်ယောက်နှစ်ယောက်ပဲဖြစ်တာ၊ တစ်အိမ်လုံးဖြစ်တာတော့ မဟုတ်ဘူးဗျ"

"ဖျားပြီး ဗိုက်အောင့်တာပဲလား"





"ဟုတ်တယ်ဗျ၊ တစ်အိမ်နဲ့ တစ်အိမ် ဖြစ်တာတစ်ပုံစံတည်းပဲဗျ"

"အေးကွ၊ ဆန်းတော့ ဆန်းနေတာပဲ"

"အဲဒါကြောင့် ဒီအကြောင်းကို ကျုပ် လာပြောတာပေါ့ဗျ"

"ဆေးမှူးကိုဘမောင်လည်း ကုနေတာပဲမို့လား"

"ကုနေတာပဲဗျ၊ ဒါပေမဲ့ ဘယ်သူမှ သက်သာမလာဘူး"

"ဆေးမှူးက ဘာပြောတုံး"

"ဒီမနက်ပဲ ဆေးမှူးက ပြောသွားတယ်တဲ့ဗျ၊ မြို့ကဆေးရုံသွားတက်ကြဖို့တဲ့ဗျာ၊ သူကုလို့တော့ ပျောက်မှာမဟုတ်ဘူးတဲ့ဗျ"

"ဟာ အဲဒီလိုပြောလား၊ သူလည်းပြန်သွားပြီလား"

"မြို့ပြန်သွားပြီတဲ့ဗျ"

"ဟင်၊ ဒါဆိုရင် ဘယ်လိုလုပ်ကြမတုံး"

"အဲဒါ ကျုပ်ပြောမလို့ဗျ၊ ခုပဲ ကျုပ် မြောက်ပိုင်းရောက်ခဲ့တယ်၊ ဗမာဆရာကြီးတစ်ယောက် ရောက်နေတယ်ဗျ"

"ဟေ…ဘယ်ကရောက်လာတာတဲ့တုံး"

"ဒါတော့ မသိဘူးဗျ၊ ရွာထဲကို ဒီအတိုင်း ဝင်လာတာဆိုပဲ။ 'နေမကောင်းတဲ့သူတွေဘာတွေ ရှိသလား၊ ကျုပ်က ဆေးဆရာပါ၊ ဆေးဝါးကောင်းကောင်းကုတတ်ပါတယ်' လို့ ပြောသတဲ့ဗျ"

"ဟေ…ဟုတ်လားကွ"

"ဒါနဲ့ မြောက်ပိုင်းကလူတွေက ကိုမိုးညိုတို့ လက်ခံသွား



www.burmeseclassic.com

www.burmeseclassic.com



ကစပြီး ခုနစ်အိမ်တိတိဖျားနာပြီး ဗိုက်တွေအောင့်နေတဲ့အကြောင်း ပြောပြတော့ အဲဒီဆေးဆရာက ကျုပ်ကိုပြပါ၊ ကျုပ် ကုပေးပါမယ်လို့ ပြောသတဲ့ဗျ။ ဒါနဲ့ အဲဒီဆေးဆရာကို ကိုမိုးညိုတို့ မနက် တို့အိမ်ကို အရင်ဆုံး ပင့်သွားတာဗျ"

"အဲဒီဆေးဆရာကို မင်းတွေ့ခဲ့လား၊ ဘယ်လိုပုံစံတုံးကွ ကျောက်ခဲရ"

"အသားညိုညို လူကဂင်တိုတိုဗျ၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့ဗျ၊ ဒါပေမဲ့ ဒီဆရာရဲ့မျက်လုံးကြည့်ပုံတွေကို ကျုပ်တော့သိပ်မကြိုက်လှဘူးဗျာ"

"ဟော...ဟုတ်လား၊ ဘယ်လိုများကြည့်လို့တုံးကွ"

"တွေ့သမျှလူတွေကို အကုန်လိုက်ပြီး အကဲခတ်နေသလိုပဲဗျ၊ သူ့မျက်လုံးတွေက ဂဏှာမငြိမ်ဘူး"

ကျောက်ခဲပြောတဲ့ နှုတ်ခမ်းမွေးကားကားကြီးနဲ့ဆိုတဲ့ စကားကို ကြားတော့ ကျုပ် နည်းနည်းတော့ အံ့သြသွားတယ်ဗျ။ ကျုပ် စောစောကမက်တဲ့ အိပ်မက်ထဲမှာ ပေတာလူကို ကြိုးတုပ်ပြီး ရိုက်နေတဲ့ လူကြီးကလည်း နှုတ်ခမ်းမွေးပြားပြားကြီးနဲ့ပဲဗျ။

"မင်း အခြေအနေကို စောင့်ကြည့်ထားလေ ကျောက်ခဲရာ၊ အဲဒီဆရာကုတာ သက်သာသလား၊ မသက်သာဘူးလား၊ ပြီးတော့ ဒီဆရာက တခြားဘာအကြံအစည်ရှိနေတုန်း ဆိုတာကိုအကဲခတ်ကြည့်ကွာ"





"ကောင်းပြီ၊ ဒီအတွက်တော့ စိတ်ချ ကိုကြီးတာတေ၊ မျက်ပြူးတို့ ခေါင်းကြီးတို့ကို ဆရာနဲ့ဝင်ရောပြီး ဆရာခိုင်းတာတွေ လုပ်ပေးဖို့၊ ဆရာမေးတာတွေကို သေသေချာချာ မှတ်ထားဖို့ ကျုပ် မှာပြီးပြီဗျ"

ကျုပ်တို့ရွာမှာ မျက်ပြူးတို့၊ ခေါင်းကြီးတို့ အဖွဲ့တွေက ရှစ်နှစ်ကိုးနှစ်သားလေးတွေဗျ။ ဒီကောင်တွေက ဒီရွာမှာအိမ်ပေါက်စေ့ရောက်နေကြတာဗျ။ ဘယ်အိမ်မှာ ဘာဖြစ်တယ်ဆိုတာ ဒီကောင်တွေ အကုန်သိတယ်။ ပြီးတော့ ဒီကောင်တွေက ကျုပ်ကောင်ကျောက်ခဲတို့ သံမဏိတို့ရဲ့တပည့်တွေဗျ၊ ကျောက်ခဲခိုင်းတာဆိုရင် ဘာမဆိုလုပ်ပေးတဲ့ ကောင်တွေဗျ။

"အေး ကောင်းတယ် ကျောက်ခဲ၊ ကောင်းတယ်"

ကျောက်ခဲ ပြန်သွားတော့ နေ့ခင်းကြောင်တောင် ပုလောင်လောင်ကြီးမှာမက်တဲ့ ကျုပ်ရဲ့ အိပ်မက်အကြောင်းကို ကျုပ်ဆက်တွေးနေတာဗျ။

နောက်နှစ်ရက်ကြာတော့မှ ကျောက်ခဲကျုပ်ဆီရောက်လာတယ်။

"ဘယ်လိုလဲကွကျောက်ခဲရဲ့၊ မြောက်ပိုင်းကလူတွေနေကောင်းသွားကြပြီလားကွ"

"အဲဒါပြောမလို့ လာတာဗျ၊ အကုန်လုံး ကောင်းသွားကြပြီဗျ၊ ဆရာက ဆေးနှစ်ခွက်ပဲတိုက်ရသေးတာ၊ အားလုံးကောင်းသွားကြပြီဗျ၊ ပြီးတော့လည်း ဆရာတိုက်တဲ့ဆေးက နည်းနည်းလေးရယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒါကတော့ကျောက်ခဲရယ်၊ ဆေးကောင်းရင် သန်းခေါင်းလို့တောင် ပြောကြတာပဲလေကွာ"

အခုဆရာကတော့ ဆေးတော်တော်စွမ်းတဲ့ဆရာပဲဗျ။

"ဒို့ ဒီဆရာက တည်းတော့ ဘယ်မှာတည်းတာတုံးကွ"

"ကိုမိုးညိုတို့ အရှေ့ဘက်ကပ်လျက်က ဘိုးရင်မောင်ပိုင်းမှာတဲ့ဗျ၊ ဘိုးရင်မောင်တို့က အဘိုးကြီးအဘွားကြီးလင်မယားနှစ်ယောက်ပဲနေတာဆိုတော့ဆရာကို သူတို့အိမ်မှာပင့်ထားတာဗျ။ ဟိုနေ့က ဖျားတဲ့အထဲမှာ ဘိုးရင်မောင်ကြီးလည်းပါတာကိုး၊ ကိုကြီးတာတောရဲ့"

"ဪ…အေး အေး၊ ဟုတ်တာပေါ့၊ ဘိုးရင်မောင်တို့အိမ်က ဘယ်သူမှ ရှိတာမှမဟုတ်တာ၊ အိမ်ကလည်းကျယ်တာပဲလေ"

"ကျုပ်တို့ရွာနောင်းကုန်းသားတွေကတော့ ကိုကြီးတာတောသိတဲ့အတိုင်းပဲလေဗျာ၊ ဒီသတင်းမျိုးကြားလို့ကတော့ မရှိ ရှိတဲ့ရောဂါကို သွားပြီးပြနေကြတော့တာပေါ့ဗျာ။ အခုဆိုရင် ဘိုးရင်မောင်ရဲ့အိမ်မှာ လူကိုစည်လို့ဗျ၊ လူများလို့ ထိုင်တောင်စောင့်နေရတာဆိုပဲ၊ ဒီကြားထဲ တောင်ပိုင်းကဘာဖြစ်လို့ဆိုပြီး လာပင့်လိုက်၊ အနောက်ပိုင်းက ဘာဖြစ်လို့ဆို လာပင့်လိုက်နဲ့ ဆရာဆိုတာ ထမင်းစားချိန်တောင် မရပါဘူးဗျာ၊ ထမင်းကျွေးဖို့လည်း ဟိုအိမ်ကဟင်းတစ်ခွက်ပို့၊ ဒီအိမ်က ဟင်းတစ်ခွက်ပို့နဲ့ ဘုန်းကြီးပွဲလား မှတ်ရတယ်ဗျို့"

ကျုပ်က ကျောက်ခဲပြောတာကို ခေါင်းညိတ်ပြီးတော့ပဲ နားထောင်နေတာဗျ။ နဂါးဆေးပေါ့လိပ်ကလေးလည်း ဖွာလို့ပေါ့ဗျာ။





"ကျွိ၊ ကျွိ၊ ကျွိ၊ ဟဲ့…နွား၊ တယ်၊ ဒီနွား တည့်တည့်ဆွဲလေ၊ ဟာ…ဘယ်တုံး၊ ဖျန်း"

နွားလှည်းတစ်စီး မောင်းလာတဲ့အသံကို ခပ်လှမ်းလှမ်းက ကြားနေရတာဗျ။ ဒါက ကျုပ်တို့အညာသားတွေ လှည်းမောင်းရင် နွားငေါက်တဲ့ အသံလေဗျာ။

"နေဦးဗျ ကိုကြီးတာတောရ၊ ဒီလှည်းက ဆရာကိုလာပင့်တဲ့လှည်းလားမသိဘူးဗျ၊ ကျုပ် ကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနဲ့ ကျောက်ခဲကဝိုင်းဝကို ပြေးထွက်ပြီး လှည်းမောင်းတဲ့ဘက်ကို လှမ်းကြည့်တယ်။ ပြီးတာနဲ့ကျုပ်ဘက်ကိုလှည့်ပြီးလက်ယပ်ခေါ်တယ်ဗျ။ ကျုပ်လည်းဝိုင်းဝကို ခပ်သုတ်သုတ်ထွက်ပြီး မောင်းလာတဲ့လှည်းကို မသိမသာကြည့်လိုက်တယ်။

"ကိုကြီးတာတော ကြည့်ကြည့်၊ အဲဒါကျုပ်ပြောတဲ့ ဆရာဗျ"

ကျုပ်တို့ဝိုင်းရှေ့က လှည်းဖြတ်သွားတော့ လှည်းပေါ်က နေကာထိုင်ဖျာလေးပေါ်မှာ တင်ပလ္လင်ခွေထိုင်လျက်ပါသွားတဲ့ ဆရာကို ကျုပ်ကြည့်လိုက်တယ်။ လည်ကတုံးအင်္ကျီအဖြူပေါ်ကနေ တိုက်ပုံအင်္ကျီခပ်ညိုညိုတစ်ထည်ဝတ်လို့ ပုဆိုးကလည်း ခပ်ညိုညိုအကွက်ကလေးနဲ့ဗျ။ ခေါင်းမှာတော့ကျေးတစ်ရာဆင်လို့ခေါ်တဲ့ ပုဝါလေးကိုပေါင်းလို့ဗျ။ ဒါပေမဲ့ဆံပင်က သျှောင်မဟုတ်ဘူး။ ဘိုဆံတောက်ပဲဗျ။ ထူးခြားတာက နှုတ်ခမ်းမွေးကြီးဗျ။ နှုတ်ခမ်းမွေးကြီးတွေက ကားကားကြီးဗျ။ ကျုပ် ဒီလူကို မြင်ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာ…ကျုပ် ချက်ချင်းသတိရသွားတယ်ဗျို့။ ကျုပ် အိပ်မက်ထဲမှာ သရဲကြီးပေဘာလူကို သစ်ပင်မှာ ကြိုးတုပ်ပြီးကြိမ်လုံးနဲ့ ရိုက်နေတဲ့လူရဲ့ပုံစံနဲ့ လှည်းပေါ်မှာပါသွားတဲ့ဆရာရဲ့ ပုံစံနဲ့ကတစ်ပုံစံတည်းပဲဗျို့။ ကျုပ်အိပ်မက်ကိုအံ့ဩလိုက်တာဗျာ။

ကျုပ် မန်ကျည်းပင်အောက်က ကွပ်ပျစ်ကိုပြန်လာခဲ့ပြီး နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ကို မီးညှိပြီးဖွာလိုက်တယ်။ ကျောက်ခဲလည်း ကျုပ်နောက်ကလိုက်လာပြီး ကျုပ်ဘေးမှာ ဝင်ထိုင်လိုက်တယ်။

"ကိုကြီးတာတေ၊ မြင်ပြီမို့လား၊ ဘယ်လိုအကဲခတ်မိတုံးဗျ"

"ဒီဆရာရဲ့ မျက်လုံးတွေကတစ်မျိုးပဲကွ၊ ကျောက်ခဲရ၊ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ"

"အဲဒါကြောင့် ကျုပ်ပြောတာပေါ့ ကိုကြီးတာတေရ၊ လူတွေကို အကဲခတ်လွန်းနေကယ်ဗျ"

"အေးကွ ကျောက်ခဲရ၊ မင်းတော့အလုပ်ရှုပ်တော့မယ်ဟေ့"

"ဟာ ပြောသာပြောပါဗျာ၊ ကျုပ်က အလုပ်ရှုပ်မှာကို ကြောက်တဲ့ကောင် မဟုတ်ဘူးဗျ၊ အလုပ်မရှိမှာကိုသာကြောက်တဲ့ကောင်ဗျ"

"အေး…ငါပြောမယ်၊ ဒီဆရာမှာ အကြံတစ်ခုခုရှိတဲ့ပုံပဲကွ၊ ဘာဆိုတာတော့ ငါလည်းမပြောတတ်ဘူး၊ မင်းကိုငါနှစ်ခုပြောမယ်"

"ပြောစမ်းပါ ကိုကြီးတာတေရာ"

"ဒီလိုကွ၊ ပထမတစ်ခုက ဒီဆရာရောက်မှ ငါတို့ရွာတစ်ရွာ





လုံး ဟိုလူနေမကောင်းလိုက်၊ ဒီလူဖျားလိုက်၊ ဟိုလူမိုက်အောင့်လိုက်၊ ဒီလူခေါင်းမူးလိုက်နဲ့ တစ်ရွာလုံးပတ်ပြီးဖြစ်နေတာကို မင်းသတိထားမိသလား"

"ဟုတ်ပါ့ဗျာ၊ ကိုကြီးတာတေထောက်ပြတော့မှ ကျုပ် မြင်တာဗျို့၊ ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ မြောက်ပိုင်းမှာ ခုနှစ်အိမ်ဆက်တိုက်နေမကောင်းဖြစ်တဲ့အချိန်မှာ ဒီဆရာရောက်လာတာဗျ၊ ပြီးတော့ ဆေးမှုးကုလို့ မပျောက်တဲ့အချိန်မှာ သူဝင်ကုလိုက်တာ ဆေးလေးတစ်ခွက် နှစ်ခွက်တိုက်ရုံနဲ့ ပျောက်သွားတာဗျ။ ဒီမှာတင် ဒီဆရာက ချက်ချင်းနာမည်ကြီးသွားပြီး သူ့သတင်းက ကျုပ်တို့တစ်ရွာလုံးပျံ့သွားတာ။ အဲဒီနောက်တော့ ရွာရှေ့ပိုင်းမှာဖြစ်လိုက်၊ ရွာနောက်ပိုင်းမှာဖြစ်လိုက်၊ ရွာတောင်ပိုင်းမှာဖြစ်လိုက်၊ အလယ်ပိုင်းမှာဖြစ်လိုက်နဲ့ နေမကောင်းတဲ့လူတွေဆိုတာ တစ်ရက်မပြတ်ပဲဗျ။ ဒီဆရာလည်း ကုလိုက်ရတာ လက်မလည်အောင်ပါပဲဗျာ၊ ဆေးကုခငွေတွေလည်း တော်တော်ရမှာပဲဗျို့"

"ဟာ ရမှာပေါ့ကွာ၊ ဒီလူက နာမည်တစ်လုံးရဖို့နဲ့ ငွေရှာဖို့ ဒီလောက်လွှယ်နေတာ ရိုးပါ့မလားလို့ ငါတွေးမိတယ်"

"ဟာ ဟုတ်တာပေါ့ ကိုကြီးတာတေရာ"

"ပြီးတော့ မင်းကို ငါပြောချင်တဲ့ နောက်တစ်ခုက ဟိုတစ်နေ့က မင်းလာတော့နွေ့ခင်းဘက်ကြီးအိပ်နေတုန်း ငါ အိပ်မက်မက်တယ်လို့ ပြောပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ကိုကြီးကာတော ကျုပ်ကို ပြောသားပဲ"

"အေး၊ အဲဒီအိပ်မက်က ဘာအိပ်မက်လို့ မင်းထင်တုံး"

"ပေတာလူကိုကြိုးတုပ်ပြီးရိုက်တာဆို၊ ကိုကြီးကာတောပြောတယ်လေ"

"အေး ဟုတ်တယ်၊ ငါ့အိပ်မက်ထဲမှာ ရွာအနောက်ဘက် မန်ကျည်းပင်မှာနေတဲ့ ပေတာလူကြီးကို လူတစ်ယောက်ကသစ်ပင်မှာ ကြိုးနဲ့တုပ်ပြီး ကြိမ်လုံးနဲ့ရိုက်နေတာကွ"

"ပေတာလူက ဒီလူကိုဘာမှ ပြန်မလုပ်ဘူးလားဗျ"

"ဟာကောင်ရ လုပ်လို့မရလို့ ဖြစ်မှာပေါ့ကွ၊ ရိုက်တဲ့လူက တော်တော်ကို အစွမ်းထက်တဲ့ အောက်လမ်းဆရာတစ်ယောက် ဖြစ်ချင်ဖြစ်နေမှာပေါ့ကွ"

"ဒါလည်း ဟုတ်တာပဲဗျ"

"အေး...အိပ်မက်ထဲမှာ ပေတာလူကို ကြိုးတုတ်ပြီးရိုက်နေတဲ့လူဟာ ဘယ်သူလို့မင်းထင်တုံး"

ကျုပ်မေးတော့ ကျောက်ခဲကမျက်လုံးလေး ပြူးပြူးနဲ့ကျုပ်ကို ကြည့်ပြီး ခေါင်းခါပြတယ်ဗျ။

"တခြားမဟုတ်ဘူးကွ ကျောက်ခဲရ၊ စောစောက လှည်းပေါ်မှာ ပါသွားတဲ့ဆရာပဲကွ"

"ဗျာ၊ ဟုတ်လား ကိုကြီးကာတော"

"ဟုတ်တယ် ကျောက်ခဲ၊ ဒီလူမှ ဒီလူအစစ်ပဲ"





"ဒုက္ခပါပဲဗျာ၊ ကျုပ်တို့ရွာတော့ ဒုက္ခဖြစ်တော့မယ်ထင်တယ်"

"ဟကောင် ကျောက်ခဲရဲ့၊ ဒုက္ခဖြစ်တော့မှာမဟုတ်ဘူးကွ၊ ဒုက္ခက အခုဖြစ်နေပြီလေကွာ၊ ရွာထဲကလူတွေ တော်တော်များများ မကျန်းမမာ ဖြစ်နေကြပြီလေ"

"ဒါဆိုရင် ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်တော့ဘူးဗျ ကိုကြီးကာတောရဲ့"

"ဟုတ်တယ် ကျောက်ခဲ၊ တို့ တစ်ခုခုတော့လုပ်မှဖြစ်မယ်၊ ဒါပေမဲ့ ဒီကိစ္စသိပ်လွယ်မှာတော့ မဟုတ်ဘူးကွ၊ ပေတာလူကို ဒီလူ ဘာလုပ်တားသလဲဆိုတာ ငါတို့မသိနိုင်ဘူးကွ၊ ဒီတော့ ဒီည မဖဲဝါကို မေးမှဖြစ်မယ်"

"ဟာ လုပ်လေဗျာ၊ ကျုပ် ကြက်သွားဝယ်ရမလားပြော"

"နေဦး ကျောက်ခဲ၊ တို့လုပ်တာတွေကို ရွာထဲကလူတွေ သိလို့မဖြစ်ဘူးကွ၊ တို့ရွာသားတွေက ဒီဆရာကို လှက်ကြည်ညိုနေကြတာ၊ အခုနေတစ်ခုခုဖြစ်ရင်တောင် ဒီဆရာဘက်ကရပ်တည်ကြမှာ"

"ဒါဆိုရင် ဘယ်လိုလုပ်မှာတုံး"

"ငါဒီည မဖဲဝါကိုမေးမယ်ကွာ၊ ဒါပေမဲ့ ကြက်ဝယ်ဘာဝယ် လုပ်ပြီး သချိုင်းထဲသွားမေးရင် တစ်ယောက်မဟုတ်တစ်ယောက် သိသွားမှာကွ၊ ပြီးတော့ ဒီဆရာမှာအစွမ်းရှိရင်သူလည်း သိသွားနိုင်တယ်၊ ဒီတော့ ငါ့ဟာငါပဲတခြားသူမသိအောင် မဖဲဝါကိုမေးလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်ကျရင် မင်းလာခဲ့ကျောက်ခဲ"

"ကောင်းပြီ ကိုကြီးတာတေ"

ကျောက်ခဲပြန်သွားတော့ ဒီအကြောင်းကို ကျုပ် ဆက်တွေးတယ်ဗျ။ ဒီဆရာကို ကျုပ်ကဘာဖြစ်လို့ အိပ်မက်မက်ရတာတုံး။ ပြီးတော့ ဒီဆရာကပေတလှူကို ဘာကြောင့်ကြိုးတုပ်ပြီး ရိုက်ရတာတုံး။ အဲဒါကရှေတာကယ်လား။ ပေကလှူကိုတကယ် ရိုက်ပုတ်နှိပ်စက်တာဆိုရင်တော့ ဒီလူဟာ အထက်လမ်းဆရာတော့ မဖြစ်နိုင်ဘူး၊ အောက်လမ်းဆရာပဲ ဖြစ်မယ်ထင်တယ်။ အောက်လမ်းဆရာ ဟုတ်ရင်တော့ ကျုပ်တို့ရွာကိုတစ်ခုမဟုတ်တစ်ခု ဒုက္ခပေးတော့မှာသေချာတယ်ဗျ။

ဒီကိစ္စ မဖဲဝါကို မေးမှရတော့မှာဗျ။ ဒါပေမဲ့ ခါတိုင်းလို ထမင်းတောင်းနဲ့ထွက်လို့တော့ ဖြစ်မယ်မထင်ဘူး။ ရွာထဲကလူတော်တော်များများက ဒီဆရာကို လှောင်ကြည်ညိုနေကြတဲ့အချိန်မှာ ကျုပ်က ဒီဆရာကိစ္စမဖဲဝါကိုပင့်ပြီး မေးတယ်ဆိုရင် ရွာနဲ့ကျုပ်နဲ့ပြဿနာဖြစ်လာနိုင်တယ်ဗျ။ ကျုပ်တို့ တောသူတောင်သားဆိုတာကလည်း အခက်သားလားဗျာ။ လူတစ်ယောက်ကို အထင်ကြီးမိပြီဆိုရင် ဘာကိုမှသိပ်စဉ်းစားတော့တာ မဟုတ်ဘူးဗျ။

ညအိပ်ရာဝင်တော့ မဖဲဝါကျုပ်ကိုပေးထားတဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကိုလက်ထဲမှာ ဆုပ်ထားပြီးတော့ မဖဲဝါကို ကျုပ်က အကြောင်းပြုလိုက်တယ်။





"သမိုင်းရှင်မကြီး မဖဲဝါဗျာ၊ ကျုပ်တို့ရွာမှာ ဆရာတစ်ယောက်ရောက်နေတယ်ဗျ၊ ဒီလူကို ကျုပ် သိပ်မသင်္ကာဘူးမဖဲဝါ၊ အဲဒါ ဒီလူအကြောင်းကို ကျုပ်သိချင်လို့ပါ၊ ကျုပ်ကိုမဖဲဝါပြောပြပေးပါ"

ကျုပ်က မဖဲဝါအရုပ်ကလေးကိုကိုင်ပြီး မဖဲဝါကိုစိတ်ညွှတ်ပြီး တမ်းတလိုက်တယ်ဗျ။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီ၊ အီ၊ အီ"

ကျုပ်နားထဲမှာ တော်တော်ဝေးဝေးနေရာတစ်ခုကနေပြီး မဖဲဝါရဲ့ ခွေးနက်ကြီးအူတဲ့အသံကို ကျုပ်ကြားလိုက်ရသလိုပဲဗျ။ ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါအရုပ်ကလေးက ဆတ်ကနဲ တုန်သွားတယ်ဗျ။ အရုပ်ကလေးကို ခေါင်းအုံးအောက်မှာထားပြီး ကျုပ်အိပ်လိုက်တယ်။ ကျုပ်အိပ်ပျော်သွားတော့ အိပ်မက်မက်တယ်။

လေတွေ ကျွဂူးဝူးတိုက်နေတဲ့ နေရာပေါ့ဗျာ။ ကျုပ်ရှေ့မှာ တစ်ပင်လုံးပန်းအဝါတွေပွင့်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီးဗျ။ လေတွေ ဘယ်လောက်တိုက်တိုက် ဆယ့်နှစ်ရာသီပင်ကြီးကတော့ အရွက်ကလေးတစ်ရွက်တောင် မလှုပ်ဘူးဗျ။

ဟော မဖဲဝါပေါ်လာပြီဗျို့။ ဆယ့်နှစ်ရာသီပင်ကြီးရဲ့ နောက်ဘက်က ထွက်လာသလိုလို၊ လေထဲကပေါ်လာသလိုလိုပဲဗျ။ ကျုပ်နဲ့ ရွယ်တူလောက်ရှိမယ့် ကောင်မလေးတစ်ယောက်ပုံပေါ့ဗျာ။ ထဘီက သရက်ထည်လုံချည်လေးနဲ့ဗျ၊ အပေါ်မှာတော့ ခါးတောင်အင်္ကျီ ဖျော့ဖျော့လေး ဝတ်ထားတယ်။ နားရွက်ရဲ့အပေါ်မှာ ဆယ့်နှစ်ရာသီ



www.burmeseclassic.com

www.burmeseclassic.com



အဝါလေးတစ်ပွင့်ပန်ထားတယ်ဗျ။

"တာတေ၊ နင်တို့ရွာကို ရောက်နေတဲ့ဆရာက ကိုးသင်္ချိုင်းအောင်ထားတဲ့ အောက်လမ်းဆရာ၊ ကိုးသင်္ချိုင်းစံညီတဲ့၊ ဒီကောင့်ပညာက နည်းနည်းနောနောမြင့်တာ မဟုတ်ဘူးဟဲ့၊ ဒါပေမဲ့ ဒီကောင်က သူများသားပျိုသမီးပျိုကိုဖျက်ဆီး၊ သူများမယားကို ကျူးလွန်နေတဲ့ အကောင်ဟဲ့၊ ဒီတော့ဒီကောင်က အမြဲတမ်းစည်းပေါက်နေတဲ့ အယောင်ဆောင်ဆရာဟဲ့ တာတေရဲ့၊ အခုလည်းနင်တို့ရွာမှာ သူကြိုက်တဲ့မိန်းမတွေ့ရင် ဆေးဝါးတွေနဲ့လုပ်ပြီး ရအောင်ယူသွားမှာ။ ဒီကောင်က ရောက်လေရာမှာ ဆေးကုတဲ့ဆရာဟန်ဆောင်ပြီး ဆေးကုနေတာ။ တကယ်တော့ ဒီကောင်ကသူရောက်တဲ့ရွာအနီးအနားက သရဲတစ်ကောင်ကို သူ့ပညာနဲ့ဖမ်းချုပ်ပြီး ရွာထဲကလူတွေ နေမကောင်းအောင်လုပ်ခိုင်းတယ်၊ ပြီးရင် သူကရောဂါပျောက်အောင် အသာလေးကုပြလိုက်တယ်၊ သရဲတိုက်ထားတာကို ဆေးကုရတာလွယ်လွယ်လေးပါဟယ်၊ အဲဒီလိုဆေးကုရင်းရသမျှပိုက်ဆံကိုယူတယ်၊ ပြီးတော့ သူကြိုက်တဲ့မိန်းမ တွေ့ရင်ဆေးဝါးနဲ့လုပ်ပြီး ယူတယ်။ အခု ပေတလူကို ဒီကောင်ဖမ်းချုပ်ပြီး ခိုင်းစားနေတာ၊ ပေတလူက နင်တို့ရွာသားတွေကို သိပ်ခင်တာ၊ ဒါပေမဲ့ ကိုးသင်္ချိုင်းစိန်ညိုကိုကြောက်လို့သူ ခိုင်းတာတွေကို လုပ်ပေးနေရတာဟဲ့"

"ဟာ ဒါဆိုရင် ဒီအောက်လမ်းကြီးကို ဘယ်လိုလုပ်ရမှာတုံး မဖဲဝါ"





"နင် မပူနဲ့ တာတေ၊ ဒီကောင် ပေတလူကို အစာကျွေးဖို့မေ့နေတာ ကာစ်ပတ်ရှိသွားပြီ၊ သရဲနဲ့ အလုပ်လုပ်တဲ့လူက သိပ်ဂရုစိုက်ရတာ၊ အဲဒီလို ကတိပျက်သွားရင် သရဲကပြန်သတ်လို့ရတယ်၊ နင်သွားပြီး ပေတလူကိုလွှတ်ပေးလိုက်"

"ဗျာ၊ ပေတလူက ဘယ်မှာတုံး မဖဲဝါ"

"သင်္ချိုင်းမြောက်ဘက်က ကုက္ကိုပင်ကြီးမှာ၊ စံညိုက ခြေမန်းကွင်းနဲ့ရှုပ်ပြီး ကြိုးတုပ်ထားတယ်၊ နင့်ကို ဆရာကြီးတွေ ပေးသွားခဲ့တဲ့ စမအင်းနဲ့ ပစ်လိုက်ရင် ပေတလူကိုချုပ်နှောင်ထားတာတွေအားလုံး ပြတ်ထွက်သွားလိမ့်မယ်၊ နင် ဘာမှလုပ်စရာမလိုဘူး၊ စံညိုကို ပေတလူ သတ်လိမ့်မယ်၊ ဒီကောင်က စည်း အကြိမ်ကြိမ်ပေါက်နေတဲ့အကောင်၊ သူ့အတတ်သူစူးပြီး သရဲသတ်လို့သေမယ့်ကောင်ဟဲ့၊ မနက်ဖြန်ညမှာ ပေတလူကိုခိုင်းဖို့ သင်္ချိုင်းထဲကို လူမသိအောင်လာလိမ့်မယ်၊ ပေတလူရဲ့ မန်ကျည်းပင်အောက် ရောက်တာနဲ့ သစ်ပင်ပေါ်ကပေတလူ ခုန်ချပြီး စံညိုကိုသတ်လိမ့်မယ်"

ကျုပ်အိပ်မက်ကလန့်နိုးသွားတယ်။ ပြန်အိပ်လို့လည်း ကောင်းကောင်းမပျော်တော့ပါဘူးဗျာ။ မိုးလင်းတာနဲ့ ကျုပ်ရဲ့ ဆေးလွယ်အိတ်ထဲမှာ မဖဲဝါပြောတဲ့ စမအင်းကိုရှာတယ်။ တွေ့တာပေါ့ဗျာ။ ဒီအင်းက ကျုပ်ကို ဆရာနှံ့ဖပေးခဲ့တာဗျ။ ခုမှပဲ အသုံးဝင်တော့တယ်ဗျို့။

ညမိုးချုပ်တာနဲ့ ကျုပ်က ထမင်းထုပ်တစ်ထုပ်ကို ဖွက်ယူပြီး ထနောင်းကုန်းသင်္ချိုင်းထဲကို လာခဲ့တာဗျ။ ရွာထဲက လူခြေတိတ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါပြောတဲ့ ကုက္ကိုပင်ကြီးကိုကျုပ်သွားရှာတယ်။ ဟုတ်ပါ့ဗျာ။ ပေတာလူကို ကြိုးနဲ့တုပ်ထားတာဗျို့။ ကျုပ်က မျက်ကွင်းဆေးကွင်း လာတာဆိုတော့ မြင်နေရတာပေါ့ဗျာ။

ပေတာလူက ကျုပ်ကိုတွေ့တော့ အားကိုးတကြီးနဲ့ကြည့်နေတယ်ဗျ။ ကျုပ်က သူ့ကိုလက်ဟန်ခြေဟန်နဲ့ပြပြီး ကျုပ် သူ့ကို လွတ်အောင်လုပ်ပေးမယ့်အကြောင်းပြောတယ်။ ပေတာလူနားလည်တယ်ဗျ။

ကျုပ်က အချိန်မဆိုင်းတော့ဘဲ လက်ထဲမှာအသင့်ကိုင်လာတဲ့ အင်းနှီးပြီးသား စမအင်းနဲ့ပေတာလူကို ပစ်လိုက်တယ်ဗျို့။

"ဝုန်း"

ဟာ 'ဝုန်း' ဆိုတဲ့အသံကြီးနဲ့ အခိုးအငွေ့တွေထွက်လာတာဗျ။ ကျုပ်လည်းပေတာလူကို မမြင်ရတော့ဘူး။ လွတ်ပဲ လွတ်သွားသလား၊ မလွတ်ဘူးလားဆိုတာ ကျုပ်လည်း မပြောတတ်တော့ဘူးဗျ။ ခဏနေတော့ အခိုးတွေတဖြည်းဖြည်း ပျယ်သွားတယ်။

ဟော တွေ့ပြီဗျို့။ တွေ့ပြီ။ ပေတာလူကြီးကို ကျုပ်တွေ့ပြီဗျို့။ ဟာ ပေတာလူကြီးလွတ်သွားပြီဗျို့။ ကျုပ်ကို စိုက်ကြည့်နေတယ်။ ကျုပ်က အုတ်ဂူတစ်လုံးပေါ်မှာ ထမင်းထုပ်ကိုဖြည်ပြီး ထားလိုက်တယ်။

"ပေတာလူ ထမင်းနဲ့ဟင်းကို စားလိုက်ဦး၊ ဆာနေရောပေါ့၊ အောက်လမ်းက အစာမကျွေးဘဲခိုင်းထားတာ တစ်ပတ်ကျော်ပြီမို့ လား၊





အောက်လမ်းကို ကြောက်စရာမလိုတော့ဘူး၊ စားပေတော့၊ ပြီးတော့ ကျုပ်တစ်ခုပြောချင်တယ်၊ အခုဒီကောင်က ကျုပ်တို့ထနောင်းကုန်းရွာသားတွေကို ဒုက္ခပေးတော့မှာဗျ။ ဆေးကုချင်ယောင်ဆောင်ပြီး မိန်းမရှာနေတာ၊ ဒီလူကျုပ်တို့ကို ဒုက္ခပေးတော့မှာပေတာလူရဲ့"

ကျုပ်က ဒါလောက်ပဲပြောပြီး ပြန်လာခဲ့တာဗျို့။ ကျုပ်ဘာလုပ်လိုက်တယ်ဆိုတာ ကျုပ်တို့တစ်ရွာလုံး မသိလိုက်ကြဘူးဗျ။ လူမသိအောင် လုပ်ရတဲ့ကိစ္စဆိုတာ တစ်ယောက်တည်းလုပ်မှ စိတ်ချရတာဗျ။ ဒါကြောင့် ကျုပ် ကျော့က်ခဲကိုတောင် ဘာမှမပြောတော့တာ။ ဒီကောင်ကတော့ လာမေးပါတယ်။ ဒါပေမဲ့ ကျုပ်ကငါစဉ်းစားနေတုန်းကွကျော့က်ခဲရလို့ ပြောလိုက်ရတာဗျ။

အိမ်ပြန်ရောက်တော့ နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ကုန်အောင်သောက်ပြီး ကျုပ် အိပ်ရာဝင်ခဲ့တယ်။ ကျုပ်လည်း ပင်ပန်းနေတော့ တစ်ချိုးတည်းကိုအိပ်သွားတာဗျို့။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

"ဟဲ့ တာတေ၊ နင့်ကို ကျော့က်ခဲလာခေါ်လို့"

ကျော့က်ခဲခေါ်သံရော၊ အမေကျုပ်ကို နှိုးတဲ့အသံရောကြားတော့မှ ကျုပ်နိုးသွားတာဗျ။ အိပ်ရာက ကယောင်ကတမ်းထပြီး··

"ဟေ့ကောင် ကျော့က်ခဲ၊ လာလေ"

လို့ ခေါ်လိုက်ရတယ်ဗျ။ ဒီကောင်အိမ်ပေါ်ကို ဒရောသောကနေ ပြေးတက်လာတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



""ကိုကြီးတာတေ၊ ဟို ဟိုဆရာ သေပြီဗျ""

""ဟေ…ဘယ်ဆရာတုံးကွ""

""ဟာ ကိုကြီးတာတေကလည်းဗျာ၊ ကျုပ်တို့ရွာသားတွေ လွှတ်ကြည့်ညိုနေတဲ့ ဆေးဆရာကိုပြောတာဗျ၊ ပေတလူကြီးနေတဲ့ မန်ကျည်းပင်အောက်မှာ လျှာတစ်လစ်ကြီးထွက်ပြီး သေနေတာဗျို့၊ ပေတလူကြီးများ သတ်လိုက်တာလားမသိဘူးနော် ကိုကြီးတာတေ""

ကျုပ်က အံ့သြဟန်လုပ်ပြပြီး ပြောရတာပေါ့ဗျာ။

""ဟုတ်ရင်လည်း ဟုတ်မှာပေါ့ ကျောက်ခဲရာ""

""ရွာထဲကလူတွေပေါင် ဒီဆရာကို နည်းနည်းသံသယ ဝင်ကုန်ကြပြီဗျ ကိုကြီးတာတေရ""

""ဟေ…ဘာဖြစ်လို့တုံး ကျောက်ခဲရ""

""ညအချိန်မတော် တိတ်ကိတ်ကလေးထပြီး ရွာပြင်ကို ထွက်တာ မရိုးဘူးလို့သူတို့ထင်နေကြတယ်ဗျ၊ ပြီးတော့ ပေတလူက ကျုပ်တို့ရွာကို စောင့်ရှောက်တဲ့သရဲလေဗျာ၊ အခုသေတာကလည်း ပေတလူနေတဲ့ မန်ကျည်းပင်အောက်မှာ လျှာတစ်လစ်ကြီးထွက်ပြီး သေနေတာဆိုတော့ ရွာထဲကလူတွေလည်း စဉ်းစားကြတာပေါ့ဗျာ။ လူတွေသွားကြည့်နေကြတာဗျ၊ ကိုကြီးတာတေရောသွားမကြည့်ဘူးလား""

""ဟာ မကြည့်ချင်ပါဘူးကွာ၊ သေသွားတော့လည်း သင်္ဂြိုဟ် လိုက်ရုံပေါ့ကွာ""

""ကိုကြီးတာတေပြောတာ နောက်တောင်ကျနေပြီဗျ၊ သူကြီး





အမိန့်နဲ့ သင်္ချိုင်းထဲမှာ မြေကျင်းတောင်တူးနေကြပြီဗျ""

ကျုပ်က ဘာမှပြန်မပြောတော့ဘဲ နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ကို မီးညှိပြီး ဖွာနေလိုက်တော့တာပေါ့ဗျာ။


တာတေ

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com